www.burmeseclassic.com



www.burmeseclassic.com

ဆိုးကျော်သူ

# ဝံပုလွေအသည်းနှင့်လူ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ်  ၅၀၀၁၆၅၀၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်  ၅၀၀၃၁၆၀၃၀၈

၂၀၀၈  ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ  ၅၀၀
တန်ဖိုး  ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ( ၃ )
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H) ၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com



# မြေခွေးနက်

## (၁)

ညဥ့်မနက်သေးပါ။

အခန်းထဲ၌ မီးရောင်များ မြင်တွေ့နိုင်သေး၏။

ပြတင်းပေါက်ပေါ်မှ စက္ကူများသည် မီးရောင်ကြောင့် လင်းထိန် ဖြူဖွေးနေလေသည်။ ပြတင်းပေါက်အရှေ့ဘက်တည့်တည့်တွင် သစ်ပင်တစ်ပင် ရှိသည်။ သစ်ပင်အောက်တွင် ပင့်ကူအိမ်တစ်အိမ် ရှိလေသည်။

မီးရောင်အောက်၌ အရောင်မျိုးစုံ တောက်ပနေ၏။

ပင့်ကူအိမ်၏ အလယ်တည့်တည့်တွင် အလွန်ကြီးမားသော ပင့်ကူတစ်ကောင် ရှိနေလေသည်။

✱ ○ ✱

www.burmeseclassic.com

www.burmeseclassic.com



(၂)

သေတစ်ချက် ဇေယမ်းတိုက်ခိုက်လာသည်။

သစ်ရွက်များ တစ်ရွက်စ နှစ်ရွက်စ လွင့်ကျလာလေသည်။

ပင့်ကူအိမ်မှာလည်း လေ၏တိုက်ခိုက်မှုကြောင့် လှုပ်ရှားသွားမိ၏။

သို့သော် ထိုကြီးမားသော ပင့်ကူမှာမူ လုံးဝလှုပ်ရှားခြင်းမရှိချေ။

ထိုစဉ် မီးအိမ်တစ်ခုသည် ပင့်ကူအိမ်အနီးသို့ ကျလာလေသည်။ သစ်ပင်ပေါ်မှ ကြိုးတစ်ချောင်းဖြင့် ချလိုက်ခြင်းဖြစ်သည်။

လင်းထိန်စူးရှသော မီးရောင်သည် ပင့်ကူ၏အရိပ်အား ပြတင်းပေါက်ဘောင်မှ စက္ကူပေါ်သို့ ထင်ဟပ်စေလေသည်။ ပင့်ကူအိမ်မှ ကြီးမားသော ပင့်ကူသည် စူးရှသောမီးရောင်ကြောင့် လှုပ်ရှားလာသည်။

သူ၏လှုပ်ရှားမှုမှာ ကြောက်မက်ဖွယ်ရာကောင်းလှ၏။ သူ၏ ပုံသဏ္ဌာန်မှာလည်း အလွန်အကျည်းတန်လှပေသည်။

✱ ◉ ✱

(၃)

မြွေခွေးနက်၏ရုပ်သွင်သည် အလွန်အကျည်းတန်၏။

အထူးသဖြင့် သူ၏နဖူးတည့်တည့်မှ ယာဘက်ပါးပြင်အထိ



ရှိနေသော ဓားဒဏ်ရာအမာရွတ်သည် မီးရောင်အောက်တွင် အညို ရောင်သန်းပြီး ကွဲအက်လာတော့မည်လားဟုပင် ထင်မှတ်ရလေသည်။

သို့သော် သူသည် ထိုဓားဒဏ်ရာအမာရွတ်အတွက် ဂုဏ်ယူခဲ့လေသည်။

✱ ◉ ✱

လွန်ခဲ့သော ငါးနှစ်ခန့်က သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ဓားသမားကြီး "ဝမ်းမု" နှင့် မြွေခွေးနက်တို့သည် အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ဖူး၏။

ဓားသမားကြီး ဝမ်းမုနှင့် ယှဉ်ပြိုင်သူဆိုလျှင် တစ်ယောက်တစ်လေမျှ လွတ်မြောက်သွားခဲ့ရိုး ထုံးစံ မရှိချေ။

သို့သော် မြွေခွေးနက်မှာမူ မျက်နှာပေါ်တွင် ဓားဒဏ်ရာတစ်ချက် ရရှိသည်မှအပ သေကံမရောက် သက်မပျောက်ဘဲ လွတ်မြောက်လာခဲ့လေသည်။

ထို့ကြောင့် မြွေခွေးနက်သည် သူ၏ဓားဒဏ်ရာကို အမြဲတစေ ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုလေ့ရှိသည်။

ဂုဏ်ယူဝင့်ကြွားလောက်စရာလည်း ဖြစ်သည်။

ဓားသမား ဝမ်းမုနှင့် ယှဉ်ပြိုင်တိုက်ခိုက်ပြီး အသက်ဘေးမှ လွတ်မြောက်လာသူမှာ သူတစ်ယောက်တည်းသာ ရှိခဲ့သောကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေခွေးနက်မှာ သိုင်းသမားတစ်ယောက်ဖြစ်သလို ကျွမ်းကျင်သော ဓားသမားတစ်ယောက်လည်း ဖြစ်လေသည်။

* ○ *

(၅)

အခန်းတွင်း၌ မီးရောင်များထိန်လင်းနေသည်။

မီးရောင်အောက်တွင် ပြုံးရွှင်နေသော မြွေခွေးနက်၏မျက်နှာအား တွေ့မြင်ရမည်ဖြစ်သည်။

လူတစ်ယောက်မှာ ချမ်းသာကြွယ်ဝသောဘဝကို ပိုင်ဆိုင်ရလျှင် အမြဲတမ်းမဟုတ်စေကာမူ များသောအားဖြင့် ပြုံးရွှင်၍နေနိုင်မည်ဖြစ်သည်။

မြွေခွေးနက်မှာ ဆင်းရဲနွမ်းပါးသူတစ်ယောက်ဖြစ်သည်။

သို့သော် သူသည် ခြောက်နှစ်ခန့် သူတစ်ပါး၏ပစ္စည်းဥစ္စာများနိုးယူခဲ့ရာ ယခုအချိန်တွင် ချမ်းသာကြွယ်ဝသူတစ်ယောက် ဖြစ်နေခဲ့ပြီဖြစ်၏။

ချမ်းသာကြွယ်ဝလာသည်နှင့်အမျှ ပစ္စည်းဥစ္စာအပေါ် ခင်မင်တွယ်တာစိတ်သည်လည်း ပို၍များလာလေသည်။

ထို့ကြောင့် နေ့စဉ်နေ့တိုင်း သူပိုင်ဆိုင်ထားသော ကျောက်မျက်ရတနာများကို လူသူကင်းရှင်းချိန်တွင် ထုတ်ယူကြည့်ရှုလေသည်။



အဖိုးတန် ကျောက်မျက်ရတနာများကိုကြည့်ရင်း စိတ်ပျော်ရွှင်ပြီး အသက်ပိုရှည်လာသည်ဟုပင် ထင်မှတ်ထား၏။

ယခုလည်း သူပိုင်ဆိုင်ထားသော ကျောက်မျက်ရတနာများရှိသည့် သံသေတ္တာကလေးမှာ စားပွဲပေါ်ရောက်ရှိနေပြီဖြစ်သည်။ သံသေတ္တာအဖုံး ဖွင့်လိုက်သည်နှင့် ပြိုးပြိုးပြက်ပြက် ဝင်းလက်နေသော ကျောက်မျက်ရတနာများအား တွေ့လိုက်ရသည်။

မြွေခွေးနက်မှာ အရက်နှင့် စားသောက်ဖွယ်ရာများကို မှီမံ၍ စားသောက်ရင်း ငေးကြည့်နေမိလေသည်။

ကျေနပ်သော ပီတိအဟုန်သည် သူ၏တစ်ကိုယ်လုံးအား လွှမ်းမိုးထားလျက်ရှိလေသည်။ အရက်သုံးလေးခွက်မျှ သောက်မိသည်နှင့် မူးယစ်လာသည်။

သူ၏မျက်လုံးမှာလည်း ရီဝေလာလေသည်။ ရီဝေသောမျက်လုံးအစုံကြောင့် ကျောက်မျက်ရတနာများမှာ နှစ်ဆပွားလာသည့်အလား ထင်မှတ်ရ၏။

မြွေခွေးနက်သည် ပြုံးရင်း အမှတ်မထင် ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်မိသည်။ ရုတ်တရက် သူ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားရလေသည်။ အကြောင်းမှာ ပြတင်းပေါက် စက္ကူပေါ်တွင် အလွန်ကြီးမားသော ပင့်ကူတစ်ကောင်၏အရိပ် ထင်ဟပ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

မြွေခွေးနက်မှာ ထိတ်လန့်တုန်လှုပ်သွားပြီး ..

www.burmeseclassic.com

www.burmeseclassic.com



"ပင့်ကူ ..."

နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်မိ၏။

ထိုစဉ်မှာပင် ပြတင်းပေါက်မှ သစ်သားတံခါးမှာ ဝုန်းခနဲ ကျိုးပဲ့ကြေမွသွားလေသည်။

✱ ○ ✱

(၆)

"ဝုန်း ..."

အသံတစ်ချက် ထွက်ပေါ်လာပြီး ပြတင်းပေါက်တံခါးမှာ ကျိုးပဲ့ ကြေမွသွား၏။ တစ်ဆက်တည်းမှာပင် အနက်ရောင်ပင့်ကူ တစ်ကောင်သည် အခန်းတွင်းသို့ ခုန်ဝင်လာ၏။ အမှန်မှာ မြေခွေး နက်သည် အရက်မူးနေသောကြောင့် ပင့်ကူတစ်ကောင်ဟု အထင် မှားမိခြင်းသာ ဖြစ်သည်။

အမှန်တကယ် အခန်းထဲ ဝင်ရောက်လာသူမှာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက် သာ ဖြစ်လေသည်။

မျက်နှာဖုံးစွပ်နှင့်လူမှာ အခန်းတွင်းသို့ ရောက်ရှိလာသည်နှင့် ကျွမ်းသုံးလေးပတ်မျှပစ်ကာ စားပွဲအနီးသို့ရောက်ရှိလာပြီး ကျောက် မျက်ရတနာ သေတ္တာကလေးကို ဆွဲယူလိုက်သည်။

ထို့နောက် ချက်ချင်းဆိုသလို ပြန်လည် ခုန်ထွက်သွား၏။



မြေခွေးနက်မှာ မူးယစ်နေသော်လည်း သတ္တိကောင်းသူတစ်ယောက် ဖြစ်သည်။ ချက်ချင်းပင် သတိဝင်လာကာ ...

"ဟိတ် ... မပြေးနဲ့"

ဟန်းတားရင်း ခါးမှ သံချိတ်တစ်စုံကို ဆွဲထုတ်ကာ မျက်နှာဖုံး စွပ်နှင့်လူ၏ နောက်ကျောသို့ တိုက်ခိုက်လိုက်လေသည်။

မြေခွေးနက်မှာ သိုင်းပညာအရာ၌ အဆင့်မနိမ့်သူ ဖြစ်ရာ မျက်နှာဖုံးစွပ်နှင့်လူမှာ ထွက်ပြေးရန် မဖြစ်နိုင်တော့ပါချေ။

ထို့ကြောင့် မျက်နှာဖုံးစွပ်နှင့်လူသည် ခန္ဓာကိုယ်သုံးလေးပတ် လှည့်လိုက်ပြီး ဘေးသို့ ရှောင်တိမ်းလိုက်ရ၏။ ထို့ကြောင့် ပြတင်း ပေါက်မှတစ်ဆင့် ခုန်ထွက်သွားနိုင်ခြင်းမရှိဘဲ အခန်းတွင်းသို့သာ ပြန်လည်ရောက်ရှိလာရလေသည်။

မြေခွေးနက်က ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီး ...

"ပင့်ကူဆိုတာ သူနိုးလက်က သူဝှက်လု ... ခေါင်းတုံးပေါ် ဆံကွက်တဲ့ လူစားမျိုးကိုး"

မျက်နှာဖုံးစွပ်နှင့်လူမှာ မည်သူမည်ဝါဟု ခန့်မှန်း၍မရပါချေ။ တစ်ကိုယ်လုံးကိုယ်ပေါက်ကို ကြည့်ရခြင်းဖြင့် လူရွယ်တစ်ယောက်ဟုသာ ခန့်မှန်း၍ရသည်။

သူ၏မျက်နှာကို မမြင်ရဘဲ မျက်လုံးနှစ်လုံးကိုသာ တွေ့မြင်ရ သည်။ သူ၏မျက်လုံးမှာ စူးရှတောက်ပြောင်နေပြီး ရယ်မောနေဟန် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စကားတစ်လုံးမျှ မပြောဘဲ မြေခွေးနက်ကိုသာ စိုက်ကြည့်နေ၏။

မြေခွေးနက်က အံကိုတင်းတင်းကြိတ်လိုက်ပြီး . . .

"ကျွပ်ပစ္စည်း လိုချင်တယ်ဆိုရင် ရပါတယ်၊ ဒါပေမယ့် မင်းရဲ့ အသက်ကို ထားခဲ့ရမယ်"

ပြောပြီးသည်နှင့် လက်တွင်းမှ သံချိတ်တစ်စုံဖြင့် မျက်နှာဖုံး စွပ်နှင့်လူအား တိုက်ခိုက်လိုက်လေသည်။

မျက်နှာဖုံးစွပ်နှင့်လူက လျှင်မြန်စွာ ရှောင်တိမ်းသွား၏။ တိုက်ကွက်အမျိုးမျိုး ဆင်၍ တိုက်ခိုက်လိုက်သော်လည်း မျက်နှာဖုံးစွပ်နှင့်လူ၏ အင်္ကျီစကိုပင် မထိနိုင်ခဲ့ချေ။ ထို့ကြောင့် မြေခွေးနက်မှာ ဒေါသအမျက် ချောင်းချောင်းထွက်လာလေသည်။

ခံပြင်းသည့်စိတ်ဖြင့် ပိုမိုပြင်းထန်သော တိုက်ကွက်များဆင်ကာ တိုက်ခိုက်လိုက်သည်။ သို့ဖြစ်ရာ မျက်နှာဖုံးစွပ်နှင့်လူမှာ ရှောင်တိမ်းနေရုံမျှဖြင့် မပြစ်နိုင်တော့ချေ။

မျက်နှာဖုံးစွပ်နှင့်လူ၏အသံမှာ ပထမဆုံးအကြိမ် ထွက်ပေါ်လာ၏။

"ခင်ဗျားပစ္စည်း ခင်ဗျား ပြန်ယူ"

စကားသံနှင့် မရှေးမနှောင်းမှာပင် ကျောက်မျက်ရတနာ သေတ္တာကလေးသည် မြေခွေးနက်ထံသို့ ပစ်လွှင့်ဝင်ရောက်လာ၏။

မြေခွေးနက်မှာ ရင်ထိတ်သွားသည်။ ဆက်၍ တိုက်ခိုက်လျှင် သံချိတ်တစ်စုံကြောင့် ကျောက်မျက်ရတနာသေတ္တာကလေးမှာ မုချ ကြေမွပျက်စီးသွားမည်ဖြစ်၏။

ထို့ကြောင့် သံချိတ်တစ်စုံအား လက်လွှတ်လိုက်ပြီး သေတ္တာကလေးအား ဖမ်းယူလိုက်သည်။

ထိုစဉ်မှာပင် မျက်နှာဖုံးစွပ်နှင့်လူသည် ရှေ့သို့ ခုန်ထွက်လာပြီး မြေခွေးနက်အား တိုက်ခိုက်လိုက်လေသည်။ မြေခွေးနက်မှာ သေတ္တာကလေးအား ပွေ့ထားရသောကြောင့် ပြန်လည်တိုက်ခိုက်နိုင်စွမ်း မရှိချေ။

ချက်ချင်းပင် နောက်ဆုတ် ရှောင်တိမ်းလိုက်ရ၏။ သို့သော် မျက်နှာဖုံးစွပ်နှင့်လူက အလွတ်မပေးဘဲ ဆင့်ကာဆင့်ကာ တိုက်ခိုက်လာသောကြောင့် မြေခွေးနက်မှာ အခက်ကြုံသွားရလေသည်။

ကျောက်မျက်ရတနာသေတ္တာကလေးအား စားပွဲပေါ်သို့ တင်ထားလိုက်ပြီး ပြန်လည်တိုက်ခိုက်လိုက်သည့်အခါမှသာ သက်သာရာ ရရှိသွား၏။

ထိုအချိန်မှာပင် မျက်နှာဖုံးစွပ်နှင့်လူသည် လေထဲသို့ ခုန်တက်လိုက်ပြီး မြေခွေးနက်၏နောက်ကျောဘက်သို့ ရောက်ရှိသွားသည်။

တစ်ဆက်တည်းမှာပင် လက်ဝါးသုံးချက် ရိုက်ထုတ်လိုက်၏။ ယခုတစ်ကြိမ်တွင်မူ မြေခွေးနက်မှာ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ချေ။

ခန္ဓာကိုယ် ချာခနဲလှည့်လိုက်သည်နှင့် ရင်ဝတွင် လက်ဝါး တစ်ချက် အရိုက်ခံလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ..."

မြေခွေးနက်မှာ နောက်သို့ ပြန်လည်လွင့်စင်သွားပြီး အခန်းနံရံနှင့် ဝင်တိုက်မိကာ ကြမ်းပြင်ပေါ်သို့ လဲကျသွား၏။ ချက်ချင်းပင် နှာခေါင်းနှင့် ပါးစပ်ထဲမှ သွေးများ ယိုစီးကျလာ၏။

မျက်နှာဖုံးစွပ်နှင့် လူက အေးစက်စက် တစ်ချက် ရယ်မောလိုက်ပြီး ...

"ခင်ဗျား လူသတ်ခဲ့တာများပြီ၊ ဒါပေမယ့် ကျုပ် ခွင့်လွှတ်လိုက်မယ်၊ ရတနာတွေအတွက်လဲ စိတ်မပူပါနဲ့၊ ခင်ဗျားအတွက် အသုံးမဝင်တော့ဘူးဆိုတာ မကြာခင် သိလာမှာပါ"

ပြောပြီးသည်နှင့် စားပွဲပေါ်မှ ရတနာသေတ္တာအား ယူကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ခုန်ထွက်သွားလေသည်။

မြေခွေးနက်မှာ လဲကျနေရာမှ အားယူ၍ လူးလိမ့်ထလိုက်သည်။

တစ်ဖန် ကြမ်းပြင်ပေါ်တွင်ကျနေသော သံချိတ်တစ်စုံအား ကောက်ယူရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် အဖြူရောင် အနီရောင်တန်းများ ထွက်ပေါ်လာပြီး သံမဏိအပြားကလေးနှစ်ချပ်မှာ ပစ်လွှင့်လာကာ မြေခွေးနက်၏ ဝဲယာ လက်တစ်ဖက်တစ်ချက်စီသို့ စိုက်ဝင်သွား၏။

"အား ..."

မြေခွေးနက်မှာ စူးရှစွာ အော်ဟစ်လိုက်ပြီး ကြမ်းပြင်ပေါ်သို့



လဲကျသွားပြန်၏။ နောက်ထပ် တစ်စုံတစ်ရာ လှုပ်ရှားခြင်းမပြုနိုင်တော့ပါချေ။

ပြင်းပြနာကျင်သော ဝေဒနာကိုသာ ကြိတ်မှိတ်ခံစားနေရ၏။

ထိုစဉ်အခိုက် အခန်းအပြင်ဘက်မှ ဆူညံသော တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အသံများမှာ တစ်စထက်တစ်စ ကျယ်လောင်လာပြီး ...

"ဝုန်း ..."

အခန်းတံခါးမှာ ကျိုးပဲ့ကြေမွသွားကာ လူလေးယောက် ဖြိုင်တူခုန်ဝင်လာကြလေသည်။ သူတို့အား မြင်တွေ့လိုက်ရသည်နှင့် မြေခွေးနက်မှာ မျက်လုံးပြူးကျယ်သွားရလေသည်။

ထိုလူလေးယောက်မှာ သူ၏ကိုယ်ရံတော်များ ဖြစ်နေကြသောကြောင့်တည်း။ ကိုယ်ရံတော်လေးယောက်သည် သူ့အား ကယ်တင်ရန် ရောက်ရှိလာခြင်းလော။ သို့တည်းမဟုတ် မျက်နှာဖုံးစွပ်နှင့်လူကို ပြေးပေါက်မရှိ ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်နေပြီလော။

မဖြစ်နိုင်ပါချေ။ သူ၏လူလေးယောက်မှာ အခန်းအပြင်ဘက်၌ စောင့်ချထားခြင်း ဖြစ်သည်။ သူတို့အား တစ်စုံတစ်ယောက်က ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသဖြင့် ဆရာဖြစ်သူရှိရာ အခန်းတွင်းသို့ အားကိုးတကြီး ပြေးဝင်လာကြခြင်းဖြစ်ဟန်ရှိသည်။ သူတို့အား မြင်ရပြီး တစ်ခဏအတွင်းမှာပင် မြေခွေးနက် သတိလစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုန်း ..."

အသံတစ်ချက် ကျယ်လောင်စွာထွက်ပေါ်လာပြီး ပြေးဝင်လာသူ လေးယောက်မှာ တုံးလုံးပက်လက် အခန်းတွင်းသို့ ဖရိုဖရဲ လဲကျသွား၏။

တစ်ဆက်တည်းမှာပင် ...

"မြခွေးနက် ... မင်း ဘယ်ပြေးဦးမလဲ"

စကားသံနှင့် အတူ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် အခန်းတွင်းသို့ ခုန်ဝင်လာ၏။

ထိုလူရွယ်မှာ အခန်းတွင်းသို့ရောက်ရှိလာသည်နှင့် မြခွေးနက်အား တိုက်ခိုက်ရန် မလိုအပ်တော့ကြောင်း သဘောပေါက်လိုက်လေသည်။

မြခွေးနက်မှာ သွေးအလူးလူးဖြင့် ကြမ်းပြင်ပေါ်တွင် လဲကျနေပြီ မဟုတ်ပါလား။

လူရွယ်မှာ မြခွေးနက်အနီးသို့ ခုန်လွှားသွားပြီး ...

"မင်းလိုလူမျိုး တစ်ယောက်ကို အခုလိုတွေ့ရတာ အံ့ဩစရာပဲ"

ပြောရင်း မြခွေးနက်အား ဆွဲယူလိုက်လေသည်။

တစ်ဖန် ပါးနှစ်ဖက်အား ဘယ်ပြန်ညာပြန် ရိုက်ချလိုက်လေသည်။ တဖြန်းဖြန်း မြည်သံများ ထွက်ပေါ်လာပြီး မြခွေးနက်မှာ သတိရလာ၏။



သူ့အား ဆွဲမ,ထားသော အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူရွယ်အား တွေ့ရသည်နှင့် မြခွေးနက်မှာ မျက်လုံးပြူးကျယ်သွားရပြန်သည်။

"ဟုန်ဝေယင်း ..."

လူရွယ်က မထေ့တထေ့ ပြုံး၍ ...

"မင်း ငါ့ကို မှတ်မိသားပဲ"

"ခင် ... ခင်ဗျား ..."

အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်၏အမည်မှာ "ဟုန်ဝေယင်း" ဖြစ်သည်။ ဟုန်ဝေယင်းဆိုသော အမည်ကို ကြားလိုက်ရသည်နှင့် မြခွေးနက်၏တပည့်လေးယောက်မှာ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

သူတို့သည် ဟုန်ဝေယင်းဟူသော အမည်ကို ကောင်းစွာသိရှိထားကြသည်။ ဟုန်ဝေယင်းသည် သိုင်းလောကတွင် ဆိုးသွမ်းမင်းမူသော အနက်ရောင်သိုင်းသမားများအား သုတ်သင်ရှင်းလင်းရာ၌ ကျော်ကြားလှသူတစ်ယောက်ဖြစ်သည်။

ဟုန်ဝေယင်း၏လက်ချက်ဖြင့် သေဆုံးသွားကြသော၊ တရားခံအဖြစ် ဝကွက်အပ်စံခဲ့ကြရသော အနက်ရောင်သိုင်းသမားများ လူဆိုးဓားပြများမှာ ရေတွက်၍ပင် မကုန်နိုင်အောင် များပြားသည်။ ယခု ဟုန်ဝေယင်း ရောက်ရှိသည်ကို တွေ့ရသည်နှင့် မြခွေးနက်၏တပည့်များသည် မြခွေးနက်ကိုပင် ဂရုမစိုက်ကြတော့

www.burmeseclassic.com



ဘဲ ဖနောင့်နင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွား
လေတော့သည်။

အလွန်အားကိုးရသော တပည့်လေးယောက်ပင် ဖြစ်လေသည်

ရှန်းစီးနယ်တွင် အဲတုဝံ့သူ မရှိလောက်အောင်ပင် ဆိုး
မင်းမူလျက်ရှိသော မြေခွေးနက်မှာ သွေးအလိမ်းလိမ်းဖြင့် ဟုန်
ယင်း၏ခြေဖဝါးအောက်တွင် အားကိုးရာမဲ့ တစ်ယောက်တည်း
ရစ်ခဲ့ပြီ ဖြစ်ပါသည်။

✱ ◎ ✱

(၇)

မရဏာအပြုံး...

သို့တည်းမဟုတ် ဟုန်ဝေယင်း...

ဟုန်ဝေယင်းမှာ အသက်နှစ်ဆယ့်ငါး, နှစ်ဆယ့်ခြောက်
ခန့်ရှိ လူရွယ်တစ်ယောက် ဖြစ်သည်။

သူ့အား မည်သည့်နေရာတွင် မွေးဖွားခဲ့သည်။ မည်သ
နေရာတွင် ကြီးပြင်းခဲ့ပြီး၊ မည်သူ့ထံမှ သိုင်းပညာ သင်ကြားခဲ့သ
ကိုပင် ယနေ့တိုင် မည်သူမျှ သိရှိခြင်း မရှိပေ။

ထို့ကြောင့် သိုင်းလောကသားများက ဟုန်ဝေယင်းအား
ဆန်းသော လူတစ်ယောက်အဖြစ် သတ်မှတ်ထားကြသည်။

ဟုန်ဝေယင်းသည် ဓား၊ လှံ လက်နက်မျိုးစုံကို အသုံးပြု



သည့်အပြင် လက်နက်ပုန်းပညာ ထူးချွန်ပြီး အတွင်းအားကောင်းသူ
ဖြစ်သည်။

ထို့ပြင် မြင်းစီးကျွမ်းကျင်ပြီး မြင်းကုန်းနှီးမပါဘဲ စီးနိုင်သူ
ဖြစ်သည်။

ထို့ကြောင့် မွန်ဂိုနယ်စပ်မှလာသူတစ်ယောက် ဖြစ်နိုင်သည်ဟု
ထင်ကြေးပေးကြလေသည်။

သို့သော် ဟုန်ဝေယင်းမှာ အပြစ်မဲ့သူတို့အား ဒုက္ခမပေးသည့်
အပြင် ကူညီစရာရှိလျှင် ကူညီတတ်သူ ဖြစ်သည်။

သူ ဒုက္ခပေးတတ်သူများမှာ လူဆိုးဓားပြများသာ ဖြစ်သည်။
ထို့ကြောင့် သိုင်းလောကသားများက သူ၏အကြောင်းကို လိုက်လံ
စုံစမ်းခြင်းမပြုဘဲ လျစ်လျူရှုထားခဲ့ကြလေသည်။

ထို့ကြောင့်သည်း ဟုန်ဝေယင်း၏အကြောင်းကို ယနေ့တိုင်
မည်သူမျှ ခရေစေ့တွင်းကျ မသိရခြင်း ဖြစ်လေသည်။

သို့သော် ဟုန်ဝေယင်းမှာမူ သိုင်းလောကတွင် ကျော်ကြား
လျက်ရှိသော သိုင်းလောကသားများ၏အကြောင်းကို စုံစမ်းထား၏။

၎င်းတို့အသုံးပြုသော သိုင်းပညာနှင့် လက်နက်ပုန်းတို့ကိုလည်း
လေ့လာထားလေသည်။

ဟုန်ဝေယင်းမှာ လူဆိုးဓားပြများကို နှိမ်နင်းဖမ်းဆီး၍ ဘုရင့်
အာဏာပိုင်များထံတွင် အပ်နှံခြင်းဖြင့် ငွေကြေးရယူတတ်သည်။

ဤအလုပ်မှာ အန္တရာယ်များသော အလုပ်တစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းမှာ အန္တရာယ်နှင့် အသက်မွေးဝမ်းကျောင်းပြုရ သည်ကို နှစ်သက်ခုံမင်သူတစ်ယောက် ဖြစ်နေသလော။

ဤမေးခွန်းကို ဟုန်ဝေယင်းအား မေးမည်ဆိုလျှင် သူက သဘောကျစွာ ပြုံးနေပေလိမ့်မည်။

ဤမေးခွန်းအတွက် တစ်ခုတည်းသော အဖြေကိုလည်း ဖြန် လည်း ဖြေကြားလိမ့်မည် ဖြစ်သည်။

ယင်းအဖြေကား...

လူဆိုးဓားပြများကို ယှဉ်ပြိုင်တိုက်ခိုက်ပြီး ဖမ်းဆီးကာ အာဏာ ပိုင်များထံတွင် ဆုငွေထုတ်ယူနိုင်သည်။ တစ်ဖန် လူဆိုးဓားပြများ လုယက်စုဆောင်းထားသော အဖိုးတန် ကျောက်မျက်ရတနာများကို ခေါင်းပုံဖြတ် ရရှိနိုင်သည် မဟုတ်ပါလား။

ဟုန်ဝေယင်းသည် နာမည်ကြီးလွန်းသော၊ ဆုငွေများလွန် သော လူဆိုးဓားပြများကို ပို၍ စိတ်ဝင်စားလေသည်။

မြွေခွေးနက်မှာ နာမည်ကြီးသော်လည်း ဆုငွေနည်းသော သူ တစ်ယောက် ဖြစ်သည်။

သို့သော် မြွေခွေးနက်ထံတွင် ခိုးယူ၍ရသမျှ အဖိုးတန် ကျောက်မျက်ရတနာများကို အများအပြား စုဆောင်းထားနိုင်ခဲ့သည် ဟု သတင်းကြားရ၏။

ထို့ကြောင့် ဟုန်ဝေယင်းသည် မြွေခွေးနက်ထံသို့ ရောက် လာခြင်း ဖြစ်သည်။



အကယ်၍သာ မြွေခွေးနက်၏ အဖိုးတန် ကျောက်မျက်ရတနာ များအား ပင့်ကူဆိုသူက ကြားဖြတ်လုယူသွားသည်ကို သိရပါမူ...

✱ ⭘ ✱

(၈)

မြွေခွေးနက်မှာ သတိရလာပြီ ဖြစ်သည်။

ဟုန်ဝေယင်းသည် သူ၏ရှေ့၌ ရပ်လျက်ရှိနေသည်။ ဟုန်ဝေ ယင်းမှာ မြွေခွေးနက်အား ဆွဲယူလိုက်သောအခါ မြွေခွေးနက်၏ အက်နှစ်ဖက်တွင် စိုက်ဝင်နေသော သံမဏိအပြားကလေး နှစ်ချပ် ကို တွေ့မြင်လိုက်ရ၏။

ယင်းသို့ တွေ့မြင်လိုက်ရသည်နှင့် ဟုန်ဝေယင်း၏မျက်နှာ တစ်ခုလုံးမှာ မည်းမှောင်သွားပြီး...

"တောက်... ဒီကောင် ဝင်ရှုပ်ပြန်ပြီထင်တယ်"

မကျေမနပ်ဖြင့် ပြောရင်း သံမဏိအပြားကလေးနှစ်ချပ်အား ဆွဲထုတ်လိုက်သည်။

အသည်းခိုက်အောင် နာကျင်သွားသဖြင့် မြွေခွေးနက်မှာ မချိ သနိုင် အော်ဟစ်လိုက်၏။

ဟုန်ဝေယင်းမှာ လုံးဝဂရုမစိုက်ဘဲ သံမဏိပြားကလေးများကို စိုက်ကြည့်ရင်း...

"ဒီကောင် ဖြစ်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အဖြူရောင်သံမဏိပြားကလေးအပေါ်မှ စာနှစ်ကြောင်း ရေးသားထားသည်ကို တွေ့ရ၏။

ဟုန်ဝေယင်းက ဆန္ဒစောစွာဖြင့် ဖတ်ရှုလိုက်သောအခါ...

"ပစ္စည်းတွေ ကျုပ်ယူသွားပြီ"

"လူကို မင်းအတွက် ချန်ထားတယ်"

ဟုန်ဝေယင်းမှာ ဒေါသကြီးစွာဖြင့် ထခုန်လိုက်သည်။

သူသည် သံမဏိပြားကလေးနှစ်ချပ်အား ကြမ်းပြင်ပေါ်သို့ စိတ်ဆိုးမာန်ဆိုးဖြင့် ပစ်ပေါက်လိုက်ပြီး...

"ဝမ်းကြီး... မင်း တစ်နေ့ ငါနဲ့တွေ့မယ်၊ သတိထားနေဦး"

အမှန်မှာ သူက အနီရောင်သံမဏိပြားကလေးကို သတိမထားမိခြင်းဖြစ်သည်။ အနီရောင်သံမဏိပြားကလေးပေါ်တွင် ခရမ်းရောင်ပင့်ကူတစ်ကောင်၏ပုံ ရေးဆွဲထားသည် မဟုတ်ပါလော။

ဟုန်ဝေယင်းသည် ဒေါသကြီးစွာဖြင့် စားပွဲကုလားထိုင်များကို ကန်ကျောက်လိုက်ပြီး မြေခွေးနက်ဘက်သို့ လှည့်လိုက်သည်။

ထိုအချိန်တွင် မြေခွေးနက်မှာ ကြမ်းပြင်ပေါ်တွင် မတ်တတ်ရပ်နေပြီဖြစ်သည်။ လက်နှစ်ဖက်တွင်လည်း သံချိတ်တစ်စုံအား အသင့်ကိုင်ထား၏။

နီရဲသော မျက်လုံးတစ်စုံဖြင့် ဟုန်ဝေယင်းအား စိုက်ကြည့်နေသည်မှာ မကောင်းဆိုးဝါးတစ်ကောင်နှင့်ပင် တူနေသေးတော့၏။

ဟုန်ဝေယင်းသည် မျက်မှောင်ကုပ်သွားကာ...



"ဘာလဲ... မင်း ငါ့ကို လက်တုံ့ပြန်ချင်လို့လား"

ပြောရင်း ကြမ်းပြင်ပေါ်တွင် ခြေတစ်ချက်ဆောင့်လိုက်ပြီး အပေါ်သို့ ခုန်တက်ကာ မြေခွေးနက်အား ခြေဖြင့် ကန်ကျောက်လိုက်၏။

သူ၏လှုပ်ရှားမှုမှာ ငှက်တစ်ကောင်အလား ပေါ့ပါးသွက်လက်နေပြီး ဆင့်ကာဆင့်ကာ ကန်ကျောက်လိုက်ခြင်း ဖြစ်သည်။ မြေခွေးနက်မှာ ဒဏ်ရာပြင်းထန်စွာရရှိထား၏။ သို့သော် အသက်ပြင်းလှသည့်အတွက် အံ့သြစရာပင်ကောင်းနေတော့၏။

သူသည် ဟုန်ဝေယင်းက ကန်ကျောက်လိုက်သည်နှင့် လက်ထဲမှ သံချိတ်တစ်စုံဖြင့် ယုန်ဝေယင်း၏ခြေထောက်ကို ချိတ်ဆွဲလိုက်သည်။

အကယ်၍ လွတ်အောင်သာ မရှောင်တိမ်းနိုင်ခဲ့လျှင် ဟုန်ဝေယင်း၏ခြေနှစ်ဖက်စလုံး အရိုးများ ကျိုးကြေသွားမည်ဖြစ်သည်။

မြေခွေးနက်သည် မိမိ၏တိုက်ခိုက်မှုကြောင့် ဟုန်ဝေယင်း၏ ခြေထောက်များ ကျိုးသွားရမည်ဟု တစ်ထစ်ချ ယုံကြည်ထားလေသည်။

မည်သို့ဆိုစေ လက်တွေ့တွင်မူ သူ၏ယူဆချက်မှာ တက်တက်စင်အောင်ပင် လွဲမှားခဲ့သည်။ ဟုန်ဝေယင်းသည် လေထဲတွင် ကျွမ်းထိုးလေးပတ်မျှ ပစ်လိုက်ပြီး မြေခွေးနက်၏သံချိတ်အား ရှောင်တိမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် မြေခွေးနက်၏နောက်ကျောဘက်သို့ ရောက်ရှိသွားပြီး ခြေဖြင့် ကန်ချလိုက်လေသည်။

"ဝုန်း..."

မြေခွေးနက်မှာ ခန္ဓာကိုယ်ယိမ်းယိုင်သွားပြီး ရှေ့သို့ ဟပ်ထိုးလဲကျသွား၏။ ချက်ချင်း ပြန်လည်၍ လူးလိမ့်ထမည်ဟန်ပြင်လိုက်စဉ် ဟုန်ဝေယင်းမှာ သူ၏အနီးသို့ရောက်ရှိလာပြီး ကျောပြင်အား ခြေဖြင့်နင်းချလိုက်သည်။

"ဖျောက်"

မြေခွေးနက်၏ခန္ဓာကိုယ်သည် ကြမ်းပြင်နှင့် တစ်သားတည်း ဖြစ်သွားသည်။ မြေခွေးနက် လှုပ်ရှားနိုင်ခြင်း မရှိတော့ချေ။

"မင်း စုဆောင်းထားတဲ့ ရတနာတွေ ဘယ်မှာလဲ"

မြေခွေးနက်မှာ ရုတ်တရက် စကားမပြောနိုင်ဘဲ တခွီးခွီး အသံသာ ထွက်ပေါ်နေ၏။ အတန်ကြာမှ...

"မ... မရှိတော့ဘူး"

"ဘယ်ရောက်သွားလဲ"

"သူများယူသွားပြီ"

"ဝမ်းကြီး မဟုတ်လား"

"ကျုပ် မသိဘူး"

ဟုန်ဝေယင်းသည် ဝမ်းကြီးဆိုသူအား မကျေမနပ် ဖြစ်လာသည်နှင့် မြေခွေးနက်ကို အငြိုးဖွဲ့ကာ ကန်ကျောက်လိုက်လေသည်။



မြေခွေးနက်မှာ ကြမ်းပြင်ပေါ်တွင် လူးလိမ့်ရင်း အော်ဟစ် ောင်းပန်နေ၏။ ဟုန်ဝေယင်းမှာ စိတ်တိုင်းကျ ကန်ကျောက် မှ...

"မင်း သူများတွေကို နှိပ်စက်ခဲ့ပေါင်းများပြီ၊ မင်းကြောင့် ဖြစ်မဲ့တဲ့လူတွေ သေတာလည်း မနည်းတော့ဘူး၊ မင်းကို သူများ ်စက်မှ ငယ်သံပါအောင် အော်မနေနဲ့"

မြေခွေးနက်မှာ နာကျင်လွန်းသောကြောင့် အော်ဟစ်ညည်းညူ သော်လည်း ကြိတ်မှိတ်ကာ မျိုသိပ်ထားရလေသည်။

ဟုန်ဝေယင်းသည် အခန်းတွင်းသို့ လှည့်ပတ်ကြည့်ရှုလိုက် ည်။ ထို့နောက် အဖိုးတန်ကျောက်မျက်ရတနာများ ဝှက်ထားနိုင် ည့် နေရာဟူသမျှကို လိုက်လံရှာဖွေလိုက်လေသည်။

အတန်ကြာ ရှာဖွေပြီးမှ မတွေ့ရသည့်အတွက် စိတ်ပျက်သွား ...

"မင်း တော်တော်အသုံးမကျတဲ့ သူခိုးပဲ၊ နှုအတိုင်းဆို ငါ ွက် ငွေငါးရာလောက်ပဲ ရတော့မယ်"

မှန်ပါသည်။ မြေခွေးနက်အား အာဏာပိုင်များက ထုတ်ထား ည့် ဆုငွေမှာ ငွေငါးရာသာ ဖြစ်လေသည်။

* ○ *

www.burmeseclassic.com

www.burmeseclassic.com



## (၉)

"စန်းရန် ဘုရင့်အာဏာသား ဌာနခွဲ"

အနီရောင်အောက်ခံတွင် ရွှေရောင်စာလုံးများဖြင့် ရေးထိုးထားသော စန်းရန်ဌာနခွဲ၏ဆိုင်းဘုတ်ကို အဝေးမှပင် တွေ့မြင်နိုင်လေသည်။

ဆိုင်းဘုတ်အောက် တံခါးဝတွင် အနီရောင် ကိုယ်ကျပ်အကျီဝတ်ဆင်ထား၍ လှံတံရှည်များ ကိုင်ဆောင်ထားသည့် အစောင့်နှစ်ယောက် စောင့်ကြပ်နေ၏။

စန်းရန်ဌာနခွဲသို့ ရောက်ရှိလာသူများအား စစ်ဆေးမေးမြန်းပြီးမှသာ ဝင်ခွင့်ပြုလေ့ရှိသည်။

ဤသည်မှာ စန်းရန်ဌာနခွဲမှူး "ရှောင်ဝမ်" ထုတ်ပြန်ထားသည့် အမိန့်ပင် ဖြစ်လေသည်။

ရှောင်ဝမ်မှာ တိကျပြတ်သားပြီး စည်းကမ်းကြီးသူတစ်ယောက်ဖြစ်သည်။

မတရားမှုများ လူဆိုးဓားပြများကို စုံစမ်းထုတ်ဖော်ရာတွင် လက်သံပြောင်လှသူတစ်ယောက် ဖြစ်သဖြင့် လူအများ၏ လေးစားကြည်ညိုခြင်းခံရလေသည်။

သို့သော် ရှောင်ဝမ် နာမည်ကျော်ကြားရခြင်း၏နောက်ကွယ်တွင် လူတစ်ယောက်၏ကြိုးပမ်းမှု ပါဝင်နေသည်ကို စန်းရန်ဌာနခွဲမှ လူအများမှအပ မည်သူမျှ မသိကြပါချေ။



ယနေ့နံနက် စန်းရန်ဌာနခွဲသို့ လူတစ်ယောက် လှမ်းဝင်လာသည်။

ထိုလူမှာ ခြေစွေးနက်အား ဖမ်းဆီးလာသည့် ဟုန်ဝေယင်းပင်ဖြစ်ပါသည်။ ဟုန်ဝေယင်းသည် ခြေစွေးနက်အား ကျောပိုး၍ စန်းရန်ဌာနခွဲ အဆောက်အအုံတွင်းသို့ လှမ်းဝင်လာလေသည်။ အစောင့်များက သူ့အား ဟန့်တားခြင်းမပြုကြချေ။

ဟုန်ဝေယင်းကလည်း မည်သူ့ကိုမျှ အလေးမမူဘဲ လှမ်းဝင်လာပြီး ဌာနခွဲမှူး ရှောင်ဝမ် ရှိရာသို့ တန်းဝင်လာခဲ့၏။

ရှောင်ဝမ်မှာ ဟုန်ဝေယင်းအား တွေ့လိုက်ရသည်နှင့် ဝမ်းသာသွားလေသည်။ ဟုန်ဝေယင်း သူ့ထံသို့ တစ်ခေါက်ရောက်လာလျှင် အဝတ်မှုတစ်ခု လျော့နည်းသွားပြီး သူ၏သိက္ခာမှာ တစ်ဆင့်မြင့်မား လာသည် မဟုတ်ပါလော။

ထို့ကြောင့် ပျာပျာသလဲပင် ကြိုဆိုလေသည်။

"လူကြီးမင်း ဟုန်ဝေယင်းကိုး... ကြွပါဗျာ... ကြွပါ"

ဟုန်ဝေယင်းသည် ပခုံးပေါ်တွင် ထမ်းလာသော ခြေစွေးနက်အား ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။

ခြေစွေးနက်၏တစ်ကိုယ်လုံးတွင် သွေးများပေကျံနေပြီး အဝတ်အစား စုတ်ပြဲနေသောကြောင့် လူရုပ်ပင် မပီပြင်ဘဲ ဖြစ်နေသည်။

ထို့ကြောင့် ရုတ်တရက်ကြည့်လျှင် မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားသိရှိရန် မလွယ်ကူချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆုငွေထုတ်ထားသည့် လူဆိုးတစ်ယောက် ဖြစ်ရမည်ဟု ရှောင်ဝမ်က နားလည်ထားလေသည်။

သူသည် ဟုန်ဝေယင်းအား ပြုံးပြလိုက်ပြီး...

"အခုတစ်ခါလဲ ဆုငွေလာထုတ်တာပဲ မဟုတ်လား"

"ဟုတ်တယ်"

ရှောင်ဝမ်က ကြမ်းပြင်ပေါ်တွင် ကွေးကွေးကလေးဖြစ်နေသော မြွေခေါင်းနက်အား အထင်သေးစွာ တစ်ချက်ကြည့်လိုက်ပြီး...

"ဒီတစ်ခါ ဘယ်သူလဲဗျ"

ဟုန်ဝေယင်းက အင်္ကျီအိတ်အတွင်းမှ စာရွက်တစ်ခု နှိုက်ယူလိုက်သည်။ စာရွက်မှာ အကြိမ်ကြိမ်အခေါက်ခေါက် ဖတ်ရှုထားဟန်ဖြင့် ခေါက်ရိုးတင်ကာ ကြေမွနေသည်။

သို့သော် စာရွက်ပေါ်တွင်ရှိနေသော လူတစ်ယောက်၏ ကိုယ်တစ်ပိုင်းပုံကို ကောင်းစွာမြင်ရသေး၏။ ဟုန်ဝေယင်းက စာရွက်အား ရှောင်ဝမ် ရှေ့သို့ တိုးပေးလိုက်ပြီး...

"သူပဲ"

ရှောင်ဝမ်က စာရွက်ပေါ်မှပုံအား ကြည့်လိုက်သည်။ မျက်တရက် သူ၏ မျက်ခုံးမွေးအစုံမှာ နဖူးပေါ်သို့ မြင့်တက်သွားသည်။

"မြွေခေါင်းနက်"

အထိတ်တလန့် ရေရွတ်သံနှင့်အတူ ကုလားထိုင်ပေါ်တွင် ထိုင်နေသော ရှောင်ဝမ်မှာ မြွေခေါင်းနက်အနီးသို့ ရောက်ရှိသွား၏။



မြွေခေါင်းနက်၏ဆံပင်များကို ဆွဲကိုင်လျက် ခေါင်းမော့စေကာ မျက်နှာအား သေသေချာချာ အကဲခတ်ကြည့်လိုက်လေသည်။

ယင်းသို့ကြည့်ရင်းပင် အံ့သြထိတ်လန့်စွာဖြင့်...

"ရှန်စီနယ်မှာ ရှစ်နှစ်တိုင်တိုင် ဒုက္ခပေးနေတဲ့ သူခိုးကြီး မြွေခေါင်းနက်ပါလား"

ရှောင်ဝမ်၏အနီးတွင် အမြဲတစေရှိနေတတ်သော လူဆိုးထိန်း "စင်ဝါး"က ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်... သူမှ သူအစစ်ပဲ"

ရှောင်ဝမ်နှင့် စင်ဝါးတို့မှာ ဟုန်ဝေယင်းအား အံ့သြစွာဖြင့် ထည့်ကြည့်လိုက်ကြသည်။ မြွေခေါင်းနက်အား သူတို့က နည်းလမ်းမျိုးမျိုး ရှာကြံ၍ ဖမ်းဆီးခဲ့သော်လည်း ယနေ့တိုင် မမိနိုင်ဘဲ လွတ်မြောက်နေခဲ့သည် မဟုတ်ပါလား။

ယခု ဟုန်ဝေယင်းက မြွေခေါင်းနက်အား ဖမ်းမိလာခဲ့ပြီဖြစ်လေသည်။ ရှောင်ဝမ်သည် ဟုန်ဝေယင်းအား ရိုးကျိုးသောအကြည့်ဖြင့် ကြည့်လိုက်ပြီး...

"လူကြီးမင်းက တကယ့်လူစွဲ"

ဟုန်ဝေယင်းက ချောက်ကပ်ကပ် ရယ်မောလိုက်သည်။

သူ၏ပုံသဏ္ဌာန်မှာ မြွေခေါင်းနက်အား ဖမ်းဆီးလာနိုင်ခဲ့သော်လည်း တစ်စုံတစ်ခုကို စိတ်အလိုမကျဖြစ်နေပုံ ရလေသည်။

သို့သော် ရှောင်ဝမ်နှင့် စင်ဝါးတို့မှာမူ ပျော်ရွှင်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဝမိက စင်ဝါးဘက်သို့ လှည့်လိုက်ပြီး...

“ဟောဒီက လူကြီးမင်းအတွက် ဆုငွေ သွားယူပေးလိုက်ပါ”

ပြောရင်း ဟုန်ဝေယင်းအား ပြုံးလိုက်ပြီး...

“ခဏစောင့်ပါဗျာ”

ဟုန်ဝေယင်းက စကားတစ်လုံးမျှ မပြောပါချေ။

အသင့်ရှိနေသော ကုလားထိုင်တစ်လုံးပေါ်သို့သာ ခြေဖ လက်ပစ် ထိုင်ချလိုက်၏။ စင်ဝါးမှာမူ ဆုငွေယူရန် အတွင်းဘက်သို့ လှမ်းဝင်သွားလေသည်။

✻ ○ ✻

(၁၀)

ငွေငါးရာ...

မြွေခွေးနက်အား ဖမ်းဆီးပေးသည့်အတွက် ဆုငွေငါးရာ ဟုန်ဝေယင်း ရှေ့သို့ ရောက်ရှိလာပြီဖြစ်သည်။

သို့သော် ဟုန်ဝေယင်းသည် မလှုပ်မယှက် ထိုင်နေ၏။

ငွေထည့်ထားသော စက္ကူအိတ်ကလေးကို လက်ဖျားနှင့်ပင် မတို့ပါချေ။ ငွေငါးရာအား လုံးဝ မက်မောခြင်း မရှိသည့်ဟန် လုံးဝ ဂရုမစိုက်သည့်ဟန်ဖြင့် မလှုပ်မယှက် ထိုင်နေလေသည်။

ရှောင်ဝမိက ငွေအိတ်အား ဟုန်ဝေယင်းရှေ့သို့ တွန်းပို့လိုက် ပြီး...



“လူကြီးမင်းအတွက် ဆုငွေ”

ဟုန်ဝေယင်းက ဖျင်းရိဖျင်းတွဲဖြင့် ခါးဆန့်လိုက်သည်။

ပြီးမှ ငွေအိတ်ကလေးအား လှမ်းယူလိုက်သည်။

ထို့နောက် ရှောင်ဝမ်အား ကြည့်ကာ...

“ဒီတစ်ခါရတဲ့ ဆုငွေဟာ တော်တော်နည်းတယ်၊ ဒါကြောင့် ခင်များတို့ကို ခွဲဝေမပေးနိုင်တော့ဘူး”

ရှောင်ဝမ်သည် ငွေအိတ်ကလေးအား မက်မောစွာ ကြည့်ရင်း...

“လူကြီးမင်း ဒီလိုလုပ်တာတော့ မကောင်းပါဘူးဗျာ၊ ခင်များ ဖမ်းလာတဲ့လူဟာ မြွေခွေးနက်ဖြစ်တယ်လို့ ကျုပ်တို့ အတည်ပြုပေးမှ ရတာ မဟုတ်လား၊ ဒါကြောင့် ကျုပ်တို့အတွက်လည်း ဝေစုပေးသင့်ပါတယ်”

ဟုန်ဝေယင်းက စကားမပြောတော့ပါချေ။

ငွေအိတ်ကလေးထဲမှ ငွေငါးဆယ် နှိုက်ယူလိုက်ပြီး...

“ကဲ... ခင်များကျေနပ်အောင် ငွေငါးဆယ်တော့ ပေးလိုက်မယ်”

ရှောင်ဝမ်၏မျက်နှာ ရှုံ့မဲ့သွား၏။

ဟုန်ဝေယင်းအား အားမလိုအားမရဖြင့် ကြည့်ရင်း...

“မနည်းဘူးလားဗျ”

“နည်းတယ်ထင်ရင် မယူနဲ့ပေါ့ဗျ”

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းသည် ပြောရင်း ငွေငါးဆယ်ကို ပြန်လည်သိမ်း ဆည်းရန် ဟန်ပြင်လိုက်လေသည်။

ရှောင်ဝမ်က ကပျာကယာ လှမ်းယူလိုက်ပြီး အိတ်ထဲထည့် ထားလိုက်သည်။ ထို့နောက် သဘောကျစွာဖြင့် တဟားဟားရယ်မော နေပြန်၏။

စင်ဝါးမှာမူ မကျေမနပ် ဖြစ်သွားသည်။

ရှောင်ဝမ်သည် ဟုန်ဝေယင်း ရရှိသော ဆုငွေများမှ ခေါင်း ဖြတ်သည်ကိုလည်း နားလည်ထား၏။

သို့သော် မပြောဝံ့သဖြင့် လက်ပိုက်ကြည့်နေရလေသည်။ ဟုန်ဝေယင်းက သက်ပြင်းချလိုက်ပြီး...

"အခုတစ်လော အလုပ်လုပ်ရတာ အဆင်မပြေဘူးဗျ၊ ငွေ ငါးရာ တန်တဲ့ အလုပ်တွေချည်းပဲ လုပ်ကိုင်ရတာ အားမရလှပါဘူး ဗျာ"

သူ၏စကားကြောင့် စင်ဝါးမှာ လွတ်ခနဲ ပြောလိုက်မိလေ သည်။

"ခင်ဗျားက ငါးရာထက်များတဲ့အလုပ် လုပ်ချင်လို့လား"

ဟုန်ဝေယင်း မျက်မှောင်ကုတ်သွားသည်။

စင်ဝါးအား မသိမသာ အကဲခတ်ကြည့်လိုက်ပြီး...

"ငါးရာထက် များတဲ့အလုပ် ရှိလို့လား"

စင်ဝါးမှာ အဖြေမပေးပါချေ။



နိုးချွှသောအကြည့်ဖြင့် ရှောင်ဝမ်အား ကြည့်ရင်း ပါးစပ်ပိတ် ထားလိုက်သည်။

ရှောင်ဝမ်မှာ မနေသာတော့ချေ။ ဟုန်ဝေယင်းအား စေ့စေ့ ကြည့်ရင်း...

"ရှိတယ်ဆိုရင် ခင်ဗျား လုပ်ချင်လို့လား"

"ဟုတ်တယ်"

"ငွေများရင် အန္တရာယ်ပိုပြီးများတယ် ဆိုတာကော ခင်ဗျား သိရဲ့လား"

ဟုန်ဝေယင်းက ခေါင်းငါယမ်းလိုက်သည်။

"ဒါတွေ ကျုပ် မစဉ်းစားဘူး"

ရှောင်ဝမ်က မဲ့ပြုံး ပြုံးလိုက်ပြီး...

"မစဉ်းစားဘဲလုပ်ရင် ခင်ဗျား မှားသွားမှာပေါ့"

"ဘာဖြစ်လို့လဲ"

"ငွေငါးထောင်ဆိုတာ ငွေငါးရာနဲ့ ဘာဆိုင်လို့လဲ"

ဟုန်ဝေယင်း၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားလေ သည်။

"ငါးထောင်တန်ကိစ္စ... ဟုတ်လား"

"ဟုတ်တယ်၊ ငါးထောင်ဆိုတဲ့အတိုင်း ငါးရာထက် ပိုပြီး အန္တရာယ်များတယ်၊ ခင်ဗျားအနေနဲ့ ငါးရာတန် လူဆိုးတွေလိုပဲ သတ်ဖမ်းနေတာ ပိုကောင်းပါလိမ့်မယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဝမ်၏စကားအား စင်ဝါးက ထောက်ခံလိုက်လေသည်

"ဟုတ်တယ်၊ ငါးရာတန်လူဆိုးတွေကို လိုက်ဖမ်းရတာ ခင်ဗျားအတွက်လဲ အန္တရာယ်ကင်းတယ်၊ ကျုပ်ဆရာအတွက် စားပေါက်ချောင်တယ်၊ ခင်ဗျားသေသွားရင် ကျုပ်ဆရာကို ဘယ်သူ ငွေရှာပေးတော့မှာလဲဗျ"

စင်ဝါး၏စကားကြောင့် ရှောင်ဝမ်၏မျက်နှာမှာ နီရဲသွားသည်

အလိုက်မသိတတ်သော စင်ဝါးကိုလည်း မျက်စောင်း ကြည့်လိုက်လေသည်။

ထိုအခါ စင်ဝါးသည် မသိမသာ ကိုယ်ရှိန်သတ်လိုက် ခေါင်းငုံ့ထားလိုက်လေသည်။

သူတို့နှစ်ယောက်အား ဟုန်ဝေယင်းက ဂရုမစိုက်ပါချေ။ ငါးထောင်ရမည့်အရေးကိုသာ တွေးတောနေမိ၏။

"ကဲ... ဆိုစမ်းပါဦး၊ ငွေငါးထောင် တန်တဲ့လူဟာ ဘယ် လဲ"

ရှောင်ဝမ်က ခေါင်းခါယမ်းလိုက်သည်။

"မလုပ်ပါနဲ့ဗျာ၊ ဒီလူဟာ ကြောက်စရာကောင်းတယ်ဗျ"

"ကိစ္စမရှိပါဘူး၊ ကျုပ်ကိုသာပြောပြပါ"

ရှောင်ဝမ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက် ဟုန်ဝေယင်းအား တစ်ချက်ချ အကဲခတ် လိုက်ပြီး...



"ကောင်းပြီ၊ ခင်ဗျားသိချင်ရင် ပြောပြမယ်၊ ဒါပေမယ့် ကျုပ် အတွက် အလုပ်တစ်ခု အရင်လုပ်ပေးရမယ်"

"ဘာအလုပ်လဲ"

ဟုန်ဝေယင်းက မျက်မှောင်ကုပ်ရင်း ပြန်မေးလိုက်သည်။

"မြွေခွေးပျံ 'ကျူးရဲ့' ဆိုတာ ခင်ဗျား ကြားဖူးသလား"

ဟုန်ဝေယင်းက မဲ့ပြုံး ပြုံးလိုက်ပြီး...

"ကြားဖူးတာ မကြားဖူးတာ အရေးမကြီးဘူး၊ ကျုပ်က မြွေခွေး ကျူးရဲ့ကို ဖမ်းပေးရမှာလား"

ဟုန်ဝေယင်းက တဲ့တိုးမေးလိုက်သောကြောင့် ရှောင်ဝမ်မှာ စပ်အယောင်းသား ဖြစ်သွားရလေသည်။

သူသည် ဟုန်ဝေယင်းအား မချိသွားဖြဲ ပြုံးပြလိုက်ပြီး...

"ဟုတ်တယ်"

"ကောင်းပြီ၊ သူ့ရဲ့ပုံပါတဲ့ စာရွက်ကိုသာ ပေးလိုက်"

ရှောင်ဝမ်က စင်ဝါးဘက်သို့ လှည့်ကာ အမိန့်ပေးမည်ပြုစဉ် ဝါးသည် မြွေခွေးပျံကျူးရဲ့၏ပုံ ရေးဆွဲထားသော စာရွက်ကို လာပြီး ဖြစ်နေလေသည်။

သူသည် ဟုန်ဝေယင်းအား လှမ်းပေးလိုက်ပြီး...

"ဟောဒါ မြွေခွေးပျံကျူးရဲ့ ပုံပဲ"

ဟုန်ဝေယင်းက စာရွက် လှမ်းယူလိုက်သည်။ ထို့နောက် င်ဝမ်အား စေ့စေ့ကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ငါးရက်အတွင်း ကျုပ် ဖမ်းလာခဲ့မယ်"

ပြောပြီးသည်နှင့် အခန်းတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွ
သွားလေတော့သည်။

✱ ○ ✱



## မြေခွေးပျံ ကျူးရဲ့

(၁)

သုံးရက်...

ဟုန်ဝေယင်းသည် စန်းရန်ဒွာနခွဲမှူး ရှောင်ဝမ်နှင့် လမ်းခွဲခဲ့
ည်မှာ သုံးရက်တင်းတင်းပြည့်ပြီဖြစ်သည်။

သို့သော် ဟုန်ဝေယင်းမှာ မြေခွေးပျံကျူးရဲ့အား ဖမ်းမိနိုင်ခြင်း
သေးချေ။ သုံးရက်အတွင်း မအိပ်မနေ သတင်းရှာဖွေစုံစမ်းခဲ့ပြီး
းရက်မြောက်သောနေ့ နံနက်မှ မြေခွေးပျံကျူးရဲ့နှင့်ပတ်သက်
သာ သတင်းထူးတစ်ခုကို ကြားခဲ့ရ၏။

မြေခွေးပျံကျူးရဲ့မှာ မြို့ပြင် လူသူကင်းဝေးသည့် တောအုပ်
သယ်ရှိ အိမ်တစ်လုံးတွင် ပုန်းနိုနေသည်ဟူသော သတင်းပင်
လေသည်။

ယင်းသို့ သတင်းကြားရသည်နှင့် ဟုန်ဝေယင်းသည် တုံ့ဆိုင်း
ခြင်းမရှိဘဲ မြို့ပြင်သို့ ထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ မြေခွေးပျံကျူးရဲ့အား ဖမ်းမိနိုင်ပါမည်လော။

ဟုန်ဝေယင်း၏စိတ်ထဲ၌ မြေခွေးပျံကျူးရဲ့အား ဖမ်းမိခြင်းထက် သူစုဆောင်းထားသည့် ရတနာပစ္စည်းများ ရရှိနိုင်ရန်ကိုသာ အဓိကထားခဲ့၏။

သူ မြေခွေးပျံကျူးရဲ့၏ ရတနာပစ္စည်းများကို ရရှိနိုင်ပါမည်လား။

ယင်းသို့ ဒွိဟစိတ်ဖြင့် တွေးတောမိခြင်းမှာ သူသည် ဆု… ထုတ်ထားခြင်းခံရသော လူဆိုးများအား သွား၍ ဖမ်းဆီးသည့်အခါ သူ့ထက်အရင် ခြေတစ်လှမ်းဦးသည့် လူတစ်ယောက် ရှိနေခဲ့သည်ကို ကြုံတွေ့နေရသောကြောင့် ဖြစ်၏။

✱ ◉ ✱

(၂)

ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေ၏။

လမ်းမှားလာသည့် ငှက်ကလေးများ၏ အဖော်ကွဲအော်… တစ်ခါတစ်ရံ ကြားရရုံမှအပ အသံဗလံဟူသ၍ တိတ်ဆိတ်နေသ… သည်။

လူသူကင်းမဲ့သည့် တောအုပ်ကလေးအတွင်း ခရီးသွား တစ်… ယောက် ရုတ်တရက် ထွက်ပေါ်လာသည်။

ထိုသူမှာ…



ဆွတ်ဆွတ်ဖြူသော အဝတ်အစားများ ဝတ်ဆင်ထားသော …ယ်တစ်ယောက် ဖြစ်လေသည်။

ရှောင်ဝမ်၏အကူအညီတောင်းမှုကြောင့် မြေခွေးပျံကျူးရဲ့အား …ဆီးရန် ရောက်ရှိလာသော ဟုန်ဝေယင်းပင် ဖြစ်ပါသည်။

ဟုန်ဝေယင်းမှာ ရှည်လျားသော မြက်ပင်များအကြား တိုးဝှေ့… တောအုပ်အတွင်းသို့ ခရီးနှင်နေ၏။

မကြာပါချေ။

ထူထပ်သော တောအုပ်အတွင်း ရောက်ရှိသွားပြီး တောအုပ် …ယ်တွင် မီးခိုးတလူလူ ထွက်နေသော အိမ်ကလေး တစ်လုံးအား …လိုက်ရသည်။

ဟုန်ဝေယင်း၏မျက်နှာမှာ ပြုံးရွှင်သွားလေသည်။

တောအုပ်အလယ်တွင် အိမ်တစ်လုံးရှိပြီး မီးခိုးများထွက်နေ…ကြောင့် လူရှိရမည်ဟု ကျိန်းသေတွက်ဆနိုင်လေသည်။

လူရှိလျှင် ထိုလူမှာ မြေခွေးပျံကျူးရဲ့မှတစ်ပါး တခြားမည်သူ…င်ပါဦးမည်နည်း။ ဟုန်ဝေယင်းသည် မြက်ပင်ရှည်များအကြား …ွယ်ရင်း ပတ်ဝန်းကျင်အခြေအနေကို လေ့လာအကဲခတ်လိုက်…ည်။

တောအုပ်အလယ် မြေကွက်လပ်ပေါ်တွင် အိမ်ကလေးတစ်လုံး …၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေး၏နံဘေး၌ အိမ်ကြက်သုံးလေးကောင်မျှ အစာ စားနေသည်ကို တွေ့ရလေသည်။

အိမ်ရှေ့တွင် မြင်းဇောင်းတစ်ခု ရှိပြီး ဝဲဘက်ခြမ်းတွင် ရေတွင်း ငယ် တစ်ခုရှိသည်။

အနောက်ဘက်တွင် ကောက်ရိုးများ ပုံထားသည်ကိုလည်း တစွန်းတစ တွေ့မြင်ရ၏။

ရိုးသားသော လယ်သမားတစ်ယောက်၏ အိမ်ကလေး ဖြစ် ဟန်တူလေသည်။

သို့သော် ဤနေရာတွင် ဆိုးသွမ်းသော ဓားပြကြီး မြေခွေးပုံ ကျူးရဲ့ နိုအောင်းနေကြောင်း သတင်းအနိုင်အလုံ ရထားပြီးဖြစ် သည်။

ထို့ကြောင့် ဟုန်ဝေယင်းသည် မြေခွေးပုံကျူးရဲ့တွင်-အဖော် မရှိကြောင်း သိရှိထား၏။

အဖော်မရှိသော ကျူးရဲ့အား ဟုန်ဝေယင်းက တစ်ယောက် ချင်း ရင်ဆိုင်ဝံ့ပေသည်။

ထို့ကြောင့် အိမ်ကလေးရှေ့သို့ လျှောက်သွားပြီး ပိတ်ထား သော တံခါးကို ခေါက်လိုက်သည်။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

သူ၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း အိမ်တွင်းမှ တုံ့ပြန်သံကို မကြားရချေ။



သို့အတွက် ဟုန်ဝေယင်းမှာ အံ့ဩသွားခြင်း မရှိချေ။

မြေခွေးပုံကျူးရဲ့သည် မိမိအား အေးအေးဆေးဆေး တံခါး ဖွင့်ပေးမည် မဟုတ်ဟုလည်း သူ သဘောပေါက်ထား၏။

သူသည် အနိုင်အမာပိတ်ထားသော တံခါးကို စိုက်ကြည့် ရင်း...

"ကျူးရဲ့... မင်း ဒီမှာရှိတာ ငါသိတယ်၊ တံခါးဖွင့်ပေးစမ်း"

အိမ်ကလေးမှာ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေလေသည်။

ဟုန်ဝေယင်းက မဲပြုံး ပြုံးလိုက်ပြီး...

"မင်း သေချင်ပြီနဲ့တူတယ်"

ပြောရင်း တံခါးကို ကိုယ်ဓောင်းတိုက်ကာ တွန်းဖွင့်လိုက် ပြီး တံခါးအား မင်းတုံးချ၍ အနိုင်အမာပိတ်ထားလိမ့်မည်ဟု သူ ယုံကြည်ထားခဲ့မိသည်။

သို့သော် ...

ကိုယ်ဓောင်းတိုက်၍ ဖွင့်လိုက်သောအခါ တံခါးမှာ ဖွဲ့ရုံသာ စေ့ထားသဖြင့် အရှိန်လွန်ပြီး လူတစ်ကိုယ်လုံး အိမ်အတွင်းဘက်သို့ ရောက်ရှိသွားတော့သည်။

ထိုစဉ်မှာပင် အလင်းရောင်များ ဝင်းလက်သွားပြီး ဓားပါး တစ်လက်သည် သူ၏ရင်ဝဆီသို့ ထိုးစိုက်လာလေတော့သည်။

✱ ⭘ ✱

www.burmeseclassic.com

(၃)

"မြွေခွေးပျံကျူးရဲ"

မြွေခွေးပျံကျူးရဲ့မှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိသော လူတစ်ယောက်ဖြစ်သည်။

ရုပ်ရည်သန့်ပြန့်ပြီး မျက်နှာထားတည်သော လူတစ်ယောက်လည်း ဖြစ်လေသည်။

အသက်သုံးဆယ်ငါးနှစ်ခန့်ရှိပြီး ရုတ်တရက်ကြည့်မည်ဆိုလျှင် သူခွေးသားတစ်ယောက်ဟုပင် ထင်မှတ်ရမည် ဖြစ်သည်။

မြွေခွေးကဲ့သို့ ကောက်ကျစ်စဉ်းလဲသည့် အရိပ်အရောင်များ သူ့မျက်နှာ၌ လုံးဝ တွေ့ရလိမ့်မည် မဟုတ်ချေ။

ခန့်မှန်းနိုင်သည့် အနေအထားမျိုးလည်း မရှိပါ။ ဤသို့ဆိုလျှင် သူ့အား အဘယ်ကြောင့် မြွေခွေးပျံဟု တင်စားခေါ်ဆိုရပါသနည်း။

အကယ်၍ သူနှင့်ယှဉ်ပြိုင်ကာ သူသေကိုယ်သေ တိုက်ခိုက်ကြမည်ဆိုလျှင် သူ့အား အဘယ်ကြောင့် မြွေခွေးပျံဟု ခေါ်ဆိုသည်ကို သဘောပေါက်သွားကြမည် ဖြစ်လေသည်။

ထို့အပြင် သူ၏ရုပ်ရည်နှင့် သူ၏စရိုက်ကို ဆန့်ကျင်ဘက် အနေအထားဖြင့် တွေ့မြင်ရပေလိမ့်မည်။ အတူးသဖြင့် မြွေခွေးပျံကျူးရဲ့နှင့် ယှဉ်ပြိုင်ရာတွင် လိမ္မာပါးနပ်ရန် အလွန်အရေးကြီးလေသည်။

ဟုန်ဝေယင်းမှာ အလွန်ပါးနပ်သူတစ်ယောက်ဖြစ်သည်။



ဉာဏ်များပြီး ကောက်ကျစ်စဉ်းလဲသူတစ်ယောက်လည်း ဖြစ်သည်။

သို့သော် မြွေခွေးပျံကျူးရဲ့နှင့် စတင်ရင်ဆိုင်လိုက်ရသောအခါ အကောင်းထောက်မ၍သာ အသက်မသေခဲ့ရခြင်း ဖြစ်ပါသည်။

အိမ်ကလေးအတွင်းသို့ ရောက်ရှိသွားသောအခါ သူ၏ရင်ဝသို့ ဓားပါးတစ်လက် ထိုးစိုက်ကျလာသည်။

ဓားရောင်များ ဝင်းလက်သွားသည်နှင့် ဟုန်ဝေယင်းက ကြမ်းပြင်ပေါ်သို့ မှောက်ချလိုက်သည်။

တစ်ဆက်တည်းမှာပင် လက်နှစ်ဖက်ကို ကြမ်းပြင်သို့ထောက်ကာ ခြေနှစ်ချောင်းမြှောက်၍ ကင်းမြီးကောက် အနေအထားဖြင့် တိတ်တဆိတ် တိုက်ခိုက်လာသူအား ကန်ချလိုက်၏။

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာပြီး လူတစ်ယောက်မှာ သူ၏အပေါ်မှ ခုန်ကျော်ထွက်သွားသည်ကို တွေ့လိုက်ရလေသည်။

ဟုန်ဝေယင်းသည် ချက်ချင်းပင် မတ်တတ် ထရပ်လိုက်သည်။

ထိုအခါမှ မလှမ်းမကမ်းတစ်နေရာတွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုလူအား တွေ့လိုက်ရသည်နှင့် ရှောင်ဝမ်၏စာရွက်ထဲ၌ တွေ့ခဲ့ရသော ဆုငွေထုတ်ထားသည့် မြွေခွေးပျံကျူးရဲ့ ဖြစ်သည်ကို မှတ်မိလိုက်လေသည်။

www.burmeseclassic.com



ဟုန်ဝေယင်းက မဲ့ပြုံး ပြုံးလိုက်ပြီး…

"မြေခွေးပျံကျူးရဲ့ဆိုတာ မင်း မဟုတ်လား"

မလှမ်းမကမ်းတွင် ရပ်နေသူက…

"မင်းသိသားနဲ့ ဘာဖြစ်လို့ အပိုတွေပြောနေတာလဲ"

"ကောင်းပြီ၊ မင်း အေးအေးဆေးဆေး အဖမ်းခံမလား"

"မင်း… ကျုပ်ကို ဖမ်းနိုင်မယ် ထင်သလား"

ပြောပြီးသည်နှင့် ဟုန်ဝေယင်းအား တိုက်ခိုက်လိုက်လေသည်။

မြေခွေးပျံကျူးရဲ့က တိတ်တဆိတ်တိုက်ခိုက်မှု မအောင်မြင်ခဲ့သဖြင့် ဟုန်ဝေယင်းမှာ ခေသူတစ်ယောက် မဟုတ်ကြောင်း နားလည်ထားခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် မပေါ့ဆဝံ့ဘဲ လက်ဦးမှုကိုရယူကာ စတင်တိုက်ခိုက်ခြင်း ဖြစ်လေသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် လေထဲ သို့ ဆင့်ကာဆင့်ကာ ခုန်နေလေသည်။

ရုတ်တရက်ကြည့်လျှင် ပျံသန်းနေသည်ဟု ထင်ရပေမည်။

သူ၏လက်နှစ်ဖက်၌ ထက်မြက်သော ဓားမြှောင်နှစ်ချောင်း ရှိသည်။

ခြေထောက်နှစ်ဖက်ရှိ ဖိနပ်ဦးနှစ်ဖက်တွင်လည်း ခြောက်လက်မခန့်သော သံချွန်များ ရှိနေလေသည်။

သူ၏ ခုန်ပျံတိုက်ခိုက်ခြင်းကိုသာခံရပါမူ ဓားမြှောင်ချက် မမိ



လျှင် ခြေထောက်များမှ သံချွန်များ မိသွားမည်မှာ မလွဲကေန်ပင် ဖြစ်လေသည်။

မြေခွေးပျံကျူးရဲ့က အဆက်မပြတ် တိုက်ခိုက်လာသည်နှင့် ဟုန်ဝေယင်းမှာ ရှောင်တိမ်းရုံသာ နေရတော့၏။

အခြေအနေမှာ ဤအတိုင်းသာ ဆက်၍ ရှောင်တိမ်းနေရလျှင် မြေခွေးပျံကျူးရဲ့အား အနိုင်ရမည်မဟုတ်ဘဲ မိမိသာ ရှုံးနိမ့်သွားဖွယ်ရာရှိကြောင်း ဟုန်ဝေယင်း တွေးတောလိုက်မိသည်။

သို့သော် ဟုန်ဝေယင်းမှာ ခေသူတစ်ယောက် မဟုတ်ချေ။

မြေခွေးပျံကျူးရဲ့၏ တိုက်ကွက် လေးငါးဆယ်ခန့်မျှကို ရှောင်တိမ်းပြီးသည်နှင့် မြေခွေးပျံကျူးရဲ့၏ တိုက်ကွက်အနေအထားကို သဘောပေါက်လာလေသည်။

ထိုအခါ အကော်အစဲမရှိ လွယ်ကူစွာပင် ရှောင်တိမ်းလာနိုင်ခဲ့လေတော့သည်။ ဤအချက်ကပင် သူ့အတွက် အနိုင်ရရန် လမ်းစပေါ်လာခြင်းပင် ဖြစ်လေသည်။

ဟုန်ဝေယင်းသည် မြေခွေးပျံကျူးရဲ့၏ တိုက်ကွက်များအား ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်နိုင်သည့် အနေအထားသို့ ရောက်ရှိလာ၏။

သို့သော် ပြန်လည်တိုက်ခိုက်ခြင်း မပြုသေးချေ။ မြေခွေးပျံကျူးရဲ့ မောပန်းလာသည့်အချိန်အထိ စောင့်ဆိုင်းကာ ရှောင်တိမ်းနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဖြင့် သူ၏အကြံမှာ မကြာမီ အောင်မြင်လာလေတော့သည်။

မြေခွေးပျံကျူးရဲ့မှာ အားမာန်အပြည့်ဖြင့် တိုက်ခိုက်လာ[ရာ] တဖြည်းဖြည်း မောဟိုက်လာ၏။

သူ၏တိုက်ကွက်များမှာလည်း တဖြည်းဖြည်း နှေးကွေးလာလေသည်။

မြေခွေးပျံကျူးရဲ့ ခြေကုန်လက်ပန်းကျသွားကြောင်း ကျိန်းသေ[ ]အကဲခတ်မိတော့မှ ဟုန်ဝေယင်းက အံကိုတင်းတင်းကြိတ်လိုက်ပြီး…

"ယား…"

ကျယ်လောင်သော ညာသံတစ်ချက်ပေးကာ လေထဲသို့ ခုန်တက်လိုက်၏။

တစ်ခဏအတွင်းမှာပင် မြေခွေးပျံကျူးရဲ့အား နှန်အုပ်တိုက်ခိုက်လိုက်လေသည်။ သူ၏လှုပ်ရှားမှုမှာ မယုံကြည်နိုင်လောက်အောင် လျှင်မြန်လွန်းတော့သည်။

မြေခွေးပျံကျူးရဲ့ကိုယ်တိုင်လည်း ဟုန်ဝေယင်းမှာ ဤမျှ လျှင်မြန်လိမ့်မည်ဟု မထင်မှတ်မိခဲ့ချေ။

ဟုန်ဝေယင်းက ပြန်လည်တိုက်ခိုက်လာသည်နှင့် မြေခွေးပျံကျူးရဲ့မှာ အကြပ်အတည်းတွေ့သွားပြီး ခြေထောက်အစုံကို ချက်ချင်းရုပ်သိမ်းလိုက်ရလေသည်။



သို့သော် ရှောင်တိမ်း၍ကား မလွတ်ချေ။ ဟုန်ဝေယင်း၏ [လက်]ခဲဆုပ်ချုပ်ကိုင်ထားခြင်းကို ခံလိုက်ရ၏။ မြေခွေးပျံကျူးရဲ့မှာ [လ]န့်ထိတ်သွားကာ ချက်ချင်းပင် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ နှေးကွေးသည်ဟု မဆိုသာပါချေ။ ခန္ဓာကိုယ် ကွေး၍ နောက်သို့လှည့်ပြီး ဓားမြှောင်နှစ်ချောင်းကို ဟုန်ဝေယင်း၏ ရင်ဝသို့ စိုက်သွင်းလိုက်၏။

သူ၏အတွေးထဲ၌ ဟုန်ဝေယင်း၏ရင်ဝတွင် သွေးချင်းချင်းနီရဲသွားပြီဟု ထင်မှတ်လိုက်၏။

သို့သော် ဟုန်ဝေယင်းက မထင်မှတ်သည့် တိုက်ကွက်မျိုးဖြင့် အန်ပြန်လှုပ်ရှား တိုက်ခိုက်လိုက်သည်။

မြေခွေးပျံကျူးရဲ့၏ ခြေထောက်အစုံကို ဆုပ်ကိုင်ထားရင်း လေထဲသို့ ခုယမ်းကာ ကြမ်းပြင်ပေါ်သို့ ရိုက်ချလိုက်သည်။ ခဝဲသီးတစ်လုံးအား ကြမ်းပြင်ပေါ်သို့ ရိုက်ချလိုက်သည်နှင့်ပင် တူနေသေးတော့၏။

မြေခွေးပျံကျူးရဲ့မှာ ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။ သူ၏အော်သံ မဆုံးမီမှာပင် လက်နှစ်ဖက်မှာ ကြမ်းပြင်နှင့်ရိုက်မိသွားပြီး ဓားမြှောင်နှစ်ချောင်း ကြမ်းပြင်သို့ စိုက်ဝင်သွား၏။

မြေခွေးပျံကျူးရဲ့က ဓားမြှောင်အား ပြန်လည် ဆွဲနုတ်ရန် အန်ပြင်ပိုက်စဉ်မှာပင် ဟုန်ဝေယင်းက ခြေနှစ်ဖက်အား ဆောင့်ဆွဲလိုက်ပြီး အနီးရှိစားပွဲပေါ်သို့ ရိုက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေနှစ်ဖက်ရှိ ဖိနပ်ဦးမှ သံစူးချွန်နှစ်ချောင်းမှာ စားပွဲခုံအေ
သို့ စိုက်ဝင်သွားလေသည်။

ထိုအခါ မြေခွေးပျံကျူးရဲ့မှာ ကြမ်းပြင်နှင့် စားပွဲခုံအကြား
ခန္ဓာကိုယ်တစ်ပိုင်းမှာ ကြမ်းပြင်တွင်ထိနေပြီး ကျန်တစ်ပိုင်းမှာ
စားပွဲခုံပေါ်သို့ ရောက်နေ၏။

ထိုအခါမှ ဟုန်ဝေယင်းက မြေခွေးပျံကျူးရဲ့၏ခေါင်းရိုးဆီသို့
လက်သီးဖြင့် ထုချလိုက်လေသည်။

"အား ..."

မြေခွေးပျံ ကျူးရဲ့မှာ ငယ်သံပါအောင်ပင် အော်ဟစ်လိုက်
သည်။

ဟုန်ဝေယင်းက သဘောကျစွာပြုံးလိုက်ပြီး အကာအကွယ်
ကင်းမဲ့နေသော ရင်ဝအား ခြေထောက်ဖြင့် ကန်ချလိုက်ပြန်လေ
သည်။

"အမလေးဗျ ..."

မြေခွေးပျံကျူးရဲ့မှာ မချိမဆန့် အော်ဟစ်လိုက်၏။

ယင်းသို့အော်ဟစ်ရင်း ရုန်းကန်ထရန် ကြိုးစားလိုက်၏။ ဟုန်
ဝေယင်းက ခပ်တည်တည်ပင် ကုန်းကွထလာသော မြေခွေးပျံကျူးရဲ့
၏ခေါင်းကို လက်သီးဖြင့် ထုချလိုက်ပြန်သည်

မြေခွေးပျံကျူးရဲ့၏ ခန္ဓာကိုယ်မှာ အောက်သို့ စိုက်ဆင်း
သွား၏။



နာကျင်လွန်းသောကြောင့် တအီးအီး တအားအား အော်ဟစ်
နေသော်လည်း ဟုန်ဝေယင်းက သုံးလေးချက်မျှ ဆက်ကာ ကန်
ကျောက်လိုက်ပြန်လေသည်။

မြေခွေးပျံကျူးရဲ့မှာ အတွင်းဒဏ်ရာများ ရရှိသွားသောကြောင့်
သံပင် မထွက်နိုင်တော့ပါချေ။

နှုတ်ခမ်းထောင့်မှ သွေးများလည်း ယိုစီးကျလာ၏။

ပြန်လည်ခုခံနိုင်စွမ်းမရှိကြောင်း သေချာတော့မှ ဟုန်ဝေယင်း
က သဘောကျစွာ ပြုံးလိုက်ပြီး ...

"ဘယ်နှယ်လဲ ... မြေခွေးပျံဆိုပြီး မပျံနိုင်တော့ဘူးလား"

မြေခွေးပျံကျူးရဲ့က တောင်းပန်တိုးလျှိုးလိုက်လေသည်။

"မပျံနိုင်တော့ပါဘူးဗျာ၊ ကျုပ် ... ကျုပ်ကို သနားပါဦး"

ဟုန်ဝေယင်းမှာ သနားခြင်းမရှိသည့်အပြင် နောက်ထပ် လက်
သီးတစ်ချက် ထိုးချလိုက်ပြန်၏။

ခပ်ပြင်းပြင်း ထိုးချလိုက်ခြင်းဖြစ်သည်။ မြေခွေးပျံကျူးရဲ့မှာ
ငယ်သံပါအောင် အော်ဟစ်ရင်း ...

"မလုပ်ပါနဲ့တော့ဗျာ ... ကျုပ် အရှုံးပေးပါပြီ"

တောင်းပန်ရင်း အော်ဟစ်ညည်းညူနေလေသည်။

ဟုန်ဝေယင်းက ဘေး၌ရှိသော ကုလားထိုင်တစ်လုံးကို ဆွဲ၍
ထိုင်ချလိုက်သည်။ သူ၏အမူအရာမှာ ကပွဲကြည့်သူတစ်ယောက်မှာ
ကဲ့သို့ အေးဆေးဆေး ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းသည် နံဘေး၌ ထိုင်ရင်း မြေခွေးပျံကျူးရဲ့အား ပြုံး၍ကြည့်လိုက်ပြီး ...

"မင်း တကယ်အရှုံးပေးပြီလား"

"တကယ်ပါဗျာ၊ ကျုပ် တကယ်ပြောတာပါ"

"ကောင်းပြီ၊ ကျုပ်တို့ အေးအေးဆေးဆေး စကားပြော တာပေါ့"

မြေခွေးပျံကျူးရဲ့မှာ လူဆိုးဘဝဖြင့် နှစ်ပေါင်းများစွာ ကျ လည်း ကျက်စားလာခဲ့သူဖြစ်သည်။

ထို့ကြောင့် ဟုန်ဝေယင်းက အေးအေးဆေးဆေး စကားပြေ မည်ဟု ဆိုလာသည်နှင့် ထိတ်လန့်တုန်လှုပ်သွားလေသည်။

ကြောက်ရွံ့လွန်း၍ တုန်ယင်သော လေသံဖြင့် ...

"ခင်ဗျား ဘာသိချင်လဲ၊ ကျုပ် အကုန်ဖြေပါ့မယ်ဗျာ၊ ကျု ကိုတော့ မနှိပ်စက်ပါနဲ့၊ 'စန်းရန်'ဌာနခွဲကိုလဲ မပို့ပါနဲ့ဗျာ"

ဟုန်ဝေယင်းက ရယ်မောလိုက်သည်။ မြေခွေးပျံကျူးရဲ့အ မထီလေးစားကြည့်ရင်း ...

"ခင်ဗျားကို စန်းရန်ဌာနခွဲ သွားပို့ပေးရင် ဆုငွေရမယ်ဆို ကျုပ်သိတယ်၊ ကျုပ်ကို မိုက်မဲတဲ့လူတစ်ယောက်လို့များ ခင်ဗျ ထင်နေသလား"

မြေခွေးပျံကျူးရဲ့က ချက်ချင်းပင် လက်ကာပြလိုက်ပြီး

"မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားမှာ ငွေလိုရင် ကျုပ်ဆီက ယူသွား



ဟုန်ဝေယင်းက သဘောကျစွာ ပြုံးလိုက်သည်။

"မင်းမှာ ငွေဘယ်လောက်ရှိလို့လဲ"

"သုံးရာလောက်တော့ ရှိပါတယ်"

ဟုန်ဝေယင်း၏မျက်နှာမှာ ရုတ်ခြည်းပင် တင်းမာသွားလေ သည်။

သူသည် မြေခွေးပျံကျူးရဲ့အား မကျေမနပ်ဖြင့် ကြည့်လိုက် ...

"မင်းဟာ လူဆိုးတစ်ယောက်ပဲ၊ မင်း ကျူးလွန်ခဲ့တဲ့ ပြစ်မှု လဲ မနည်းဘူး၊ လုယက်လို့ရသမျှ အဖိုးတန်ကျောက်မျက်ရတနာ ဝယ်ပြီး သိမ်းဆည်းထားတာ ကျုပ် သိတယ်"

မြေခွေးပျံကျူးရဲ့၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။ ချက်ချင်းပင် ခေါင်းခါယမ်းလိုက်ပြီး ...

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားရဲ့သတင်းက မှားနေပါလိမ့်မယ်"

ဟုန်ဝေယင်းက လက်မခံနိုင်ဟန်ဖြင့် ခေါင်းခါလိုက်၏။ ထို့နောက် အေးတိအေးစက်ဖြင့် ဆက်မေးလိုက်သည်။

"ကျောက်မျက်ရတနာတွေ ဘယ်မှာ ဖွက်ထားသလဲ"

မြေခွေးပျံကျူးရဲ့သည် လေသံအားပျော့စွာဖြင့် ...

"လုယက်လို့ရသမျှ ကျုပ်သုံးတာနဲ့ ကုန်ပါပြီဗျာ၊ ကျုပ်မှာ ိုးတန်ပစ္စည်း ဘာမှ မရှိပါဘူး"

ဟုန်ဝေယင်းက မဲ့ပြုံး ပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"သုံးဖြုန်းလို့ကုန်ပြီ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကဲ ... ကုန်ဦးကွာ"

ပြောရင်း ခါးစိုးအား လက်သီးဖြင့် ထုချလိုက်ပြန်လေသည်။

မြေခွေးပုံကျူးရဲ့၏ ခန္ဓာကိုယ်မှာ လေးကိုင်းသဏ္ဌာန် ညွတ်သွား၏။ နာကျင်သောကြောင့် စူးစူးဝါးဝါး အော်ဟစ်လိုက်ပြန်သည်။

ဟုန်ဝေယင်းမှာ ခပ်အေးအေးပင် ...

"သုံးလို့ဖြုန်းလို့ ကုန်ပြီဆိုတာ တကယ်ပဲလား"

"တကယ်ပါဗျာ၊ ရှိသမျှ ကုန်ပါပြီ၊ ကျုပ် ..."

သူ၏စကားမဆုံးမီမှာပင် ဟုန်ဝေယင်းက ဝမ်းဗိုက်သို့ ထောက်ဖြင့် ကန်ချလိုက်ပြန်သည်။

"အမလေးဗျ ..."

အော်ဟစ်ရင်း မြေခွေးပုံကျူးရဲ့၏ ခန္ဓာကိုယ်မှာ ကုန်း ကွကွ ဖြစ်လာပြန်သည်။

ဟုန်ဝေယင်းက နှာခေါင်းရှုံ့လိုက်ပြီး ...

"မင်းလိုလူမျိုးဟာ ခေါင်းမာလိမ့်မယ်ဆိုတာ ကျုပ် သိ အသားမနာချင်ရင် ဘယ်မှာရှိတယ်ဆိုတာ ပြော ..."

"တကယ်ပါဗျာ၊ ကျုပ် ..."

ဟုန်ဝေယင်းက စကားဆုံးအောင်ပင် မစောင့်ဘဲ လက်



င်လည်းကောင်း၊ ခြေထောက်ဖြင့်လည်းကောင်း သုံးလေးချက်မျှ ကြိတ်ကန်ကျောက်လိုက်၏။

မြေခွေးပုံကျူးရဲ့မှာ အသံထွက်အောင်ပင် မအော်နိုင်တော့ ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေသွားပြီး သတိလစ်လုမတတ် နေ၏။

ထိုအခါမှ ဟုန်ဝေယင်းမှာ မြေခွေးပုံကျူးရဲ့အား လျစ်လျူရှု တ်သည်။

ထို့နောက် အိမ်ကလေးအတွင်း၌ အဖိုးတန်ပစ္စည်း ဝှက်ထား သည်ဟု ထင်ရသည့် နေရာမှန်သမျှ လိုက်လံမွှေနှောက် ရှာဖွေ တ်လေသည်။

တစ်အိမ်လုံး ပွစာကျဲသွားပြီး ပစ္စည်းများ လဲပြိုကုန်၏။

ထိုအချိန်တွင် ခန္ဓာကိုယ်ပျော့ခွေနေပြီး သတိလစ်နေဟန် သာ မြေခွေးပုံကျူးရဲ့မှာ မျက်လုံးပွင့်လာသည်။

ဟုန်ဝေယင်းက ပစ္စည်းများကိုသာ သဲကြီးမဲကြီး မွှေနှောက် မွှေနေသဖြင့် အလစ်တွင် ရန်းကန်ထွက်ပြေးရန် ကြံပမ်းလိုက်၏။

ထိုစဉ် ဟုန်ဝေယင်း၏လက်တွင်းမှ ပန်းအိုးတစ်လုံး ပစ်လွှင့် သည်ကို တွေ့လိုက်ရလေသည်။

မြေခွေးပုံကျူးရဲ့မှာ ရှောင်တိမ်း နိုင်စွမ်းမရှိသဖြင့် မျက်လုံး တ်ထားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခွမ်း ..."

အသံတစ်သံ ထွက်ပေါ်လာပြီး ပန်းအိုးမှာ အစိတ်စိတ် အ[illegible] မှာ ကွဲကြေသွားလေသည်။ မြေခွေးပျံကျူးရဲ့၏ဦးခေါင်းမှာလ[illegible] သွေးချင်းချင်းနီရဲသွားလေသည်။ သို့သော် ဒဏ်ရာရရှိရုံသာ ရ[illegible] သေဖြင်းသွားခြင်း မရှိပါချေ။

ဟုန်ဝေယင်းက တဟားဟား ရယ်မောလိုက်ပြီး ...

"မင်း ထွက်ပြေးဖို့ စိတ်မကူးနဲ့"

မြေခွေးပျံကျူးရဲ့မှာ ဦးခေါင်းတစ်ခုလုံး ကွဲအက်မ[illegible] နာကျင်သွားပြီး မျက်စိများပြာဝေလာကာ စကားပင် မပြောနိုင်[illegible] ချေ။

ဟုန်ဝေယင်းက မြေခွေးပျံကျူးရဲ့အနီးသို့ ပြန်လျှောက်လာ[illegible]

ထို့နောက် ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်ပြီး ...

"လူတစ်ယောက်ရဲ့ စိတ်ရည်မှုဆိုတာ အတိုင်းအတာရှိ[illegible] မင်းကသာ အမှန်အတိုင်းမပြောဘဲ ခေါင်းမာနေမယ်ဆိုရင် ကျ[illegible] ရိုက်ခွဲပစ်မိလိမ့်မယ်"

မြေခွေးပျံကျူးရဲ့မှာ အားမရှိ၊ မချိသောလေသံဖြင့် ...

"ကျုပ် ... ကျုပ်ဆီမှာ ဘာမှ မရှိတော့ပါဘူးဗျာ၊ ဖြန်[illegible] သုံးလို့ ကုန်ပါပြီ"

သူ၏အသံနှင့် မရှေးမနှောင်းမှာပင် ဟုန်ဝေယင်းက လက်[illegible] တစ်လုံး ထိုးချလိုက်ပြန်သည်။



ယခုတစ်ကြိမ် မျက်နှာအား တည့်မတ်စွာ ထိမှန်သွားသော [illegible]ကြောင့် မြေခွေးပျံကျူးရဲ့မှာ နာကျင်မှုကို သေလုမျောပါး ခံစား [illegible]လိုက်ရလေသည်။

အသံပြာလာသည်အထိ ဆက်ကာဆက်ကာ အော်ဟစ်နေ၏။ [illegible]နဲ့ဝေယင်းမှာ ဒေါသထွက်လာသည့်အပြင် နားညည်းလာသော [illegible]ကြောင့် ထပ်မံထိုးကြိတ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် အိမ်ကလေး၏ပြတင်းပေါက် အပြင်ဘက်မှ [illegible]ဟားသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"သူ့ကို သေအောင်ရိုက်လို့လဲ အကြောင်းမထူးဘူး၊ သူ့တ[illegible]ခ်လဲ အကြောင်းထူးမှာ မဟုတ်ဘူး"

ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် ဟုန်ဝေယင်း မှာ ရင်ထိတ်သွားသည်။ တိုက်ခိုက်ရန် အသင့်အနေအထားဖြင့် လှည့်ကြည့်လိုက်သောအခါ ပြတင်းပေါက် အပြင်ဘက်တွင် လူတစ် ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ဟုန်ဝေယင်းမှာ ထိုလူအား တွေ့မြင်လိုက်ရသဖြင့် မျက်လုံး ပြူးကျယ်သွားရလေသည်။

"ဝမ်းကြို ..."

ဟုန်ဝေယင်း၏နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

* ○ *

www.burmeseclassic.com

www.burmeseclassic.com



(၄)

ပြတင်းပေါက်အပြင်ဘက်တွင် လူတစ်ယောက် ရပ်နေ၏။

တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင်ထားပြီး လက်ထဲတွင် အထုပ်ကလေးတစ်ထုပ် ကိုင်ဆောင်ထားသည်။

မျက်နှာပေါ်တွင် မျက်နှာဖုံးစွပ်ထားခြင်းမရှိ၍သာ သူ၏ ရုပ်ရည်ကို မြင်တွေ့နိုင်ခြင်း ဖြစ်လေသည်။

လူရွယ်တစ်ယောက်ဖြစ်ပြီး အသက်မှာ ၂၄-နှစ်၊ ၂၅-နှစ် ခန့်သာ ရှိဦးမည်ဟု ထင်မှတ်ရ၏။

ယောကျ်ားပီသသော ရုပ်ရည်ရှိပြီး နှစ်လိုဖွယ် ပြုံးနေသည်။

သူ၏အပြုံးကို တွေ့မြင်ရသူတိုင်း ကူးစက်ရောဂါတစ်ခုကဲ့သို့ ရယ်ချင် ပြုံးချင်စိတ်များ ဖြစ်ပေါ်လာနိုင်ကောင်း၏။

သို့သော် ဟုန်ဝေယင်း၏မျက်နှာမှာ ရှုံ့မဲ့သွားရလေသည်။

မြေဆိုးတစ်ကောင်အား တွေ့လိုက်ရသူပမာ မကျေမချမ်း ဖြင့်...

"ဝမ်းကြို... မင်း လာရှုပ်ပြန်ပြီလား"

ဝမ်းကြို ဆိုသော လူရွယ်က ပြုံးလိုက်သည်။

"ခင်ဗျားလိုချင်တဲ့ ပစ္စည်းတွေ ဒီမှာရှိတယ်"

ပြောရင်း လက်ထဲမှ အထုပ်ကလေးအား မြှောက်ပြလိုက်လေသည်။

ဟုန်ဝေယင်း၏မျက်နှာမှာ နီရဲသွားသည်။



ဝမ်းကြို့လက်မှ အထုပ်ကလေးအား မက်မောစွာဖြင့် ကြည့်း...

"ဒါ... ဒါ ကျူးရဲ့ ရဲ့ ပစ္စည်းတွေလား"

ဝမ်းကြို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျား ဒီပစ္စည်းတွေကို လိုက်ရှာနေတာ ဟုတ်လား"

ဟုန်ဝေယင်းမှာ ခပ်ပြင်းသွားပြီး...

"ကျူးရဲ့ ရဲ့ ပစ္စည်းတွေဟာ ကျုပ်နဲ့ဆိုင်တယ်၊ ကျုပ်ကို ရမယ်"

ဟုန်ဝေယင်းမှာ ဒေါသချောင်းချောင်းထွက်နေသော်လည်း ကြို့မှာမူ ပြုံးနေလေသည်။

ပြုံးနေရင်းမှ ဟုန်ဝေယင်းအား မနိုးမခန့်ဖြင့် ကြည့်ရင်း...

"ကျူးရဲ့ ပစ္စည်းတွေကို ခင်ဗျားဆိုင်တယ် ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ် ကြားဖူးတာကတော့ မိဘပစ္စည်းကို သားသမီး ဆိုင် ခဲ့ရှိတယ်၊ ဒီအတိုင်းဆိုရင် ကျူးရဲ့ဟာ ခင်ဗျားအဖေ ဖြစ်သွား ပေါ့"

ဟုန်ဝေယင်းမှာ ဒေါသကို မထိန်းနိုင်အောင် ဖြစ်သွားရတော့ သည်။

"မင်း တော်တော် ဆော်ကားပါလား"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ပြတင်းပေါက်ရှိရာသို့ ခုန်လွှားသွားလေသည်။

သို့သော် ...

ဝမ်းကြီးက ဟုန်ဝေယင်း ရောက်ရှိလာသည်အထိ စောင့်

နေခြင်း မရှိပါချေ။

ခနွာကိုယ် ချာခနဲလှည့်ကာ လျင်မြန်စွာ ထွက်ပြေးသွား

ဟုန်ဝေယင်းမှာ အော်ဟစ်ကြိမ်းမောင်းရင်း နောက်မှ

လိုက်သွားလေတော့သည်။

✻ ⭘ ✻

(၅)

ဟုန်ဝေယင်းမှာ ဝမ်းကြီး နောက်သို့ ပြေးလိုက်သွားပြီး

သည်။ အိမ်ကလေးအတွင်း၌ မြေခွေးပျံကျူးရဲ့မှတစ်ပါး မည်

မရှိတော့ချေ။

ထိုအခါမှ မြေခွေးပျံကျူးရဲ့က ခြေထောက်မှ ဖိနပ်အား

ပစ်လိုက်သည်။

ထို့ကြောင့် သံစူးများ စားပွဲခုံသို့ စိုက်ဝင်နေပြီး ဖမ်း

ထားခြင်း ခံရသည့်ဘေးမှ လွတ်ကင်းသွားလေတော့သည်။

ထိုသို့ လွတ်ကင်းသွားသည်နှင့် လက်ကောက်ဝတ်

သံကွင်းဖြင့် ဆက်ကာ စွပ်ထားသော စားမြောင်နှစ်ချောင်းကို

ပြင်ပေါ်မှ အားကုန်ဆွဲနုတ်လိုက်သည်။



ထို့နောက် ...

ဟုန်ဝေယင်း ပြန်မလာမီ အိမ်ကလေးအတွင်းမှ လျင်မြန်စွာ

ပြေးထွက်သွားလေတော့သည်။

✻ ⭘ ✻

(၆)

အိမ်ကလေး၏ဝဲဘက်တွင် ရေတွင်းတစ်စုရှိသည်။

ရေတွင်းထဲ၌ ရေပုံးတစ်လုံး ရှိနေ၏။

မြေခွေးပျံကျူးရဲ့မှာ အိမ်ကလေးအတွင်းမှ ပြေးထွက်လာပြီး

နောက် ရေတွင်းအနီးသို့ ရောက်လာ၏။

ရေတွင်းဘောင်ကိုမှီ၍ ခေတ္တမျှ အနားယူလိုက်၏။ ပြီးမှ

အသက်ပြင်းပြင်းရှူရှိုက်ကာ ရေပုံးအား ဆွဲတင်လိုက်လေသည်။

အပေါ်သို့ရောက်သောအခါ ရေပုံးထဲ၌ ရေတစ်စက်မျှ ပါရှိ

လာချေ။ ရေများအစား အထုပ်ကလေးတစ်ခုသာ ပါလာလေသည်။

မြေခွေးပျံကျူးရဲ့သည် အထုပ်ကလေးအား အငမ်းမရ လှမ်းယူလိုက်

ပြီး ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

အနီးပတ်ဝန်းကျင်၌ လူရိပ်လူခြည် မတွေ့ရဘဲ သူတစ်ယောက်

တည်းရှိတော့မှ စိတ်သက်သာရာရရှိသွားလေသည်။ ထို့နောက်

အထုပ်ကလေးအား ရင်ဝယ်ပိုက်၍ ထွက်ပြေးသွားရန် ခြေလှမ်းပြင်

လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် ကြာရှည်ဆက်နေလျှင် ဟုန်ဝေယင်းက ဒုတိ
အကြိမ် ပြန်ရောက်လာနိုင်သည် မဟုတ်ပါလား။

ထိုစဉ်မှာပင် လက်ခုပ်သံတဖြောင်းဖြောင်း ထွက်ပေါ်လာသည်
ကို ကြားလိုက်ရ၏။ မြေခွေးပျံကျူးရဲ့မှာ ထိတ်လန့်တုန်လှုပ်သွ
ကာ လက်ခုပ်သံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်၏။

လက်ခုပ်သံမှာ အိမ်ခေါင်မိုးပေါ်မှ ထွက်ပေါ်လာခြင်း ဖြ
သည်။ အိမ်ခေါင်မိုးပေါ်တွင် လူနှစ်ယောက် ထိုင်နေ၏။ ဝမ်းကြ
နှင့် ဟုန်ဝေယင်းတို့ပင် ဖြစ်ပါသည်။

မြေခွေးပျံကျူးရဲ့မှာ အင်အားများ ကုန်ခမ်းသွားသည့်အလ
မြေပေါ်သို့ ဒူးထောက်ကျသွားလေတော့သည်။

✱ ○ ✱

(၇)

ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ ခေါင်မိုးပေါ်မှ ပြိုင်တူခုန်ဆင်း
လာကြ၏။ မြေပေါ်သို့ ရောက်သည်နှင့် မြေခွေးပျံကျူးရဲ့ထံသို့
ပြေးလွှားသွားကြသည်။

သူတို့နှစ်ယောက်အနက် ဝမ်းကြီး၏လှုပ်ရှားမှုမှာ ပို၍ လျင်မြ
သယောင် ရှိနေ၏။

သို့သော် ဟုန်ဝေယင်း၏လှုပ်ရှားမှုမှာလည်း နှေးသည်ဟု
မဆိုနိုင်ပါချေ။



မြေခွေးပျံကျူးရဲ့မှာ အခြေအနေ မဟန်ကြောင်း သဘော
ပေါက်လိုက်သည်နှင့် ထွက်ပြေးသွားရန် ကြိုးစားလိုက်သည်။

ထိုစဉ် သူ၏လက်မောင်းတစ်ဖက်မှာ တင်းခနဲဖြစ်သွားပြီး
တစ်ယောက်၏ ဖမ်းဆုပ်ထားခြင်းကို ခံလိုက်ရ၏။ ဝမ်းကြီးက
ဆွဲထားလိုက်ခြင်း ဖြစ်ပါသည်။

တစ်ခဏ်အချိန်အတွင်းမှာပင် ကျန်လက်တစ်ဖက်မှာလည်း ဆုပ်
ကိုင်ထားခြင်း ခံလိုက်ရပြန်သည်။

ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့သည် မြေခွေးပျံကျူးရဲ့အား
ဖက်ညှပ်ကာ ဖမ်းဆီးချုပ်ကိုင်ထားလိုက်ကြခြင်းဖြစ်သည်။

သူတို့နှစ်ယောက်စလုံး လက်တစ်ဖက်စီဖြင့် မြေခွေးပျံကျူးရဲ့
အား ဖမ်းဆုပ်ထားကြပြီး ကျန်လက်တစ်ဖက်စီဖြင့် ကျူးရဲ့၏ရင်ခွင်
တွင်းမှ အထုပ်ကလေးအား လုယူလိုက်ကြသည်။

ကျူးရဲ့က အထုပ်ကလေးအား အလွှတ်မပေးဘဲ တင်းကြပ်
စွာ ပွေ့ဖက်ထား၏။

ထို့ကြောင့် ...

နှစ်ယောက်စလုံးပင် ဆွဲယူမရဘဲ ဖြစ်သွားသည်။

ဟုန်ဝေယင်းမှာ ဒေါသထွက်သွားပြီး ...

"မင်း ဘယ်လိုလုပ်တာလဲ"

ဝမ်းကြီးက အပြုံးမပျက်ဘဲ ...

"ခင်ဗျားကော ဘာလုပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းမှာ ဒေါသထွက်သွားပြီး ...

"ကျုပ်လုပ်တဲ့ အလုပ်မှန်သမျှ မင်းလိုက်ရှုပ်နေတာ မကောင်းဘူးထင်တယ်"

"အို ... ကျုပ်က လိုက်ရှုပ်တာမှ မဟုတ်ဘဲ၊ ကျုပ်အလုပ် ကျုပ်လုပ်တာ၊ ခင်ဗျားနဲ့ အခုလို ခဏခဏ ရင်ဆိုင်တွေ့နေတော့ ခင်ဗျား လိုက်ရှုပ်တာပဲ ဖြစ်ရမယ်"

"မင်း ရှုပ်တာ"

"မင်းသာ ရှုပ်တာ"

ပြောရင်း ကျူးရဲ့အား လက်လွှတ်ကာ နှစ်ယောက်သား တိုက်နိုက်ကြလေတော့သည်။

ထိုအချိန်တွင် ကျူးရဲ့မှာ အခွင့်ကောင်းယူ၍ ထွက်ပြေးရန် ကြိုးစားလိုက်သည်။

သို့သော် ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့က ပြိုင်တူပင် တိုက်နိုက်ရာမှ ရပ်တန့်လိုက်ကြပြီး ကျူးရဲ့အား ဖမ်းဆွဲထားလိုက်ပြန်သည်။

ယခုတစ်ကြိမ် နှစ်ယောက်စလုံးပင် ကျူးရဲ့အား ထုရိုက်ကာ အထုပ်ကလေးအား ဆွဲလုလိုက်ကြသည်။ ကျူးရဲ့မှာ အသေအလဲ ဖက်တွယ်ထားသော်လည်း နောက်ဆုံး ထုရိုက်မှုကို မခံနိုင်တော့ဘဲ လက်လွှတ်ပေးလိုက်ရ၏။



ထိုအခါ တိုင်ပင်ထားကြသည့်အလား ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ ကျူးရဲ့အား ပြိုင်တူကန်ချလိုက်ကြ၏။

"ဝုန်း ..."

ကျူးရဲ့မှာ အဝေးသို့လွင့်စင်သွားပြီး မြေပေါ်သို့ လဲကျကာ မှောက်သွားလေတော့သည်။

မကြာပါချေ ...

လက်နှစ်ဖက်သာမက ခြေထောက်များပါ ပါလာကြလေတော့သည်။

နှစ်ယောက်သား နီးကပ်စွာတိုက်နိုက်နေရသောကြောင့် အထုပ်ကလေးအား မည်သူမျှ မကောက်ယူနိုင်စေရန် ပြိုင်တူပင် ခြေဖြင့် ကန်ထုတ်လိုက်ကြလေသည်။

အထုပ်ကလေးမှာ လွင့်စင်သွားပြီး မြေခွေးပုံကျူးရဲ့၏အနီး မမျှော်လင့်ဘဲ ရောက်ရှိသွား၏။

ထိုအချိန်တွင် ကျူးရဲ့မှာ သတိရလာပြီဖြစ်သည်။ ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာမူ ပြင်းထန်စွာ တိုက်နိုက်နေကြလျက်ပင်ရှိသည်။

ထို့ကြောင့် ကျူးရဲ့သည် အားယူ၍ ထကာ အထုပ်ကလေးအား ကောက်ယူပြီး ထွက်ပြေးရန် ကြိုးစားလိုက်သည်။

ထိုအခြင်းအရာကို တွေ့မြင်လိုက်ရသော ဟုန်ဝေယင်းမှာ ဒေါသထွက်နေနိုင်တော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် နောက်ကျွမ်းပစ်ကာ ကျူးရဲ့အား ခုန်အုပ်လို
၏။

တစ်ဆက်တည်းပင် လက်သီးတစ်လုံး ပစ်သွင်း လိုက်ရာ ...

"အွန် ..."

ကျူးရဲ့မှာ မြေပေါ်သို့ ပြန်လည် လဲကျသွား၏။

အထုပ်ကလေးမှာလည်း သူ၏လက်တွင်းမှ လွင့်ထွက်သွ
လေသည်။

ဟုန်ဝေယင်းက အထုပ်ကလေးအား ပြေးကောက်ရန် ဟန်ပြ
လိုက်စဉ်မှာပင် ဝမ်းကြီးက အရင်ဦးစွာ ကောက်ယူထားပြီး ဖြစ်သည်

သူသည် အထုပ်ကလေးအား မြှောက်ပြလိုက်ပြီး ...

"ကျုပ်အတွက် ရပြီ၊ ဒါကြောင့် ကျုပ်သွားတော့မယ်"

ပြောပြီးသည်နှင့် ခန္ဓာကိုယ် ချာခနဲ လှည့်ကာ ပြေးထွက်သွ
၏။

ဟုန်ဝေယင်းမှာ ဒေါသချောင်းချောင်းထွက်သွားကာ ...

"ဟေ့ ... မပြေးနဲ့"

အော်ဟစ် ဟန့်တားရင်း နောက်မှ ပြေးလိုက်သွားလေတော
သည်။

* * *

(၈)

မြေခွေးပျံကျူးရဲ့၏ မျက်နှာတစ်ခုလုံးမှာ ဖူးယောင်နေ



သူ၏ အဝတ်အစားများမှာလည်း ညစ်ပတ်ပေကျံနေသဖြင့်
ပ်ဝင် မပေါ်တော့ချေ။

ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့ ထွက်ခွာသွားကြမှ သူသည်
ပေါ်သို့ အားယူကာ မတ်တတ်ရပ်လိုက်သည်။

ထို့နောက် အမြန်ဆုံးထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေ
ည်။

သို့သော် ခြေသုံးလေးလှမ်းမျှ လှမ်းလိုက်ပြီးနောက် ခြေလှမ်း
တန့်သွားပြန်၏။

အကြောင်းမှာ ...

သူ၏သွားရာလမ်းကို ပိတ်ဆို့ထားသည့် လူတစ်ယောက်အား
လိုက်ရသောကြောင့်ဖြစ်သည်။

လမ်းပိတ်ရပ်နေသူမှာ ဟုန်ဝေယင်း ဖြစ်လေသည်။

သူ၏မျက်နှာ ရှုံ့မဲ့နေသည်ကို ကြည့်ရခြင်းအားဖြင့် ဝမ်းကြီး
မမိဘဲ လွှတ်ပေးလိုက်ရကြောင်း သိသာနိုင်၏။

မြေခွေးပျံကျူးရဲ့မှာ ဟုန်ဝေယင်းအား တွေ့လိုက်ရသည်နှင့်
်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

ချက်ချင်းပင် မြေပေါ်သို့ ဒူးထောက်ချလိုက်ပြီး ...

"ကျုပ်ကို စန်းရန်ဌာနခွဲရောက်အောင် ပို့ပေးပါဗျာ"

* ✪ *

www.burmeseclassic.com

www.burmeseclassic.com



(၉)

ရှောင်ဝမ်၏မျက်နှာမှာ ပြုံးရွှင်နေ၏။

မြွေခွေးပုံကျူးရဲ့မှာ သံတိုင်များနောက်ကွယ်သို့ ရောက်ရှိ
ပြီဖြစ်သည်။

ထို့နည်းတူ ငွေခုနစ်ရာပါ စက္ကူအိတ်ကလေးမှာလည်း
ဝေယင်း၏ရှေ့သို့ ရောက်ရှိနေ၏။

ဟုန်ဝေယင်းမှာ စက္ကူအိတ်ကလေးအား ဂရုမစိုက်ချေ။
ဝမ်၏ မျက်နှာကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေ၏။
မှာ အနေခက်လာသည့်အလား စပ်ဖြဲဖြဲ ပြုံးလိုက်သည်။

"ခင်ဗျား သိပ်တော်တဲ့လူပဲ၊ ပြောတဲ့အတိုင်း ငါးရက်အ
မြွေခွေးပုံကျူးရဲ့ကို ဖမ်းလာနိုင်တာ ချီးကျူးစရာပါပဲဗျာ"

ဟုန်ဝေယင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက် ရှောင်ဝမ်အား စေ့စေ့ကြည့်ရင်း ...

"ခင်ဗျားပြောတဲ့အတိုင်း မြွေခွေးပုံကျူးရဲ့ကို မိလာပြီ
လား"

"ဟုတ်တယ်လေ၊ ဒါကြောင့် ခင်ဗျားကို ချီးကျူးနေ
ပေါ့"

"ချီးကျူးတာထက် ခင်ဗျား တစ်ခါပြောဖူးတဲ့ကိစ္စကို
ပိုပြီးသိချင်တယ်"

ရှောင်ဝမ်မှာ မျက်မှောင်ကုပ်သွား၏။



သူပြောခဲ့သည့်စကားကိုပင် မေ့နေဟန်ဖြင့် ...

"ဘာကိစ္စများလဲဗျ"

ဟုန်ဝေယင်း၏မျက်နှာမှာ ရုတ်တရက်ဆိုသလို တင်းမာသွား
ည်။

သူသည် ရှောင်ဝမ်အား မကျေမနပ်ဖြင့် ကြည့်ရင်း ...

"ခင်ဗျား မေ့နေပြီလား"

ဟုန်ဝေရင်း စိတ်ဆိုးသွားမှန်း ရိပ်မိလိုက်သဖြင့် ရှောင်ဝမ်က
များသလဲ တောင်းပန်လိုက်လေသည်။

"စိတ်မရှိပါနဲ့ဗျာ၊ ကျုပ် အလုပ်များလို့ မေ့သွားတာကို ခွင့်
တ်ပါ"

"ခင်ဗျား ဘာကိစ္စ သိချင်တာလဲ"

ဟုန်ဝေယင်းက လက်ငါးချောင်း ထောင်ပြလိုက်ပြီး ...

"ငွေငါးထောင်တန်တဲ့ကိစ္စ ..."

"ဗျာ ... ငွေငါးထောင်တန်တဲ့ကိစ္စ၊ ဟုတ်လား"

"ဟုတ်တယ်၊ ဆုငွေငါးထောင် သတ်မှတ်ထားတဲ့ လူဆိုး
ယောက်ရဲ့ပုံကို ကျုပ်လိုချင်တယ်"

ရှောင်ဝမ်မှာ အံ့ဩသွားဟန်ရှိသော်လည်း ချက်ချင်းပင် ပြုံး
တ်လေသည်။

"အော် ... ဒါလား"

www.burmeseclassic.com

www.burmeseclassic.com



ယခုမှ သတိရလာဟန်ဖြင့် စင်ဝါးဘက်သို့လှည့်လိုက်ပြီး ...

"ဟော့ ... စင်ဝါး၊ ဆုငွေထုတ်ထားတဲ့ လူဆိုးတွေရဲ့ ကြော်ငြ

ပုံတွေ ယူလာခဲ့စမ်း"

စင်ဝါးက ချက်ချင်းပင် ကြော်ငြာစက္ကူတစ်ထပ် ယူဆော

လာလေသည်။

ထို့နောက် ဟုန်ဝေယင်းရှေ့သို့ ထိုးပေးလိုက်၏။

ဟုန်ဝေယင်းသည် ဆုငွေထုတ်ကာ ကြေညာထားသော လူဆို

များ၏ ပုံများကို တစ်ခုပြီးတစ်ခု စစ်ဆေးကြည့်ရှုလိုက်သည်။

များသောအားဖြင့် ဆုငွေငါးရာမှ တစ်ထောင်အတွင်း သတ်

မှတ်ထားခြင်းခံရသော လူဆိုးများသာ ဖြစ်ကြလေသည်။

ဟုန်ဝေယင်းမှာ စိတ်တိုင်းမကျသည့်အလား ကြော်ငြာစာရွက်

များကို တစ်ရွက်ပြီးတစ်ရွက် ဘေးဖယ်လိုက်သည်။

ရှောင်ဝမ်ကိုလည်း မကျေမနပ်ဖြင့် ကြည့်ရင်း ...

"ဘယ်လိုလဲဗျ။ ဆုငွေငါးထောင် ထုတ်ထားတဲ့ ..."

သူ၏စကားမှာ ထစ်ပိုင်းတစ်စ ရပ်တန့်သွားလေသည်။ သူ၏

မျက်လုံးအစုံမှာလည်း ကြော်ငြာစာရွက်တစ်ခုပေါ်သို့ ရောက်ရှိသွား

လေသည်။

သူ၏ပုံပန်းမှာ အံ့အားသင့်သွားသကဲ့သို့ရှိနေပြီး နှုတ်မှ လွတ်

ခနဲ ရေရွတ်လိုက်မိသည်။

"ဆုငွေငါးသောင်း ..."



သူ၏အသံကြောင့် ရှောင်ဝမ်နှင့် စင်ဝါးတို့မှာလည်း လှုပ်လှုပ်

ရှားရှား ဖြစ်သွားကြသည်။

ကြော်ငြာစာရွက်ပေါ်တွင် ရေးသားထားသော ဆုငွေမှာ အမှန်

င် ဆုငွေငါးသောင်း ဖြစ်နေ၏။

ဟုန်ဝေယင်းက တခြား ကြော်ငြာစာရွက်များကို လွှင့်ပစ်

ိုက်ပြီး ငါးသောင်းတန် ကြော်ငြာစာရွက်ကိုသာ ဆုပ်ကိုင်ထား

ိုက်သည်။

အတန်ကြာမှ ရှောင်ဝမ်ရှေ့သို့ ချပြလိုက်ပြီး ...

"ဒီမှာကြည့်စမ်း ... ဆုငွေငါးသောင်း မဟုတ်လား"

ရှောင်ဝမ်မှာ ရုတ်တရက် စကားမပြောနိုင်ဘဲ ဖြစ်နေ၏။

တန်ကြာမှ အာခေါင်ခြောက်လာသည့်အလား တံတွေးမျိုချလိုက်

...

"ဟုတ် ... ဟုတ်တယ်"

ဟုန်ဝေယင်း၏မျက်နှာမှာ ပြုံးရွှင်သွားလေသည်။

သူ၏မျက်ဝန်းအစုံမှာလည်း ဝင်းလက်တောက်ပလာလေ

ည်။

သူသည် ရှောင်ဝမ်အား မော့ကြည့်ရင်း ...

"ဘယ်လိုလဲဗျ။ ဒီလောက် ဆုငွေများတဲ့ လူဆိုးရှိတာ ကျုပ်

သိပါလား"

ရှောင်ဝမ်က သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် မသိမသာ ခေါင်းခါယမ်းလိုက်၏။

"ဒါ ကျုပ်မေ့နေလို့ မဟုတ်ဘူး၊ ခင်ဗျား ရှာတွေ့နိုင်

မဟုတ်လို့ မပေးတာပါဗျာ"

ဟုန်ဝေယင်းမှာ အံ့ဩသွားပြီး ...

"ဘာဖြစ်လို့လဲ"

"ဒီတရားခံဟာ လွန်ခဲ့တဲ့ (၁၀)နှစ်လောက်ကတည်းက အ

ရှိနေတဲ့ တရားခံတစ်ယောက်ပါ၊ နှစ်တွေကြာလာလို့ သူ့ကို မိ

တော့မယ် မထင်ဘူး"

"ဟာ ... ဒီလိုပြောလို့ ဘယ်ရမလဲ"

"ဘာလဲ ... ခင်ဗျားက ကြိုးစားချင်လို့လား"

"ဟုတ်တယ်"

"အန္တရာယ်များမယ် ထင်တယ်ဗျ"

ရှောင်ဝမ်က မယုံမရဲ ပြန်ပြောလိုက်သည်။ ဟုန်ဝေယင်း

မှဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ကိစ္စမရှိဘူး၊ ဆုငွေများလေ အန္တရာယ်များလေဆိုတာ က

သဘောပေါက်ပါတယ်၊ ဒါပေမယ့် ဒီဟာက ကျုပ်ကိစ္စပဲ၊ ခင်ဗျာ

မဆိုင်ဘူး၊ ခင်ဗျားနဲ့ဆိုင်တာက သူ့ရဲ့နောက်ကြောင်းရာဇဝင် န

နည်းပါးပါး ပြောပြဖို့ပဲ မဟုတ်လား"

ရှောင်ဝမ်က ပခုံးတွန့်လိုက်သည်။

"ဒါတော့ ခင်ဗျားသဘောပဲ၊ အဲဒီလူဆိုးရဲ့ နာမည်က ဖ



ခေါ်တယ်၊ ပီကင်းမြို့က ကျောက်စိမ်းရတနာဆိုင်ကို လုယက်

ားပြတစ်ယောက်ပဲ"

ဟုန်ဝေယင်းက ခေါင်းညိတ်လိုက်သည်။

သူသည် သိုင်းလောကသို့ စတင်ဝင်ရောက်လာသည်နှင့် လွန်

သာ နှစ်ပေါင်း နှစ်ဆယ်ခန့်မှစ၍ ယနေ့အထိ ကျော်ကြားနေသော

ိုးသမားများ၏အကြောင်းကို လေ့လာထားခဲ့၏။

ထို့ကြောင့် နှစ်ပေါင်းနှစ်ဆယ် ကာလအတွင်း လုယက်မှုများ

တ် အကြီးမားဆုံး လုယက်မှုတစ်ခုဖြစ်သော ကျောက်စိမ်းရတနာ

င် လုယက်မှုကြီး၏အကြောင်းကို သူကြားသိထားခဲ့ပြီး ဖြစ်လေ

ည်။

ဟုန်ဝေယင်းမှာ သဘောကျစွာ ပြုံးလိုက်သည်။

ပီကင်းမြို့တွင် ကျောက်စိမ်းရတနာဆိုင်မှာ အကြီးမားဆုံး

ကျောက်မျက်ရတနာ ရောင်းဝယ်သည့်ဆိုင် ဖြစ်သည်။

ထို့ကြောင့် ဓားပြကြီးဝူးတီနှင့် အဖွဲ့မှာ အဖိုးတန် ကျောက်

က်ရတနာ အမြောက်အများ ရရှိသွားပေလိမ့်မည်။ အကယ်၍

ာသာ ဓားပြကြီးဝူးတီအား ရှာဖွေနိုင်ခဲ့ပါလျှင် ဆုငွေငါးသောင်း

ည့်အပြင် အဖိုးတန်ကျောက်မျက်ရတနာများကိုပါ ရနိုင်သေးသည်

ုတ်ပါလား။

ထို့အပြင် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက လူဆိုးအား ရှာဖွေ

ိမ်းဆီးရသည်ကို သူက သဘောကျနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့မှလည်း ဝမ်းကြွနှင့် ထိပ်တိုက်ရင်မဆိုင်မိဘဲ ဖြစ်နေ

"ကောင်းတယ် ... ဒါမှ မတိုးမိမှာ"

သူ၏နှုတ်မှ လွတ်ခနဲ ထွက်သွားသော အသံကြောင့် ရွှေ
ဝမ်မှာ မျက်မှောင်ကုပ်သွားကာ ...

"ဘာ မတိုးမိမှာလဲ"

ဟုန်ဝေယင်းက ကပျာကယာ ခေါင်းခါယမ်းလိုက်ပြီး ...

"ဒါတွေ ခင်ဗျား မသိပါဘူးဗျာ"

ပြောရင်း သဘောကျစွာ ပြုံးလိုက်၏။

"မင်းက နီးတာရှာတော့ ငါက ဝေးတာ ရှာမယ်၊ အဲ
တိုက်ဆိုင်ပြီး တိုးမိရင် ငါ့ကို သက်သက်မဲ့ အတိုက်အခံလုပ်တာ
ဒီလိုသာဆိုရင် မင်းနဲ့ငါ အပြတ်ရှင်းကြရမှာပေါ့ ဝမ်းကြီးရာ"

ဟုန်ဝေယင်း စိတ်ထဲမှ ကြိတ်၍ ကြုံးဝါးနေမိလေသည်။

ဟုန်ဝေယင်း ငေးငိုင်နေသည်ကို တွေ့ရသောကြောင့် ရွှေ
ဝမ်မှာ အံ့သြသွားကာ ...

"ခင်ဗျား ဘာတွေ စဉ်းစားနေတာလဲ"

ဟုန်ဝေယင်းသည် ရှောင်ဝမ်၏အသံကြားရမှ သတိဝင်
၏။ ထို့ကြောင့် သူသည် ဓားပြဗိုလ်ဝူးတီ၏ပုံကို လက်ညှိုး
ထောက်ကာ ...

"ဒီပုံဟာ သိပ်ပြီး နုနယ်နေတယ်၊ ဆယ်နှစ်လောက်ကြာ
ဆိုတော့ ရုပ်လည်း ပြောင်းသွားရောပေါ့"



ရှောင်ဝမ်က ပြုံးလိုက်သည်။

"ဒါ မခဲယဉ်းပါဘူးဗျာ"

ပြောရင်း စားပွဲပေါ်တွင် အသင့်ရှိနေသော စုတ်တံကို ကောက်ယူလိုက်သည်။ တစ်ဖန် ဝူးတီ၏မျက်နှာပေါ်တွင် နှုတ်ခမ်းမွေးနှစ်ခု တပ်ပေးလိုက်၏။

ဓားပြဗိုလ်ဝူးတီမှာ အသက်ဆယ်နှစ်ခန့် ပိုကြီးသွားသည်ဟု ထင်မှတ်လိုက်ရလေတော့သည်။

✱ ◉ ✱

www.burmeseclassic.com

www.burmeseclassic.com



# အရိပ်

## (၁)

ဆယ်နှစ် ဟူသော အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ဆယ်နှစ်ကြာပြီးသောအခါ တေးပြမိုလ်ဝူးတီ၏မျက်နှာပေါ်တွင် အမှန်ပင် နွတ်ခမ်းမွေးများ ရှိလာ၏။

ကျန်းမာရေးကို ဂရုစိုက်ခဲ့သောကြောင့် အသက်ဆယ်နှစ်ခန့် ပိုကြီးလာသော်လည်း လူရွယ်တစ်ယောက်ပမာ နုပျိုသန်စွမ်းနေဆဲ ဖြစ်သည်။

ယခင်က တေးပြမိုလ်ဝူးတီ ဖြစ်ခဲ့သော်လည်း ယခုမူ "နိုက်တင်မြို့မှ သူဌေးကြီးလုဝမ်းထင်း" ဖြစ်နေ၏။

သိုင်းပညာကို နေ့စဉ်ရက်ဆက် လေ့ကျင့်ခဲ့ပြီး အတွင်းအားမှာလည်း ကြောက်ခမန်းလိလိ တိုးတက်နေသူဖြစ်သည်။

ထို့အပြင် ...

သာရေး နာရေး လူမှုရေးကိစ္စများတွင် ရက်ရောစွာ ပေးကမ်း



…ကြီ ကျည်တတ်သဖြင့် နိုက်တင်မြို့မှ လူတိုင်း လေးစား ကြည်ညို…သာ လူကြီးလူကောင်းတစ်ယောက် ဖြစ်နေလေသည်။

သူ့အား တေးပြမိုလ်ဝူးတီ ဖြစ်သည်ဟု မည်သူက စွပ်စွဲဝံ့ပါ…ည်နည်း။

မည်သူကကော သံသယဝင်နိုင်မည်နည်း။

✻ ◉ ✻

## (၂)

ည ...

ဝန်းကျင်တစ်ခုလုံးမှာ မည်းမှောင်လျက်ရှိနေသည်။

ကြယ်ရောင်ပင် မလင်းသော လမိုက်ည တစ်ညပင် ဖြစ်လေသည်။

နိုက်တင်မြို့ တစ်မြို့လုံး မှောင်မည်းနေသော်လည်း သူဌေးကြီးလုဝမ်းထင်း၏ အိမ်ဂေဟာမှာမူ မီးရောင်များဖြင့် လင်းထိန်လျက်ရှိနေလေသည်။

မီးပုံးကိုင်၍ ကင်းလှည့်နေသော အစောင့်အကြပ်များနှင့် မှောင်ရိပ်ခို၍ လျှို့ဝှက် ကင်းပုန်းချထားသော အစောင့်အကြပ်များမှာ သူဌေးကြီးလုဝမ်းထင်း၏အိမ်ဂေဟာကို မျက်ခြည်မပြတ် …ဝင် ကြပ်နေကြလေသည်။

လုဝမ်းထင်းမှာ အတွေ့အကြုံရင့်ကျက်သူတစ်ယောက် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် လုံခြုံရေးအစီအစဉ်များကို သေချာစွာ စီစဉ်ထားခြင်း ဖြစ်ပေသည်။

ထိုထက်ပို၍ဆိုရလျှင် လူကောင်းအဖြစ် ဟန်ဆောင်နေရသည့် သူ၏ဘဝအား အဖြစ်မှန် ဇာတ်ရုပ်ပေါ်လွင်သွားမည်ကို နေ့စဉ်နှင့် အမျှ စိုးရိမ်ပူပန်နေရသောကြောင့်ဖြစ်သည်။

မည်သို့ဆိုစေ၊ အချိန်ကြာလာသည်နှင့်အမျှ စိုးရိမ်စိတ်များ လျော့နည်းလာသည်မှာ လူသားတို့၏ သဘာဝပင် ဖြစ်ချေသည်။

လုဝမ်းထင်းမှာလည်း ဆယ်နှစ်ကျော် အချိန်ကုန်သွားသော အခါ စိုးရိမ်စိတ်များ တဖြည်းဖြည်း လျော့ပါးသွား၏။

ထို့အပြင်...

လက်ရှိဘဝတွင် မိန်းမူးသာယာလာလေသည်။

သူ၏ လက်ရှိ ဘဝမှာ အရာရာ ပြည့်စုံနေသည် မဟုတ်ပါ လား။

ယနေ့ညလည်း လုဝမ်းထင်းမှာ စုစု၏အခန်းတွင်း၌ ရှိနေ၏။

စုစုမှာ လုဝမ်းထင်း၏ မိန်းမငါးယောက်အနက် အငယ်ဆုံး နှင့် အချောဆုံး မိန်းကလေး ဖြစ်လေသည်။

✻ ◎ ✻

(၃)

ဝါကျင့်ကျင့်မီးရောင်မှာ အခန်းတွင်းသို့ ထိုးကျနေ၏။



အခန်းတွင်း၌ မွှေးပျံ့သင်းကြိုင်သော အမွှေးနံ့များ ပက်ဖျန်း ထားသဖြင့် မွှေးကြိုင်နေလေသည်။

အိမ်ထောင်ပရိဘောဂများနှင့် ခန်းလုံးပြည့် ခင်းထားသော မွေ့ရာမှ ကော်ဇောများအား ကြည့်ရုံဖြင့် ချမ်းသာကြွယ်ဝမှုအတိုင်း တာကို သိရှိနိုင်လေသည်။

ညဉ့်နက်ပြီဖြစ်သော်လည်း လုဝမ်းထင်းမှာ အိပ်မပျော်နိုင်သေး ဘဲ ဖြစ်နေသည်။ စားပွဲခုံတွင် ထိုင်၍ အရက်ကို မိမိဖသောက်လျက် နေသည်။

အရက်သောက်ရင်းနှင့်ပင် စုစု၏အကြောင်းကို တွေးနေမိ သည်။

စုစုမှာ သူ့အနှစ်သက်ဆုံး မိန်းကလေးတစ်ယောက်ဖြစ်သည်။ နှင့်အတူရှိနေသည့် အချိန်များမှာ သူ့ဘဝ၏ အပျော်ရွှင်ဆုံးအချိန် ဖြစ်သည်ဟု ယူဆထားလေသည်။

အခန်းထောင့်တစ်နေရာတွင် ခုတင်တစ်လုံးရှိပြီး စုစုမှာ မ်းထင်းအား ကျောပေး၍ အိပ်နေသည်။

လုဝမ်းထင်းသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

သူသည် အသက်ကြီးရင့်သော်လည်း စိတ်ဓာတ်မှာ နုပျိုနေဆဲ ဖ်လေသည်။

လုဝမ်းထင်းသည် အရက်ခွက်ကို အသာချကာ ထိုင်ရာမှ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် အခန်း၏ဝဲဘက်ရှိ ပြတင်းပေါက်မှ အလင်းရောင် တချို့ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

တစ်ဆက်တည်းမှာပင် စက္ကူဖြင့်ကာထားသော ပြတင်းပေါက် ပေါ်၌ အလွန်ကြီးမားသော ပင့်ကူတစ်ကောင်၏အရိပ် ထင်ဟပ်လာ သည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအရိပ်အား မြင်တွေ့လိုက်ရသည်နှင့် လုဝမ်းထင်းမှာ မျက် လုံးပြူးကျယ်သွားကာ...

"ပင့်ကူ ..."

အထိတ်တလန့် ရေရွတ်ရင်း အနီးရှိ ကုလားထိုင်တစ်လုံးဖြင့် ပြတင်းပေါက်ဆီသို့ ပစ်ပေါက်လိုက်သည်။

ထို့အပြင် ကြမ်းပြင်ပေါ်သို့ ခြေဆောင့်ကာ ပြတင်းပေါက် ဆီသို့ ခုန်ထွက်လိုက်လေသည်။

"ဝုန်း ..."

ပြတင်းပေါက်မှာ ကျိုးပဲ့ကြေမွသွား၏။

လုဝမ်းထင်းမှာ အပြင်ဘက်သို့ရောက်ရှိသွားသည်နှင့် လက် နှစ်ဖက်ကို ရင်ဝတွင် အကာအကွယ်ပြုလိုက်ပြီး ရန်သူကို ရှာဖွေ လိုက်လေသည်။

အလင်းရောင်မှနေ၍ အမှောင်ထုအတွင်းသို့ ရုတ်တရက် ကြည့်လိုက်ရသောကြောင့် မျက်လုံးများ ပြာဝေနေပြီး မည်သည့် အရာကိုမျှ သဲသဲကွဲကွဲ မတွေ့ရချေ။



အတန်ကြာမှ ဝဲဘက်ရှိ သစ်ပင်ကြီး တစ်ပင်အောက်တွင် မီးအိမ်တစ်လုံးရှိနေသည်ကို တွေ့လိုက်ရလေသည်။

မီးအိမ်မှာ ကြိုးဖြင့်ချည်၍ သစ်ပင်ပေါ်မှ တွဲလောင်းချထား ခြင်းဖြစ်သည်။

သေသေချာချာကြည့်လိုက်သောအခါ မီးအိမ်ပေါ်တွင် ခရမ်း ရောင် ပင့်ကူတစ်ကောင် လှုပ်ရှားနေသည်ကို တွေ့ရသည်။

လုဝမ်းထင်းသည် မဲ့ပြုံး ပြုံးလိုက်ပြီး မီးအိမ်ရှိရာသို့ လျှောက် လှမ်းသွားရန် ခြေလှမ်းပြင်လိုက်သည်။

သို့သော် သူ၏စိတ်ထဲ၌ ဟာနေပြီး တစ်စုံတစ်ခုအား စိုးရိမ် သလို ခံစားနေရ၏။

ထို့ကြောင့် အသက်ပင်ပြင်းပြင်းမရှုံ့ဘဲ အတန်ကြာ ငြိမ်သက် နေလိုက်မိလေသည်။

ထိုအခါမှ မီးအိမ်၏နောက်ကွယ်တွင် အနက်ရောင်ဝတ်ဆင် ထားသူတစ်ယောက်၊ မလှုပ်မယှက် ရပ်နေသည်ကို တွေ့လိုက်ရတော့ သည်။

ထိုသူအား တွေ့မြင်လိုက်ရသည်နှင့် လုဝမ်းထင်းမှာ ရင်ထိတ် သွားသည်။

သူသည် အနက်ရောင် ဝတ်ဆင်ထားသူအား မျက်မှောင် ကြုတ်၍ ကြည့်လိုက်ပြီး...

"ဝင့်ကူ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူ၏အသံမှာ အောင်မြင်ခဲ့ညားစွာ ထွက်ပေါ်လာသော်လည်း အနက်ရောင်ဝတ်ဆင်ထားသူက အဖြေမပေးချေ။ နေရာတွင်သာ ရပ်မြဲ ရပ်နေ၏။

လုဝမ်းထင်းက အံကိုတင်းတင်းကြိတ်လိုက်ပြီး–

"ငါ့ မင်းကို ကြောက်မယ်များထင်သလား"

ပြောရင်း ခုန်အုပ်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ်မှာပင် ခြေသံများ ရှုပ်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသော အစောင့်အကြပ် လေးယောက်သည် လုဝမ်းထင်း၏အသံကြောင့် ကူညီရန် ပြေးလွှား လာကြခြင်း ဖြစ်လေသည်။

ပြေးလွှားလာသူ လေးယောက်အနက် လုဝမ်းထင်း၏ကိုယ်ရံ တော်ဖြစ်သော "ဝမ်းအော့"ဆိုသူလည်း ပါလာ၏။

ဝမ်းအော့သည် လုဝမ်းထင်းအနီးသို့ ရောက်ရှိလာသည်နှင့် ရေးကြီးသုတ်ပျာဖြင့် ...

"သခင်ကြီး ဘာတွေဖြစ်နေလို့လဲ"

လုဝမ်းထင်းက သူ့အား ဂရုမစိုက်ချေ။ အနက်ရောင်ဝတ်ဆင် ထားသူကိုသာ စူးစိုက်ကြည့်နေလေသည်။

"မင်း ... ဘယ်သူလဲ"

လုဝမ်းထင်းက ထပ်မံမေးလိုက်သည်။



အနက်ရောင်ဝတ်ဆင်ထားသူက အဖြေမပေးချေ။

လှုပ်ရှားခြင်းလည်း မပြုချေ။

ငြိမ်သက်စွာ ရပ်မြဲ ရပ်နေလေသည်။

လုဝမ်းထင်းမှာ ဒေါသထွက်လာပြီး ...

"သူ့ကို ဖမ်းလိုက်ကြစမ်း"

သူ၏အမိန့်ပေးသံနှင့်မရှေးမနှောင်းမှာပင် အစောင့်သုံးယောက် ည် အနက်ရောင်ဝတ်ဆင်ထားသူအား ဝင်ရောက်တိုက်ခိုက်ရန် တိုးသွားကြသည်။

သို့သော် အနက်ရောင်ဝတ်ဆင်ထားသူမှာ ယခုတိုင် လှုပ်ရှား င်း မရှိသေးချေ။

လုဝမ်းထင်းမှာ မျက်မှောင်ကုပ်သွားသည်။ သူ၏ စိတ်ထဲ၌ သယများဖြစ်ပေါ်လာသောကြောင့် ...

"အားလုံး နောက်ဆုတ်လိုက်ကြ"

သူ၏အမိန့်ပေးသံမှာ နောက်ကျသွားချေပြီ။

အစောင့်သုံးယောက်မှာ အနက်ရောင်ဝတ်ဆင်ထားသူအနီးသို့ ရောက်ရှိသွားပြီး ဓားကိုယ်စီဖြင့် ခုတ်ပိုင်းချလိုက်ကြသည်။

အနက်ရောင်ဝတ်ဆင်ထားသူက ရှောင်တိမ်းခြင်း မပြုသော ကြောင့် ဓားသုံးချက် ထိမှန်သွားသည်။

သို့သော် စူးရှနာကျင်စွာ အော်ဟစ်ရမည့်အစား "ဖုန်း"ခနဲ ဲကွဲ အသံတစ်ချက်သာ ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အသံထွက်ပေါ်လာပြီး ချက်ချင်းပင် အဖြူရောင်အခိုးအငွေ့ များ ပန်းထွက်လာပြီး ဝန်းကျင်တစ်ခုလုံးအား ဖုံးလွှမ်းသွားတော့သည်။

လုဝမ်းဂင်းနှင့် ဝမ်အော့တို့ပင် ထိတ်လန့်သွားပြီး နောက် ဆုတ်လိုက်ကြလေသည်။ အဖြူရောင်အခိုးအငွေ့များ ထွက်ပေါ်လာ သည်နှင့် အစောင့်သုံးယောက်၏ စူးရှသော အော်ဟစ်သံများ ကြားလိုက်ရ၏။

မကြာပါချေ။ လေတစ်ချက် ဝေ့ယမ်းတိုက်ခိုက်လာသော ကြောင့် အဖြူရောင်အခိုးအငွေ့များမှာ လေနှင့်အတူ လွင့်ပါးပျောက် ကွယ်သွားလေသည်။

ထိုအခါမှ အစောင့်သုံးယောက်မှာ မြေပေါ်တွင် လဲကျသော နေသည်ကို တွေ့လိုက်ရ၏။

အနက်ရောင်ဝတ်ဆင်ထားသူမှာ အရုပ် တစ်ခုမျှသာဖြစ်ပြီး လုဝမ်းထင်းအတွက် ဆင်ထားသော ထောင်ချောက်တစ်ခုပင် ဖြစ် လေသည်။

လုဝမ်းထင်း၏မျက်နှာမှာ ဒေါသကြောင့် နီရဲလာ၏။ အက ၍ သူကိုယ်တိုင်တိုက်ခိုက်ခဲ့ပါမူ သေဆုံးရမည့်သူမှာ သူပင်ဖြစ်သ မဟုတ်ပါလား။

အနက်ရောင်ဝတ်ဆင်ထားသူသည် တစ်ချိန်လုံး မလှုပ်မယှ ငြိမ်သက်စွာ ရပ်နေသောကြောင့် လုဝမ်းထင်း သက်သာမကောင်းဖြစ်



သည်။ သို့ဖြစ်၍ ဝင်ရောက်တိုက်ခိုက်ခြင်းမပြုဘဲ အခြေအနေကို င့်ကြည့်နေခဲ့မိသည်။

ထို့ကြောင့်လည်း ဂံအားလျော့စွာ အသက်ချမ်းသာရာရရှိခြင်း ပ်လေသည်။

အခြေအနေငြိမ်သက်သွားမှ လုဝမ်းထင်းက ဝမ်အော့ အား ာ်ရိပ်ပြလိုက်သည်။

ဝမ်အော့သည် ခါးမှ ဓားကိုဆွဲထုတ်လိုက်ပြီး လဲကျနေသူများ ီးသို့ ပြေးလွှားသွား၏။

သတိကြီးစွာထား၍ ရန်သူအား ရှာဖွေလိုက်သော်လည်း ရာယ်ရှိနိုင်သည့် အရိပ်အရောင်ဟူ၍ မတွေ့ရတော့ချေ။

ထို့ကြောင့် ရဲတင်းလာပြီး မီးအိမ်ကလေးအနီး လျှောက်သွား သည်။

ထိုအခါ မီးအိမ်၏အောက်ဘက်တွင် သေတ္တာငယ်တစ်လုံး နေသည်ကို တွေ့ရလေသည်။

ဝမ်အော့သည် သေတ္တာကလေးအား ကောက်ယူလိုက်ပြီး ဝမ်းထင်းအား လှမ်းကြည့်လိုက်သည်။

လုဝမ်းထင်းက ခေါင်းညိတ်ပြလိုက်မှ သေတ္တာကလေးအား ဦးဖြင့် ထိုးကော်၍ ဖွင့်လိုက်လေသည်။

သူ၏လက်များမှာ တုန်တုန်ယင်ယင် ဖြစ်နေ၏။

သူ၏မျက်စိရှေ့မှောက်တွင်ပင် လူသုံးယောက် သေဆုံးသွား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရပြီး မဟုတ်ပါလော။ အကယ်၍ သေတ္တာကလေးအတွင်း၌ အဆိ
ငွေ့များရှိနေလျှင် စတုတ္ထမြောက် သေဆုံးရမည့်သူမှာ သူပင် ဖြစ်လိ
မည်ဟု နားလည်ထားသောကြောင့် ရှုံ့ကြောက်နေမိခြင်း ဖြစ်သည်

"ချက် ..."

သေတ္တာကလေးမှာ အဖုံးပွင့်သွား၏။

သို့သော် သေတ္တာကလေးအတွင်းမှ အဆိပ်ငွေ့များထွက်လ
ခြင်း မရှိပါချေ။ အဆိပ်ငွေ့များအစား ခရမ်းရောင်ပင့်ကူသုံးကော
သာ ထွက်လာလေသည်။

ဝမ်းအော့သည် ပင့်ကူများအား တွေ့မြင်လိုက်ရသည်နှင့် ထိ
လန့်သွားပြီး ချက်ချင်းပင် သေတ္တာကလေးအား လွှင့်ပစ်လိုက်သည်

လုဝမ်းထင်းမှာ ခံပြင်းဒေါသထွက်ရမည့်အစား သူ၏မျက်
ပေါ်တွင် စိုးရိမ်ထိတ်လန့်သည့်အရိပ်အရောင်များ ထွက်ပေါ်လာ

သေတ္တာကလေးအတွင်းမှ ထွက်လာသော ခရမ်းရောင်ပင့်
သုံးကောင်အား တွေ့ရသည့်အချိန်မှစ၍ လုဝမ်းထင်း၏မျက်နှာ
သိသိသာသာ ပြောင်းလဲသွားလေသည်။

ခရမ်းရောင်ပင့်ကူသုံးကောင် မြေပေါ်သို့ကျသွားမှ ဝမ်းအေ
က ခြေဖြင့် နင်းသတ်လိုက်သည်။

ထိုအခါမှ လုဝမ်းထင်း သက်ပြင်းချနိုင်ခဲ့သည်။

မည်သို့ဆိုစေ၊ ယနေ့ညတွင် သူအသက်ရှင်သန်နေသော်လည်
သူ၏လူသုံးယောက်မှာ သေဆုံးသွားပြီ ဖြစ်သည်။



နောက်ရက်များတွင် မည်သူ့အလှည့် ကျရောက်လာဦးမည်
ည်း။

အကုသိုလ်မှာ အလုံးအရင်းနှင့် ဝင်ရောက်လာတတ်သည်
ဟုတ်ပါလား။

"ဝမ်းအော့"

လုဝမ်းထင်း၏အသံ ထွက်ပေါ်လာသည်။

ဝမ်းအော့က ချက်ချင်းပင် ဦးညွှတ်လိုက်ပြီး ...

"အမိန့်ရှိပါ သခင်ကြီး"

လုဝမ်းထင်းက လျှို့ဝှက်သောလေသံဖြင့် ...

"ဒီကနေ့ည အဖြစ်အပျက်တွေကို ဘယ်သူမှ မသိစေနဲ့၊
နေရာကို နဂိုအတိုင်းဖြစ်အောင် ရှင်းပစ်လိုက်ပြီးတော့ စာကြည့်
န်းမှာ ငါ့ကိုလာတွေ့"

ဝမ်းအော့က ခေါင်းညိတ်လိုက်သည်။

လုဝမ်းထင်းနှင့် နှစ်ပေါင်းအတော်ကြာနေထိုင်ခဲ့သူတစ်ယောက်
ည်း ဖြစ်၏။

ထို့ကြောင့် လုဝမ်းထင်း၏မျက်နှာအနေအထားကို တွေ့ရသည်
 အန္တရာယ်တစ်စုံတစ်ခုက မိမိတို့အား ခြိမ်းခြောက် လျက်ရှိနေပြီ
ကြောင်း သဘောပေါက်လိုက်လေသည်။

လုဝမ်းထင်းတွင် မည်သို့သော အန္တရာယ်များ ကျရောက်လာ
သနည်း။ ဝမ်းအော့မှာ မတွေးတတ်နိုင်အောင် ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျရောက်လာမည့် အန္တရာယ်မှာ ကြီးမားလိမ့်မည်ဖြစ်ကြောင်းကို
သူသဘောပေါက်ထားသည်။ ထို့ကြောင့် ထွက်ခွာသွားသော လု
ထင်း၏နောက်ကျောကို ကြည့်ရင်း သက်ပြင်းခါခါ ချလိုက်မိ
တော့သည်။

* ○ *

ညဉ့်နက်ပြီ ဖြစ်သည်။

သို့သော် လုဝမ်းထင်းမှာ အိပ်မပျော်နိုင်တော့ပါချေ။ စာကြ
ခန်းအတွင်း မီးရောင်များကို လင်းထိန်စွာ ထွန်းညှိထားပြီး ငြိမ်သ
စွာထိုင်နေ၏။

သူ၏မျက်နှာမှာ မှုန်ကုပ်ကုပ်ဖြစ်နေပြီး တစ်စုံတစ်ခုကို အ
မကျသည့်အသွင်မျိုး ရှိသည်။

မှန်ပါသည်။

ယနေ့ည ပင့်ကူနှင့်တွေ့ဆုံခဲ့ရသည် မဟုတ်ပါလား။ ရော
တစ်အိုးကျက်ခန့် အချိန်ကုန်ဆုံးသွားတော့မှ ဝမ်းအော ရော
လာသည်။

ဝမ်းအော၏တစ်ကိုယ်လုံးတွင် ချွေးများစိုရွှဲနေသည်ကို ကြည့်
ခြင်းဖြင့် သေဆုံးသွားသော အလောင်းများနှင့် ပတ်ဝန်းကျင်မှ အရိ
သရိုက်များကို ရှင်းပစ်ခဲ့ရပြီးဖြစ်ကြောင်း သိသာနိုင်၏။ ဝမ်းအေ
ရောက်ရှိလာသည်နှင့် လုဝမ်းထင်းက ထိုင်ရာမှ ထလိုက်သည်



တစ်ဖန် လက်နှစ်ဖက် နောက်ပစ်ကာ အခန်းတွင်း၌ ခေါက်
ပြန် ခေါက်ပြန် လမ်းလျှောက်နေ၏။

အတန်ကြာမှ ခြေလှမ်းရပ်တန့်လိုက်ပြီး ဝမ်းအောအား ခြေဆုံး
ခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

"ဝမ်းအော"

"အမိန့်ရှိပါ သခင်ကြီး"

"မင်းနဲ့ ငါနဲ့ နေလာတာ ဘယ်လောက်ကြာပြီလဲ"

ဝမ်းအောက တုံ့ဆိုင်းတွေဝေခြင်းမရှိဘဲ ချက်ချင်း ပြန်ဖြေ
လိုက်သည်။

"ရှစ်နှစ် ငါးလနဲ့ ဆယ့်သုံးရက်တိတိ ရှိပါပြီ"

လုဝမ်းထင်းက သဘောကျစွာ ပြုံးလိုက်သည်။

"ငါ့ဆီမှာ နေရတာကို မင်း သဘောကျရဲ့လား"

"သဘောကျပါတယ်၊ လိုလေသေးမရှိ ပြည့်စုံနေလို့ သခင်
ကြီးကို ကျေးဇူးတင်ပါတယ်"

"ကောင်းပြီ... မင်းကို အရေးကြီးတဲ့ကိစ္စတစ်ခုကို ခိုင်းမယ်
ဆိုရင်ကော စိတ်ချရပါ့မလား"

ဝမ်းအောက ရင်ကော့လိုက်သည်။ ထို့နောက် တိကျပြတ်သား
သော လေသံဖြင့်...

"စိတ်ချပါ၊ ကျွန်တော့်အသက် သေသွားပါစေ ... သခင်ကြီး
တဲ့ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



လုဝမ်းထင်းက ပြုံးလိုက်သည်။ သူသည် ဝမ်းအော့အဖေ
နဂိုကပင် စိတ်ချယုံကြည်သူဖြစ်သည်။ သို့သော် ယနေ့ည အဖြ
အပျက်အတွက် ဝမ်းအော့ စိတ်ဓာတ်ကျဆင်းသွားမည်ကို စိုးရိမ်
သောကြောင့် ယခုကဲ့သို့ မေးနေခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် ဝမ်းအော့အား စိတ်ဓာတ်မြှင့်တင်ပေးလို
ခြင်းပင် ဖြစ်သည်။ ဝမ်းအော့၏ ရဲရင့်သောစကား ကြားရမှ စာ
ပေါ်တွင် အသင့်ရှိနေသော အနီရောင်စာအိတ်လေးကို လှမ်းယူလို
သည်။

ထို့နောက် ဝမ်းအော့အား လှမ်းပေးလိုက်ပြီး ...

"ငါ့မိတ်ဆွေ လေးယောက်ဆီကို စာသွားပို့မယ်၊ စာအိ
ပေါ်မှာ လူနာမည်နဲ့ လိပ်စာ ရေးထားတယ်၊ မင်း ဖတ်ကြည့်လိုက်ဦး"

ဝမ်းအော့က စာအိတ်ပေါ်မှ အမည်များကို ဖတ်ကြည့်လို
လေသည်။

ပထမ စာအိတ်အပေါ်တွင် ရေးထိုးထားသော အမည်မှ
"တင်းစန်း" ဟူ၍ ဖြစ်သည်။

ဒုတိယစာအိတ်ပေါ်တွင်မူ "စုကွမ်းအင်း"ဟု ရေးထား
တတိယစာအိတ်တွင် "ကောင်းမော်" ဟု ရေးထားပြီး၊ စတု
စာအိတ်တွင် "ကျုန်းချစ်ချစ်"ဟု ရေးထားသည်ကို တွေ့ရလေသည်
ထိုလူလေးယောက်၏အမည်များမှာ လုဝမ်းထင်း၏ မကြာမ
ပြောကြားချက်အရ ဝမ်းအော့က ရင်းနှီးထားပြီး ဖြစ်သည်။ သို့သေ



ကျုန်းချစ်ချစ်နှင့် ကောင်းမော်တို့ကိုမူ အနည်းငယ် စိမ်းသယောင်
ရှိနေသည်။ ထို့ကြောင့် မျက်မှောင်ကုပ်သွားပြီး ...

"သခင်ကြီး ကျုန်းချစ်ချစ်နဲ့ ကောင်းမော်ဆိုတာက ..."

သူ၏စကား မဆုံးမီပင် လုဝမ်းထင်းက လက်ကာပြလိုက်
ပြီး ...

"သခင်ကျုန်းချစ်ချစ်ဆိုတာ ကျုန်းလုံရဲ့သမီးပဲ၊ ကျုန်းလုံက
ကျွန်ခဲ့တဲ့ သုံးနှစ်လောက်ကမှ သေသွားတာ"

ဝမ်းအော့မှာ စိတ်ဝင်စားလာသဖြင့် လုဝမ်းထင်း ဆက်လာ
မည့် စကားကိုပင် မစောင့်နိုင်ဘဲ ကြားဖြတ်မေးလိုက်လေသည်။

"ကောင်းမော် ဆိုတာကကော ဘယ်သူလဲခင်ဗျာ"

"ကောင်းမော်ဟာ ငါ့မိတ်ဆွေ 'ကောင်းမင်' ရဲ့သား"

ဝမ်းအော့က သဘောပေါက်နားလည်သွား၏။ လုဝမ်းထင်းက
စကားဆက်လိုက်သည်။

"ကောင်းမော်ဟာ သူ့အဖေ ကောင်းမင်ရဲ့ ခြေရာကို ဆက်
နင်းတဲ့ လူငယ်တစ်ယောက်ပဲ၊ ငါတို့ အားကိုးလို့ ရနိုင်တယ်၊ အခု
လာလောဆယ် သူ့မှာ အလုပ်မရှိရင် ဒီကို ချက်ချင်းရောက်လာမယ့်
သူဟာ သူပဲဖြစ်ရမယ်"

ဝမ်းအော့က အနည်းငယ် စဉ်းစားလိုက်ပြီး ...

"သူက ဘာအလုပ် လုပ်တာလဲ"

"ကြေးစား လူသတ်သမား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းအော့မှာ ပါးစပ်ပိတ်ထားလိုက်လေသည်။ လုဝမ်းထင် က သဘောကျစွာ ပြုံးလိုက်ပြီး ...

"ကောင်းမော်ဟာ အလုပ်တစ်ခုကို ငွေငါးသောင်းရမှ လက်ခံတယ်၊ ဒီနေ့အထိ မအောင်မြင်ခဲ့တာ မရှိသေးဘူး၊ သူ့ကို လူအေ က 'ကျားရိုင်း'လို့ ခေါ်ကြတယ်"

ဝမ်းအော့မှာ ထိတ်လန့်တုန်လှုပ်သွားလေသည်။ ကောင်းမော် ဟူသော အမည်ကို မကြားဖူးသော်လည်း သိုင်းလောကတွင် လျှ လျှမ်းတောက် ကျော်ကြားနေသော ကြေးစားလူသတ်သမားကျားရိုင်း၏အမည်ကိုမူ သူ ကြားဖူးထားသည်။

စာအိတ်ကိုင်ထားသော ဝမ်းအော့၏ လက်နှစ်ဖက်တွင် ချွေးစေးများ ထွက်လာလေတော့သည်။

* ○ *

(၅)

ကျားရိုင်း ...

ကျားရိုင်းမှာ ကျော်ကြားလျက်ရှိသော ကြေးစားလူသတ်သမား တစ်ယောက်၏အမည် ဖြစ်သည်။

သူ၏လုပ်ခမှာ အလွန်မြင့်မားသည်။

မြင့်မား များပြားသော ငွေကြေးနှင့် ထိုက်တန်အောင်ပင် ထိပ်သီးသိုင်းပညာရှင်များကိုသာ ရင်ဆိုင်ရလေသည်။



သို့သော် ယခုအချိန်အထိ ကျားရိုင်းအနေဖြင့် တစ်ကြိမ်တစ်ခါမျှ မအောင်မြင်ခဲ့ခြင်း မရှိပါ။

သူ လက်ခံသည့် အလုပ်တိုင်းလိုပင် အောင်မြင်ခဲ့သည်ချည်း ဖြစ်သည်။

* ○ *

(၆)

နံနက်စောစောအချိန် ...

မြူရိုင်းများ ကျဆင်းနေသောကြောင့် ဝန်းကျင်တစ်ခုလုံးမှာ မှုန်ဝါး၍နေလေသည်။

သစ်ရွက်များပေါ်တွင် တင်နေသော နှင်းရည်အစက်ကလေးများမှာ တစ်ရွက်ပေါ်တစ်ရွက် ကျဆင်းလျက်ရှိရာ တဖျောက်ဖျောက် မြည်သံကိုပင် ကြားနေရသည်။

စိမ်းလန်းစိုပြည်သော တောအုပ်ကလေးတစ်ခု ဖြစ်ပါသည်။ လူသွားလူလာ နည်းသောကြောင့် တောလမ်းကလေး အချို့နေရာများတွင် မြက်ပင်ပေါက်ကလေးများ ပေါက်လျက်ရှိသည်။

လမ်းကလေး၏ဘေးတစ်ဖက်တစ်ချက်တွင် မြင့်မားသော သစ်ပင်ကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများရှိနေသောကြောင့် နက်ရှိုင်းသော တောအုပ်တစ်ခုဖြစ်ကြောင်း သိသာနိုင်လေသည်။

အမှန်ဆိုလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



ဤတောအုပ်ကလေးမှဖြတ်၍ ခရီးမသွားသင့်ပါချေ။

တောကြောင်ဓားပြများ အချိန်မရွေး တွေ့ကြုံနိုင်သောကြောင့် ဖြစ်သည်။

သို့သော် 'ချန်းတု'က ကျွန်းတောလမ်းကလေးအား ရွေးချယ်ခဲ့လေသည်။

ဤတောလမ်းကလေးအား အသုံးပြုခြင်းဖြင့် အလိုရှိရာခရီးကို နေ့ဝက်ခန့်စော၍ ရောက်ရှိနိုင်သောကြောင့် သူ နားလည်ထား၏။

အချိန်သည် သူ၏ဘဝတွင် တန်ဖိုးအရှိဆုံးဖြစ်သည်။ ယခု ကဲ့သို့ ကိုယ်ရံတော်အနည်းငယ်မျှနှင့် ခရီးထွက်လာသည့်အချိန်မျိုး တွင် သူ၏စံအိမ်သို့ အမြန်ဆုံးပြန်ရောက်ရန် လိုအပ်လျက်ရှိသည်။

အကြောင်းမှာ...

သူ့တွင် ရန်သူအလွန်ပေါများနေသောကြောင့် ဖြစ်သည်။ ကိုယ်ရံတော်အနည်းငယ်မျှသာ ရှိသည့်အချိန်တွင် ရန်သူများက အခွင့် ကောင်းယူ၍ လုပ်ကြံလာနိုင်ကြောင်း ချန်းတုက ကောင်းစွာ သဘော ပေါက်ထားလေသည်။

* ◎ *

နဂါးနှစ်ကောင် အာမခံဌာန။

နဂါးနှစ်ကောင် အာမခံဌာနပိုင်ရှင်မှာ ချန်းတု ဖြစ်သည်။ ချန်းတုမှာ အသက်လေးဆယ်ခန့်ရှိပြီး အလုပ်ကြိုးစား လုပ်ချ



တစ်ယောက်ဖြစ်သောကြောင့် သုံးနှစ်ဟူသော အချိန်အတွင်းမှာပင် နာမည်ကျော်ကြားလာခဲ့လေသည်။

သူနှင့်ပြိုင်ဘက် အာမခံဌာနနှစ်ခုမှာ ဌာနမှူးများ သေဆုံးသွား ပြီးနောက်ပိုင်းတွင် လုံးဝပြိုကွဲသွားလေသည်။

ထို့ကြောင့် တစ်ခုတည်းသာကျန်ရစ်ခဲ့သော ချန်းတု၏ နဂါး နှစ်ကောင် အာမခံဌာနသည် ပြိုင်ဘက်မရှိ ကြီးပွားတိုးတက်လာလေ တော့သည်။

ချန်းတု၏အာမခံဌာနမှ ပစ္စည်းများမှာ သူခိုးဓားပြများရန်မှ ဘေးကင်းချရသောကြောင့် ပစ္စည်းအပ်နှံသူ တစ်နေ့တခြား များပြားလာ သည်။ အခကြေးငွေမှာလည်း ဒီရေအလား တိုးပွားလာခဲ့လေသည်။ ထို့ကြောင့် သုံးနှစ်အတွင်း ချန်းတုမှာ ချမ်းသာကြွယ်ဝသော သူဌေး တစ်ယောက် ဖြစ်လာခဲ့လေသည်။

အမှန်ဆိုလျှင် ပြိုင်ဘက်အာမခံဌာနနှစ်ခု ပြိုကွဲသွားသော ကြောင့်သာ ချမ်းသာလာနိုင်ခြင်းဖြစ်သည်။ ပြိုကွဲသွားသော အာမခံ ဌာနနှစ်ခုမှ ခေါင်းဆောင်ဌာနမှူး နှစ်ယောက်အား ချန်းတုက ဓား... ...ထား၍ ရှင်းပစ်ခဲ့သည်ကိုမူ မည်သူမျှ မသိခဲ့ကြချေ။

ချန်းတု ငှားရမ်းခဲ့သူမှာ ကျားရိုင်း ဖြစ်သည်။

တစ်နည်းအားဖြင့် ကျားရိုင်းကြောင့် ချန်းတု ချမ်းသာကြွယ်ဝ လာသည်ဟု ဆိုနိုင်လေသည်။

* ◎ *

www.burmeseclassic.com

www.burmeseclassic.com



အရှေ့မှ နေဝန်းနီ ထွက်ပေါ်လာပြီး ဖြစ်သည်။

မြူနှင်းများ တစ်စတစ်စ ပြိုကွဲသွားပြီး ဝန်းကျင်တစ်ခုလုံး မှာ လင်းလင်းချင်းချင်း ဖြစ်လာလေသည်။

နဂါးနှစ်ကောင်အာမခံဌာန ခေါင်းဆောင် ချန်းတုနှင့် သူ့ ကိုယ်ရံတော်သုံးယောက်တို့ပင် ဖြစ်ပါသည်။ သူတို့သည် ကွမ်းကြိုး မြို့တွင် အရေးကြီးသော အာမခံဌာန ပစ္စည်းတစ်ခု လက်ခံရန် သွားရောက်ဆွေးနွေးပြီး ခိုက်တင်မြို့သို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

အမြန်ဆုံးရောက်ရှိစေရန် တောလမ်းကလေးအား အသုံးပြု ပြန်လာခဲ့ကြခြင်းဖြစ်ပါသည်။ ချန်းတု၏ကိုယ်ရံတော်သုံးယောက်မှ အားကိုးရသော သိုင်းဆရာများဖြစ်ကြသည်။

သူတို့သုံးယောက်အား လူအများက 'မိုးကြိုးသုံးဖော်' ဟု တင်စားခေါ်ဆိုကြသည်။ သူတို့၏သိုင်းပညာမှာလည်း မိုးကြိုးပစ် သည့်နှယ် အရှိန်အဟုန်ပြင်းထန်ပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှ ပေသည်။

သို့သော် မိုးကြိုးသုံးဖော်ရှိနေသော်လည်း ချန်းတုမှာ မိမိ ကိုယ်ကို လုံခြုံသည်ဟု မယူဆချေ။ ထို့ကြောင့် သူ၏ စံအိမ်နှင့် ဌာနချုပ်ရှိရာ ခိုက်တင်မြို့သို့ အမြန်ဆုံး ပြန်လာခဲ့ခြင်း ဖြစ်လေ သည်။

မြင်းလေးကောင်မှာ တောလမ်းကလေးအတိုင်း ဒုန်းစိုင်း ပြေး လွှားနေ၏။

ဤတောအုပ်မှ ဖြတ်ကျော်ပြီးလျှင် အသက်အန္တရာယ်အတွက် ...တ်ချရပြီးဖြစ်သည်။ ထို့ကြောင့် ချန်းတုသည် တောအုပ်ကလေးမှ အမြန်ဆုံး ကျော်ဖြတ်ရန် မြင်းကို ဒုန်းစိုင်းနှင်လာခြင်း ဖြစ်လေ သည်။

ရုတ်တရက် ဝေါခနဲ အသံတစ်ချက် ကျယ်လောင်စွာ ထွက် ပေါ်လာသည်။

လမ်းနံဘေးရှိ သစ်ပင်ကြီးတစ်ပင်သည် လမ်းပေါ်သို့ ကန့်လန့် ...တ် ပြိုလဲကျလာခြင်းဖြစ်ပါသည်။ ချန်းတု ရင်မှာ ထိတ်သွားလေ သည်။

"အားလုံး သတိထားကြ ..."

အော်ဟစ်သတိပေးပြီး မြင်းဇက်ကြိုးကို ဆွဲကာ ရပ်တန့်လိုက် သည်။ ကံကောင်းထောက်မ၍ လေးယောက်စလုံးပင် အသက်ဘေးမှ ...တ်မြောက်သွားကြသည်။

သို့သော် ရှေ့ဆက်သွား၍ကား မဖြစ်နိုင်တော့ပါချေ။

အကြောင်းမှာ လူတစ်ယောက်မှ လမ်းပိတ်ဆို့ ရပ်တန့်နေ သည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ချန်းတု ရင်ထဲ၌ ...စ်စထက်တစ်စ လေးလံလာလေတော့သည်။

✻ ⭘ ✻

မြူနှိုးများမှာ တစ်စထက်တစ်စ ပျောက်ကွယ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လမ်းပိတ်ဆို့ထားသူအား သဲသဲကွဲကွဲ တွေ့မြင်နိုင်ေ
သည်။

လမ်းပိတ်ဆို့ထားသူမှာ တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆ
ထား၏။

အသားအရေမှာ သွေးရောင်မရှိဘဲ ဖြူဖွေးနေသည်။

မျက်လုံးအစုံမှာ စူးရှတောက်ပနေပြီး တွေ့မြင်ရသူတိုင်း ရင်
အေးစနဲဖြစ်သွားစေနိုင်သည်။

ထို့အပြင် ရုတ်တရက်တွေ့ရလျှင် မကောင်းဆိုးဝါးတစ်ကော
ဟု ထင်မှတ်ပြီး ကြောက်လန့်တုန်လှုပ် သွားစေနိုင်သည်။ လူ
တစ်ယောက် လမ်းပိတ်ဆို့ရပ်တန့်နေသည်ကို တွေ့ရသဖြင့် မိုးကြ
သုံးဖော်က ရှေ့သို့ လှမ်းတက်ပြီး ချန်းတုအား အကာအကွယ်
ထားလိုက်ကြသည်။

မိုးကြိုးနှစ်နှင့် မိုးကြိုးတစ်တို့မှာ ချန်းတု၏ဝဲယာ တစ်
တစ်ချက်တွင် ရပ်နေကြပြီး မိုးကြိုးသုံးမှာ လမ်းပိတ်ဆို့ရပ်နေ
ထံသို့ လှမ်းသွား၏။ အနီးသို့ရောက်ရှိသွားမှ ခြေလှမ်း ရပ်
လိုက်ပြီး ...

"ဘယ်အဖွဲ့အစည်းက မိတ်ဆွေများလဲဗျ"

လမ်းပိတ်ဆို့ထားသူက အဖြေမပေးပါ။ သူတို့ထံသို့သာ
လှမ်းချင်း လျှောက်လာလေသည်။

ထိုလူ၏မျက်နှာပေါ်တွင် ကြောက်မက်ဖွယ်ရာ မျက်နှာဖုံးတ



ထား၏။ ကျားဆိုးတစ်ကောင် မာန်ဖီနေသည့်ပုံသဏ္ဌာန်နှင့်ပင်
ဆင်ဆင် တူနေသေးတော့သည်။ မိုးကြိုးသုံးမှာ မျက်လုံးများ
ကျယ်သွားပြီး ...

"ကျားရိုင်း"

သူ၏စကားကြောင့် ချန်းတု အပါအဝင် ကျန်နှစ်ယောက်မှာ
တ်လန့်တုန်လှုပ်သွားကြလေသည်။

ချန်းတုမှာ အံ့သြသွားကာ ...

"ကျားရိုင်းက ဘာလုပ်တာပါလိမ့်"

အဖြူရောင်ဝတ်ဆင်ထားသူက တဟားဟား ရယ်မောလိုက်
သည်။

သူ၏အသံမှာ စူးရှအက်ကွဲနေသဖြင့် ကြားရသူအပေါင်း နား
စက်လှပေသည်။

ချန်းတုမှာ ရှေ့သို့တိုးထွက်လိုက်ပြီး ...

"ကျားရိုင်း မင်းက ဘယ်လိုသဘောလဲ"

ကျားရိုင်းက အေးတိအေးစက်ဖြင့် ...

"ခင်ဗျား သိမှာပေါ့"

ပြောရင်း ရှေ့သို့လှမ်းလာရာ မိုးကြိုးသုံးက ဟန့်တားလိုက်
သသည်။

"ရှေ့မတိုးနဲ့"

ကျားရိုင်းက မိုးကြိုးသုံးအား အထင်သေးစွာကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ မင်းတို့နဲ့ မဆိုင်ဘူး၊ မသေချင်ရင် ဘေးဖယ်နေကြ

မိုးကြိုးသုံးမှာ ကျားရိုင်း၏အကြောင်းကို ကြားဖူးထား

သို့သော် သခင်ဖြစ်သူအပေါ်တွင် သစ္စာစောင့်သိရမည်ဖြစ်သောကြော

အသက်စွန့် ဟန့်တားထားရန် ဆုံးဖြတ်လိုက်လေသည်။ ထို့ကြော

ရှေ့မှ ဟန့်တားမြဲ ဟန့်တားထားပြီး ...

"ခင်ဗျား ရှေ့သွားချင်ရင် ကျုပ်ကို အရင်ဆုံးရှင်းပစ်လို

ပါ၊ ကျုပ်ကို မရှင်းနိုင်ရင်တော့ ရှေ့ဆက်သွားလို့ ဖြစ်မှာမဟုတ်ဘူ

ကျားရိုင်းက တစ်ချက် ရယ်မောလိုက်ပြန်သည်။ သူ၏ရယ

မောသံတွင် လူသတ်လိုသည့်အသွင် ပါဝင်နေသည်။ ရှေ့သို့ တို

တိုးလာပြီး ...

"ခင်ဗျားက သစ္စာရှိတယ်၊ ဒါကြောင့် ချန်းတုလိုလူမျိုး

မတန်ဘူး၊ လမ်းဖယ်ပေးပါ"

မိုးကြိုးသုံးက ခေါင်းမာမာဖြင့် ...

"ကျုပ်ပြောပြီးပြီပဲ၊ ကျုပ်ကို အရင်ရှင်းပစ်နိုင်မှ ရှေ့ဆ

သွားလို့ ရမယ်"

"ခင်ဗျား တကယ် မဖယ်ပေးဘူးလား"

"ကျုပ် ပြောပြီးပြီပဲ"

"လက်စသတ်တော့ မင်းက သေချင်နေတာကိုး"

ပြောပြီးသည်နှင့် အတင့်ရဲစွာ ရှေ့သို့ တိုးလာလေသည်။

မိုးကြိုးသုံးမှာ မည်သို့မျှ မတတ်နိုင်တော့ချေ။



ခါးမှ ဓားကို လျှပ်တစ်ပျက် ဆွဲထုတ်လိုက်ပြီး ...

"သေပေတော့ ..."

အော်ဟစ်ကြုံးဝါးရင်း ကျားရိုင်းအား တိုက်ခိုက်လိုက်လေ

ည်။

မိုးကြိုးသုံးက တိုက်ခိုက်လာသည်နှင့် ကျားရိုင်းမှာ နောက်သို့

တစ်လှမ်း ဆုတ်လိုက်လေသည်။

သို့သော် အစွယ်ထိုးမည့်ဆင် နောက်သို့ ခြေတစ်လှမ်းဆုတ်

တ်သည်။ တစ်ဆက်တည်းပင် မိုးကြိုးသုံးအား ပြန်လည်တိုက်ခိုက်

သည်။

"ရှူး ..."

စူးရှသော ပလွေသံတစ်ချက် ထွက်ပေါ်လာ၏။ ပလွေ၏ထိပ်

မှ သံမဏိအပ်ကလေးသုံးချောင်းသည် မိုးကြိုးသုံးထံသို့ ပစ်လွှင့်

ရောက်သွားလေသည်။

သူတို့နှစ်ယောက်သည် အလွန်နီးကပ်နေသဖြင့် မိုးကြိုးသုံး

ရှောင်တိမ်းနိုင်စွမ်းမရှိခဲ့ချေ။ လက်ထဲမှ ဓားဖြင့် ဝှေ့ယမ်းခတ်

ပစ်လိုက်ရသည်။

သို့သော် သံမဏိအပ်ကလေးတစ်ချောင်းမှာ သူ၏ ဝဲဘက်

ဘက်သို့ စိုက်ဝင်သွား၏။

"အား ..."

မိုးကြိုးသုံးမှာ စူးရှစွာ တစ်ချက်အော်ဟစ်လိုက်သည်။ ခြေ

www.burmeseclassic.com

www.burmeseclassic.com



ထောက်တစ်ဖက်တွင် ဒဏ်ရာရရှိသွားသောကြောင့် မြေပေါ်သို့ လဲကျသွားလေသည်။ ထိုတစ်ဒင်္ဂအချိန်အတွင်းမှာပင် ကျားရိုင်းသည် သူ၏အနီးသို့ ရောက်ရှိလာပြီး လက်ထဲမှ သံပလွေဖြင့် ရိုက်ချလိုက် သည်။

မိုးကြိုးသုံးမှာ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း ဗျ ရှားမှု နှေးကွေးသွားသောကြောင့် ငယ်သံပါအောင် တစ်ချက်အော် လိုက်ပြီး သေဆုံးသွားလေသည်။

✱ ◯ ✱

(၁၀)

ချန်းတု၏မျက်နှာမှာ မည်းမှောင်သွားသည်။

မိုးကြိုးတစ်နှင့် မိုးကြိုးနှစ်တို့မှာလည်း ဒေါသချောင်းချောင်း ထွက်သွားကြလေသည်။

ကျားရိုင်းနှင့် တိုက်ပွဲ စတင်ဖြစ်ပွားရာ တစ်ခဏအတွင်း မိုးကြိုးသုံးမှာ သေဆုံးသွားရလေသည်။

ကျားရိုင်းမှာ အလွန်ကြောက်စရာကောင်းသည့်လူတစ်ယော ဖြစ်ကြောင်း သိထားကြသော်လည်း မိုးကြိုးတစ်နှင့် မိုးကြိုးနှစ်တို့ မမှုကြတော့ပါချေ။

မိုးကြိုးသုံးအတွက် ကျားရိုင်းအားသတ်ပစ်ရန် ရှေ့သို့ ပြေး ခုန်ဝင်သွားကြသည်။



သူတို့နှစ်ယောက်နှင့် မရှေးမနှောင်းပင် ချန်းတုကလည်း လှုပ် ရှားလိုက်သည်။

သို့သော် သူ၏လှုပ်ရှားမှုမှာ ဆန့်ကျင်ဘက်အသွင်ဆောင် နေသည်။

မိုးကြိုးတစ်နှင့် မိုးကြိုးနှစ်တို့ ကျားရိုင်းထံသို့ ခုန်ဝင်သွား ကြသည်နှင့် ချန်းတုသည် ခန္ဓာကိုယ်ကို ချာခနဲလှည့်ကာ တောအုပ် အတွင်းသို့ ခုန်ဝင်သွားလေသည်။

ချန်းတုသည် ရှုပ်ထွေးနေသည့် အခြေအနေကို အခွင့်ကောင်း ယူ၍ ထွက်ပြေးသွားခြင်း ဖြစ်လေသည်။

✱ ◯ ✱

(၁၁)

အရပ်လေးမျက်နှာတွင် ချုံနွယ်ပိတ်ပေါင်းများဖြင့် ပြည့်နှက် နေ၏။ လမ်းဟူ၍ မယ်မယ်ရရ မရှိချေ။ သို့သော် ချန်းတုသည် ချုံနွယ်ပိတ်ပေါင်းများအား တိုးဝှေ့ရင်း ဒရောသောပါး ပြေးလွှားနေ သည်။

လမ်းရှိသည် မရှိသည်ကိုပင် ဂရုမစိုက်အားဘဲ အသက်ဘေးမှ လွတ်မြောက်ရန် ကိုယ်လွတ်ရုန်းပြေးလွှားနေခြင်း ဖြစ်သည်။

မိုးကြိုးတစ်နှင့် မိုးကြိုးနှစ်တို့မှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့ ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျားရိုင်းအား ခုခံရင်း ကျန်ရစ်ခဲ့ကြခြင်းဖြစ်သည်။ သူတို့နှစ်ယောက်မှာ ကျားရိုင်းအား အနိုင်ရလိမ့်မည်မဟုတ်ကြောင်း ချန်းတုက ကောင်းစွာ နားလည်ထားသည်။ သို့သော် သူတို့နှစ်ယောက် ခုခံတိုက်ခိုက်နေခြင်းသည် ချန်းတုအတွက် ထွက်ပြေးရန် အချိန်ရစေနိုင်သည်။

မိုးကြိုးတစ်နှင့် မိုးကြိုးနှစ်တို့မှာ သခင်ဖြစ်သူ လွတ်မြောက်ရေးအတွက် အသက်စွန့်တိုက်ခိုက်နေခြင်း ဖြစ်ကြလေသည်။ ယင်းသို့ အသက်စွန့်တိုက်ခိုက်ခြင်းဖြင့် အကျိုးရှိမည်ဟု ယုံကြည်ထားသည်။ မည်သို့ဆိုစေ၊ သူ၏ယူဆချက်မှာ မှားယွင်းနေကြောင်း ချက်ချင်းပင် သိလိုက်ရသည်။

အကြောင်းမှာ ထွက်ပြေးလာပြီး အဝေးသို့မရောက်မီ ဗုန်းဗုန်းသော အော်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ခြင်းကြောင့် ဖြစ်သည်။ ဤမျှလျင်မြန်စွာ ရှင်းပစ်နိုင်လိမ့်မည်ဟု ချန်းတု မမျှော်လင့်မိချေ။ ချန်းတုသည် ဆုံးဖြတ်ချက် ချလိုက်ပြီး ချုံပုတ်တစ်ခုသို့ တိုးဝင်လိုက်သည်။

သို့သော် ဒုတိယအကြိမ် သူ့အတွက်မှားသွားပြန်သည်။ ချုံပုတ်အတွင်းသို့ တိုးဝင်လိုက်သည်နှင့် ဆူးခက်များရှိနေသောကြောင့် မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီရဲသွား၏။ အဝတ်အစားများမှာလည်း အစိတ်စိတ်အမြွာမြွာ ဆုတ်ပြဲသွားလေသည်။

ချန်းတုမှာ နာကျင်လွန်းသောကြောင့် အောင့်၍ မနေနိုင်



တော့ဘဲ အော်ဟစ်လိုက်မိလေသည်။ သူ၏ အော်ဟစ်သံမှာ စူးရှစွာ ထွက်ပေါ်လာသည်။ သူ၏အသံကြောင့် ကျားရိုင်း ကြားသွားလိမ့်မည်မှာ အမှန်ပင် သေချာသွားသည်။

ချန်းတုမှာ ကြောက်၍လွန်းသဖြင့် ခြေချော်များ ပျံလာရလောသည်။ ယခုအချိန်တွင် သူသည် ချုံပုတ်အတွင်းသို့ ရောက်ရှိပြီဖြစ်သည်။ ကျားရိုင်းက လိုက်လံရှာဖွေလျှင် ချုံပုတ်များတစ်ခုချင်း ရှာပေမည်။

ပတ်ဝန်းကျင်တွင် ချုံပုတ်များဖြင့်သာ ပြည့်နှက်နေသောကြောင့် သူ့ယ်တကူ ရှာမတွေ့နိုင်ဟူသော နောက်ဆုံးမျှော်လင့်ချက်ကိုသာ အားကိုးနေရလေသည်။ ထိုစဉ်မှာပင် အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာပြီး ကျားရိုင်း ပြေးလွှားလာနေသည်ကို တွေ့လိုက်ရသည်။ ချန်းတုထံသို့ တည့်တည့်မတ်မတ် လာနေခြင်းဖြစ်သည်။

ချန်းတုမှာ ကြောက်၍လွန်းသောကြောင့် သူ၏ အဝတ်အစားစုတ်ပြဲကာ ချုံပုတ်အပြင်ဘက်တွင် ငြိကျန်ရစ်ခဲ့သည်ကို သတိမထားမိချေ။

အဝတ်စကလေးများ တွေ့သွားသည်နှင့် ချုံပုတ်အတွင်း၌ ပုန်းအောင်းနေသည်ဟု သိရှိသွားပြီး ကျားရိုင်းက တဟားဟား ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား...ခင်များ ပုန်းနေလို့ လွတ်မလား"

ချန်းတု ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားရိုင်းက သူ ပုန်းနေသည်ကို သိသွားသည် မဟုတ်ပါ
လား။

ထိုစဉ် ကျားရိုင်း၏အသံက ထွက်ပေါ်လာပြန်သည်။

"ချန်းတု ထွက်လာခဲ့ပါဗျာ၊ ပုန်းနေလို့ အပိုပါပဲ"

ချန်းတုမှာ မည်သို့မှ မတတ်သာတော့ပါချေ။ ဒူးချုံအ
တိုးဇော့ရင်း အပြင်သို့ ပြန်ထွက်လာသည်။

အပြင်သို့ရောက်သည်နှင့် မြေပေါ်သို့ ဒူးထောက်လိုက်ပြီး

"ကျုပ် ... ကျုပ်ကို မသတ်ပါနဲ့ဗျာ"

ကျားရိုင်းက တဟားဟား ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... သေရမှာ ကြောက်လှချည်လား

ချန်းတုမှာ တောင်းပန်တိုးလျှိုးသောလေသံဖြင့် ...

"ဟုတ်ပါတယ်၊ ကျုပ်ကို မသတ်ပါနဲ့"

ကျားရိုင်းက အေးတိအေးစက်ဖြင့် ...

"ချမ်းသာတဲ့လူတွေဟာ သေရမှာ ကြောက်တတ်ကြ
ဆိုတာ ကျုပ် သိပါတယ်ဗျာ"

"ခင် ... ခင်ဗျား ဘာလိုချင်သလဲ၊ ငွေလိုချင်လို့လား"

"ဘာလဲ ... ခင်ဗျားက ငွေပေးချင်လို့လား"

"ခင်ဗျား ကျေနပ်အောင်ပေးပါ့မယ်ဗျာ၊ ကျုပ်ကိုတော့ မ
ပါနဲ့"

ကျားရိုင်းက ခေါင်းခါယမ်းလိုက်သည်။



"ခင်ဗျားငွေက ဘာမှ အသုံးကျမှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ၊ ကျုပ်ကို သူများက ငွေပေးပြီး သတ်ခိုင်း
တယ် မဟုတ်လား၊ အဲဒီလူပေးတဲ့ငွေထက် သုံးဆ ပိုပေးပါ့မယ်၊
ကျုပ်ကို ချမ်းသာပေးပြီး အဲဒီလူကို ပြန်သတ်လိုက်ပါ"

ကျားရိုင်းက ရယ်မောလိုက်သည်။

"ခင်ဗျားပေးတဲ့ငွေကို လက်ခံချင်ပေမယ့် ကျုပ်ကို ခိုင်းတဲ့
လူကို ပြန်သတ်လို့မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ခိုင်းတဲ့လူဟာ ကျုပ်ကိုယ်တိုင် ဖြစ်နေလို့ပေါ့"

"ခင်ဗျားကိုယ်ခင်ဗျား ပြန်ခိုင်းတယ် ... ဟုတ်လား"

"ဟုတ်တယ်"

ချန်းတုမှာ စိတ်ဓာတ်ကျဆင်းသွားလေသည်။ ကျားရိုင်းအား
အံ့သြစွာ ကြည့်ကာ ...

"ကျုပ်ကို ဘာဖြစ်လို့ သတ်ချင်ရတာလဲဗျာ"

ကျားရိုင်းက အေးတိအေးစက်ဖြင့် ...

"ခင်ဗျားသာ ကျုပ်အကြောင်းကို မစုံစမ်းဘူးဆိုရင် ခင်ဗျား
ကို သတ်စရာ အကြောင်းမရှိဘူး၊ ခင်ဗျားအတွက် ကျုပ်က အလုပ်
နှစ်ခု လက်ခံခဲ့တယ်၊ အောင်မြင်အောင်လည်း လုပ်ပေးခဲ့တယ်၊ ကျုပ်
သစ္စာရှိသလို ခင်ဗျားက သစ္စာမရှိဘူး"

ကျားရိုင်းက ချန်းတုနှင့်ပြိုင်ဘက် အာမခံဌာနမှ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်များအား ရှင်းပေးခဲ့သည့်ကိစ္စကို ရည်ရွယ်၍ ပြောလိုက်ခြင်း ဖြစ်လေသည်။

ချမ်းတုက လေသံပျော့ပျော့ဖြင့် ...

"ခင်ဗျားကို ကျုပ် လက်ကိုင်ထားပြီး အသုံးပြုချင်လို့ စုံစမ်းမိတာ ကျုပ်ကို ခွင့်လွှတ်ပါ"

"ကျုပ်အကြောင်း စုံစမ်းတာကို မကြိုက်ဘူးဆိုတာ ခင်ဗျား နားလည်ဖို့ ကောင်းတယ်"

ချမ်းတုက ကပျာကယာ လက်ကာပြလိုက်ပြီး ...

"အမှန်ပြောတာပါဗျာ၊ ကျုပ် မှားပါတယ်၊ ကျုပ်ကို ခွင့်လွှတ်ပါ"

ချမ်းတုမှာ ပျာယီးပျာယာဖြင့် တောင်းပန်လျက်ရှိနေသည်။ ကျားရိုင်းက ချမ်းတုအနီးသို့ တရွေ့ရွေ့ ချည်းကပ်လာသည်။

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျား သိချင်တယ် မဟုတ်လား ကဲ ... သေသေချာချာ မှတ်မိအောင် ကြည့်ထားပါ"

ပြောရင်း မျက်နှာပေါ်မှ မျက်နှာဖုံးအား ချွတ်ချလိုက်လေသည်။ ထိုအခါ လူရွယ်၏နုနယ်သောမျက်နှာ ထွက်ပေါ်လာသည်။ ရုပ်ရည်သန့်ပြန့်ပြီး တည်ကြည်နေဟန်ရှိသော်လည်း ရက်စက်ကြမ်းကြုတ်မည့်ပုံရလေသည်။

ချမ်းတုက ကြောင်အမ်းအမ်းဖြင့် ကျားရိုင်း၏ မျက်နှာကို စိုက်ကြည့်လိုက်မိသည်။



"ကောင်းမော် ..."

ဤစကားများမှာ ချမ်းတု၏ နောက်ဆုံးစကားများသာ ဖြစ်သည်။

အထိတ်တလန့် ရေရွတ်ပြီးသည်နှင့် ရင်ဝတွင် စူးရှ နာကျင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရလေသည်။

ယင်းဝေဒနာမှာ ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့သွားပြီး မျက်ဖြူဆန်ကာ မြေပေါ်သို့ လဲကျသွားလေသည်။

✱ ⭘ ✱

(၁၂)

ချမ်းတုမှာ မြေပေါ်တွင် လဲကျနေသည်။

ကျားရိုင်း(ဝါ) ကောင်းမော်က သံပလွေတွင် ပေကျံနေသော သွေးများကို သုတ်ပစ်လိုက်သည်။

မကြာမီအချိန်အတွင်း နဂါးနှစ်ကောင် အာမစံဌာန ပြိုကွဲသွားတော့မည်ဟု ယုံကြည်ထားလေသည်။

ချမ်းတုကဲ့သို့ သစ္စာမရှိသူတစ်ယောက်အား သုတ်သင်ရသည့်အတွက် ကောင်းမော်၏ရင်ထဲ၌ မည်သို့မျှ မခံစားရပါချေ။ ကောင်းမော်က သဘောကျစွာ ပြုံးလိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်သည်။ ထိုစဉ်မှာပင် သူ၏နောက်ဘက်ဆီမှ ...

"ဝါး ..."

www.burmeseclassic.com

www.burmeseclassic.com



အသံ တစ်ချက် ထွက်ပေါ်လာသည်ကို တွေ့ရလေသည် ကောင်းမော်မှာ ရင်ထိတ်သွားလေသည်။

ချက်ချင်းပင် နောက်သို့လှည့်ကြည့်လိုက်သောအခါ ချုံပု များကြားမှ လူတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ တော့သည်။

✱ ◉ ✱

(၁၃)

ချုံပုတ်အတွင်းမှ လူတစ်ယောက် ထလာသည်။

အဖြူရောင်အဝတ်များအား ဝတ်ဆင်ထားသော်လည်း ယော နွမ်းနေပြီဖြစ်သောကြောင့် ဝါကျင့်ကျင့်အရောင်သို့ပင် ကူးပြော နေ၏။ ဦးခေါင်းပေါ်မှ ဆံပင်များမှာ ရှုပ်ပွနေပြီး ဂုတ်တရက်ကြ လျှင် လူလေလူလွင့်တစ်ယောက်ဟု ထင်မှတ်ဖွယ်ဖြစ်သည်။

ထိုလူမှာ ချုံပုတ်များအကြားမှ ထလာပြီး တဝါးဝါး သန်း လေသည်။ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ပွတ်သပ်နေလေသည် ကောင်းမော်မှာ မျက်မှောင်ကြုတ်သွားပြီး တဝါးဝါးသန်းနေသူ အံ့သြစွာဖြင့် စိုက်ကြည့်လိုက်သည်။ တဝါးဝါးသန်းနေသူမှာ ဟုန် ယင်းပင် ဖြစ်ပါသည်။ ဟုန်ဝေယင်းသည် မျက်လုံးများ ပွတ် ရင်းပင် ဖြစ်ပါသည်။ ထို့နောက် ကောင်းမော်အား တွေ့သွားသော အခါ ပြုံးပြလိုက်သည်။ ကောင်းမော်မှာ မျက်နှာပျက်သွားလေသည်



သူသည် ကြေးစားတစ်ယောက်ဖြစ်သောကြောင့် လူမျိုးစုံနှင့် တွေ့ကြုံခဲ့ဖူးသည်။ သူကိုယ်တိုင် ရက်စက်ကြမ်းကြုတ်သူတစ်ယောက် ဖြစ်သည့်အပြင် ထိုသူမှာ ကောက်ကျစ်စဉ်းလဲသူတစ်ယောက်ဖြစ် ကြောင်းကိုပါ ကောင်းမော်အကဲခတ်လိုက်မိသည်။ ထို့ကြောင့် သတိ ကြီးစွာထားရင်း ...

"မင်း ... ဘယ်သူလဲ"

သူ၏အမေးကို အဖြေမပေးဘဲ ပြန်လည် မေးခွန်းထုတ်လာ သဖြင့် ကောင်းမော်မှာ စိတ်ဆိုးသွား၏။

ထို့ကြောင့် သူသည် ဟုန်ဝေယင်းအား မကျေမနပ်ဖြင့်ကြည့် လိုက်ပြီး ...

"မင်း ချောင်းကြည့်နေတာ မဟုတ်လား"

ဟုန်ဝေယင်း ခေါင်းခါယမ်းလိုက်သည်။

"ဘာဖြစ်လို့ ချောင်းကြည့်ရမှာလဲ၊ ငါ ဒီမှာ အိပ်နေတာ ကြာပြီ၊ မင်းတို့ကြောင့် လန့်နိုးသွားတာ၊ ဒါကြောင့် မင်းနဲ့ငါ ရှင်းရှင်းရမယ် ထင်တယ်"

ကောင်းမော်မှာ ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။ သို့သော် ဒေါသထွက်လာသဖြင့် လက်ထဲမှ သံပလွေကို တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်၏။ ဟုန်ဝေယင်းက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"ဘာလဲ ... ငါ့ကိုသတ်ပြီး နှုတ်ပိတ်ချင်လို့လား"

ကောင်းမော်က အေးတိအေးစက်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ငါက ငွေမရဘဲ ဘယ်သူ့ကိုမှ မသတ်ဘူး"

ဟုန်ဝေယင်းက ရယ်မောလိုက်သည်။ ထို့နောက် ရင်ဝကို လက်ဝါးဖြင့် ပုတ်ကာ . . .

"ငါလဲ ငွေမရဘဲ ဘယ်သူ့မှကို မသတ်ဘူး"

ကောင်းမော်မှာ မျက်လုံးပြူးကျယ်သွားလေသည်။

"မင်းက လူကိုလိုက်ပြီး ဖမ်းတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ လူဆိုးတွေကိုဖမ်းပြီး ဆုငွေထုတ်တာပေါ့"

"မင်းနာမည် ဘယ်သူလဲ"

ဟုန်ဝေယင်း တဟားဟား ရယ်မောလိုက်လေသည်။

"ဟုန်ဝေယင်းကို ကြားဖူးလား"

ကောင်းမော်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ဟုန်ဝေယင်းအား မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်ပြီး . . .

"လူဆိုးဖမ်းပြီး ဆုငွေထုတ်တဲ့ ဟုန်ဝေယင်းဆိုတာလား"

"ဘာလဲ . . . ဟုန်ဝေယင်း နစ်ယောက်ရှိတယ်လို့များ မင်းထင်နေလို့လား"

ကောင်းမော်က စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းလိုက်လေသည်။

"မင်းအလုပ်က မဟုန်ဘူး၊ ထမင်းစားရဖို့ သွေးနဲ့ရင်းရမယ်ထင်တယ်"

ဟုန်ဝေယင်းက ရင်ကော့လိုက်ပြီး . . .



"မင်း သိတားဖို့က ဒီနေ့အထိ မင်းကိုလဲ ဆုငွေထုတ်မထားသေးဘူး"

"ဒါဆို ဝမ်းနည်းစရာပဲ၊ မင်းနဲ့ငါ ဘာမှမဆိုင်ဘူးပေါ့"

ပြောပြီးသည်နှင့် ကောင်းမော်က ခန္ဓာကိုယ်ကို ရှာခနဲလှည့်ကာ ထွက်ခွာသွားလေသည်။

ဟုန်ဝေယင်းကလည်း . . .

"မင်းပြောတာ ဟုတ်တယ်"

ပြောပြီးသည်နှင့် သူလည်း ထိုနေရာမှ ထွက်ခွာသွားလေသည်။

✽ ○ ✽

www.burmeseclassic.com

www.burmeseclassic.com



## မင်းနဲ့ငါ

### (၁)

ကျဉ်းမြောင်းသော တောလမ်းကလေး ဖြစ်သည်။

ကောင်းမော်သည် ခြေလှမ်းသုတ်သုတ်ဖြင့် အရှေ့ဘက်ဆီ ဦးတည်ကာ လျှောက်သွားလေသည်။

သူ့အနောက်ဘက် ဝေးကွာသော တစ်နေရာတွင် ချန်းတုံ မှာ ကျန်ရစ်ခဲ့ပြီဖြစ်သည်။

မည်သည့်အခါမှ နိုက်တင်မြို့သို့ ပြန်လည်ရောက်ရှိတော့ မဟုတ်ပါချေ။

ကောင်းမော်သည် ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာ မကြာမီ အဝေးမှ နိုက်တင်မြို့အား လှမ်း၍ မြင်တွေ့လိုက်ရလေသည်

ကောင်းမော်က ပြုံးလိုက်လေသည်။

နိုက်တင်မြို့သို့ရောက်လျှင် ကျန်းချစ်ချစ်အား တွေ့ရတော့ မည် မဟုတ်ပါလော။



ကောင်းမော်၏ မျက်နှာအစုံမှာ နဖူးပေါ်သို့ မြင့်တက်သွား သည်။ ရုတ်တရက် ခြေလှမ်းရပ်တန့်လိုက်ပြီး နောက်သို့ ရှာခနဲ ကြည့်လိုက်သည်။ သူစိတ်ထင်သည့်အတိုင်း သူ၏နောက်ဘက် တွင် လူတစ်ယောက် လိုက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုသူကား ဟုန်ဝေယင်းပင် ဖြစ်လေသည်။ ကောင်းမော်က ကျေမနပ်ဖြင့် ...

“မင်းက ဘာသဘောလဲ၊ ဘာဖြစ်လို့ ငါ့နောက် လိုက်လာ တာလဲ”

ထိုအချိန်တွင် ဟုန်ဝေယင်းက ခြေလှမ်းကျဲကျဲဖြင့် ...

“ငါ မင်းနောက်ကို လိုက်လာတာ မဟုတ်ဘူး၊ နိုက်တင်မြို့ သွားမလို့ကွ”

ပြောပြီးသည်နှင့် ကောင်းမော်အား ဖြတ်ကျော်ကာ ရှေ့ဆက် လျှောက်သွားလေသည်။ ကောင်းမော်မှာ မကျေမနပ်ဖြစ်သွားသည်။ မှ ဟန်ပါပါဖြင့်လျှောက်သွားနေသော ဟုန်ဝေယင်းအားကြည့် ခံပြင်းလာလေသည်။

ချက်ချင်းပင် နောက်မှ ခပ်သုတ်သုတ်လိုက်သွားပြီး ဖြတ် ကျော်တက်ရန် ကြိုးစားလိုက်သည်။ ခြေသံထွက်ပေါ်လာသည်ကို ကြားရသည်နှင့် ကောင်းမော် လိုက်လာသည်ကို သိထားသောကြောင့် တ်ဆန့်ထုတ်ကာ ခေါင်းကုတ်လိုက်သည်။ ဟုန်ဝေယင်း၏ အမူ ရာကြောင့် ကောင်းမော်မှာ ကျော်တက်မရဘဲ ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းက ခပ်တည်တည်ပင် ရှေ့ဆက်လျှောက်သွားလေသည်။ ကောင်းမော်က အံကိုတင်းတင်းကြိတ်လိုက်ပြီး ဟုန်ဝေယင်းအား ဖြတ်ကျော်ရန် ကြိုးစားလိုက်ပြန်လေသည်။ ပထမနည်းအတိုင်း ဟုန်ဝေယင်းက လက်ဆန့်ထုတ်ကာ ခေါင်းကုတ်ရင်း ဟန့်တားရန် ကြိုးစားလိုက်သည်။

သို့သော် ယခုတစ်ကြိမ် ကောင်းမော်က ခေါင်းငုံ့၍ ဟုန်ဝေယင်း၏လက်အောက်မှ လျှိုကာ ဖြတ်ကျော်သွားလေသည်။ ဟုန်ဝေယင်းမှာ မခံချိမခံသာ ဖြစ်သွားသည်။ ထို့ကြောင့် ဟုန်ဝေယင်းသည် ခြေလှမ်းသုတ်သုတ်ဖြင့်လှမ်းကာ ကောင်းမော်အား ဖြတ်ကျော်လိုက်လေသည်။

ယင်းသို့ဖြင့် သူတို့နှစ်ယောက်သည် တစ်ယောက်က ကျော်တက်လိုက် ကျန်တစ်ယောက်က ဟန့်တားလိုက်၊ တစ်ဖန် ကျော်တက်လိုက်ဖြင့် အပြေးတစ်ပိုင်းဖြင့် လျှောက်လာကြရာ နိုက်တင်မြို့ကလေးသို့ ရောက်မှန်းမသိ ရောက်လာကြလေတော့သည်။

✱ ○ ✱

(၂)

နိုက်တင်မြို့ ...

နံနက်စောစောအချိန် ဖြစ်သည်။

ထို့ဖြစ်၍ မြို့ကလေးအတွင်း၌ လူစည်ကားနေ၏။



ဈေးသည်များ၊ လမ်းသွားလမ်းလာများဖြင့် တစ်မြို့လုံး လှုပ်ရှား သက်ဝင်နေလေသည်။

ကောင်းမော်နှင့် ဟုန်ဝေယင်းတို့မှာ မြို့ထဲသို့ ရောက်ရှိလာကြပြီဖြစ်သည်။

သို့သော် သူတစ်ပြန် ကိုယ်တစ်ပြန် ကျော်တက်၍ လျှောက်သွားနေကြဆဲပင် ဖြစ်သည်။

သို့သော် လူစည်ကားသော ဈေးလမ်းမသို့ ရောက်ရှိလာကြသောအခါ ဈေးသည်များ၊ လမ်းသွားလမ်းလာများဖြင့် ရှုပ်ထွေးနေသောကြောင့် ထင်သလောက် ခရီးမပေါက်တော့ချေ။

သို့သော်လည်း တစ်ယောက်နှင့် တစ်ယောက် သူတစ်ပြန် ကိုယ်တစ်ပြန် ကျော်တက်လျက်ပင် ရှိနေသေးသည်။ ထို့ကြောင့် လူများမှာ အထူးအဆန်းသဖွယ် ဝိုင်းအုံကြည့်နေကြလေသည်။ နောက်ဆုံး ဟုန်ဝေယင်းက ရှေ့သို့ရောက်သွားသည်။ လူရှုပ်နေသောကြောင့် ကောင်းမော်က ကျော်တက်ရန် ကြိုးစားသော်လည်း အရာမထင်ခဲ့ချေ။

ထို့ကြောင့် ကောင်းမော်သည် ဒေါသဖြစ်လာပြီး လူသတ်လိုစိတ်များပင် ပေါ်ပေါက်လာလေသည်။ တဖြည်းဖြည်းနှင့် မြို့လယ်သို့ရောက်ရှိလာသောအခါ လမ်းချိုးကလေးများ ရှိနေသည်ကို တွေ့ရလေသည်။

ကောင်းမော်က သဘောကျစွာ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်း သူ့နောက်သို့ ဆက်မလိုက်နိုင်စေရန် အကြံရ လာပြီး ရုတ်တရက် ဟုန်ဝေယင်းအားဖြတ်ကျော်ကာ လမ်းချိုးကလေး တစ်ခုအတွင်းသို့ လှမ်းဝင်လိုက်လေသည်။

ကတိုက်ကရိုက် လှမ်းဝင်လိုက်ရာ လမ်းချိုးကလေးအတွင်းမှ ထွက်လာသော လူတစ်ယောက်နှင့် တိုက်မိတော့သည်။ ကောင်းမော် မှာ ဒေါသထွက်သွားလေသည်။ ဝင်တိုက်မိသူအား မကျေမနပ်ဖြင့် ကြိမ်းမောင်းမည်ကြံရွယ်လိုက်စဉ် ဝင်တိုက်မိသူက ပျာပျာသလဲပင် ...

"သခင်ကလေး ကောင်းမော်ပါလား၊ အရေးကြီးတဲ့ကိစ္စ ရှိ ပြီထင်တယ်"

ကောင်းမော်မှာ ဒေါသစိတ်ကို မျိုသိပ်ထားလိုက်သည်။

အကြောင်းမှာ ဝင်တိုက်မိသူအား သူက သိရှိထားသောကြောင့် ဖြစ်သည်။ သူနှင့်ခင်မင်ရင်းနှီးသည့်အပြင် အပျင်းပြေ အရက်သော သောအခါ သွားနေကျ အရက်ဆိုင်ပိုင်ရှင်လည်း ဖြစ်နေသောကြောင့် ဖြစ်သည်။

ကောင်းမော်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အာကျယ် ... မင်း ဘယ်သွားမလို့လဲ"

ဝင်တိုက်မိသူမှာ အရက်ဆိုင်ပိုင်ရှင် 'အာကျယ်' ဆိုသူ ဖြစ် သည်။ အာကျယ်က ရယ်မောလိုက်ပြီး ...

"ဟာ ... သခင်ကလေးကလည်း ထုံးစံအတိုင်း ဆိုင်သွား မလို့လေ၊ ဒီကနေ့ သခင်ကလေး လာဦးမှာလား"



ထိုအချိန်တွင် ဟုန်ဝေယင်းက နောက်မှ လျှောက်လာနေသည် ကိုတွေ့လိုက်ရသည်။ ထို့ကြောင့် စကားစ မြန်မြန်ပြတ်သွားစေရန် ...

"ကဲ ... ကဲ မင်းသွားစရာရှိတာ သွားပေတော့၊ ကျုပ် ဒီကနေ့ လာနိုင်ချင်မှ လာနိုင်မှာ"

ပြောပြီးသည်နှင့် အာကျယ်၏စကားကိုပင် မစောင့်တော့ဘဲ ထွက်ခွာသွားလေသည်။

ရှေ့သို့ ဆယ့်လေးငါးလှမ်းမျှ လျှောက်သွားပြီးသည်နှင့် ခြံဝင်း ကြီးတစ်ခုအတွင်းသို့ လှမ်းဝင်လိုက်လေသည်။ အာကျယ်မှာ ထူးခြား သော ကောင်းမော် အပြုအမူကြောင့် အံ့သြသွားကာ ငေးကြည့်နေ မိလေသည်။ ကောင်းမော် ခြံဝင်းအတွင်း ဝင်ရောက်ပျောက်ကွယ် သွားတော့မှ ပခုံးတွန့်လိုက်လေသည်။

"စောစောစီးစီး သူရဲများ တွေ့လာသလား မသိဘူး"

ရေဖန်ပြောဆိုရင်း ထွက်ခွာရန် နောက်လှည့်လိုက်လေသည်။ ထိုအခါ လူတစ်ယောက်နှင့် ဝင်တိုက်မိလိုက်ပြန်လေသည်။ အာကျယ် မှာ လန့်ဖျပ်သွားကာ ...

"အမယ်လေးဗျ"

အော်ဟစ်ရင်း ထွက်ခွာသွားရန် ခုန်ဆုတ်လိုက်သောကြောင့် လမ်းပေါ်သို့ ဖင်ထိုင်လျက် လဲကျသွားလေသည်။ အာကျယ်နှင့် ဝင်တိုက်မိသူမှာ သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက် သည်။ ထိုလူမှာ ဟုန်ဝေယင်းပင် ဖြစ်ပါသည်။ အာကျယ်မှာ ဟုန်

www.burmeseclassic.com

www.burmeseclassic.com



ဝေယင်းအား တွေ့သည်နှင့် ရယ်မောလိုက်ကာ ဝမ်းသာသွား[...]သည်။

"မင်း ... မင်း"

ဟုန်ဝေယင်းက ခေါင်းညိတ်လိုက်လေသည်။

"အေး ... ဟုတ်တယ်၊ မင်း ငါ့ကို မှတ်မိတယ် ဟုတ်လား[...]

အာကျယ်မှာ အသံကျယ်လောင်စွာဖြင့် ...

"မင်းရုပ်ကို ချေးချီသွားတာတောင် မှတ်မိတယ်"

ဟုန်ဝေယင်းက ရယ်မောရင်း ...

"မင်းလဲ အရင်တုန်းကလို အာကျယ်တုန်းပါလား"

အာကျယ်မှာ စိတ်ဆိုးသွားခြင်း မဟုတ်ပါ။ ဟုန်ဝေယင်း[...] လက်မောင်းအား တင်းကြပ်စွာ ဆုပ်ကိုင်လိုက်ပြီး ...

"လာကွာ ... အရက်သွားသောက်ကြမယ်၊ ငါ အရက်ဆိုင်[...] ထားတယ်ကွ"

ဟုန်ဝေယင်းက ငြင်းဆန်ခြင်း မပြုပါချေ။

ကောင်းမော် ဝင်သွားသော ခြံကြီးအား တစ်ချက်ကြည့်[...] အာကျယ်နောက်သို့ လိုက်ပါသွားလေသည်။

✱ ◎ ✱

(၃)

အာကျယ်၏အရက်ဆိုင်မှာ လူစည်ကားသော လမ်းမပေါ်[...]



[...]တည်ရှိလေသည်။ နံနက်ပိုင်းအချိန်ဖြစ်သောကြောင့် အရက်သောက်သူ တစ်ယောက်တလေမျှ မရှိသေးချေ။ ထို့ကြောင့် သူ၏ဆိုင်သည် ချောက်ကပ်လျက်ရှိသည်။

အလုပ်သမားနှစ်ယောက်က အရက်ဆိုင် နေရာထိုင်ခင်းများကို ကြိုတင်ပြင်ဆင်ထားကြသည်။ ထို့ကြောင့် အာကျယ်နှင့် ဟုန်ဝေယင်းတို့ ရောက်ရှိလာသောအခါ အရက်နှင့် စားသောက်ဖွယ်ရာများ အဆင်သင့်ရှိနေပြီဖြစ်ပါသည်။ အာကျယ်က အကောင်းဆုံး အရက်တစ်အိုး ထုတ်ယူလာပြီး ...

"ကဲ ... အားရပါးရ သောက်စမ်း"

ပြောရင်း အရက်များ ငှဲ့ပေးလိုက်သည်။ ဟုန်ဝေယင်းက ငြင်းဆန်ခြင်းမပြုဘဲ မော့ချလိုက်သည်။ အာကျယ်ကိုယ်တိုင်လည်း စိတ်ဆွေဟောင်းနှင့် ပြန်လည်တွေ့ဆုံသည့် အထိမ်းအမှတ်အဖြစ် ဟုန်ဝေယင်းကိုပင် သောက်ချိုင်းသည်။

သုံးလေးခွက်မျှ သောက်ပြီးသောအခါ အာကျယ်မှာ စကားပွင့်လာသည်။ သူသည် ဟုန်ဝေယင်း၏ပခုံးအား လှမ်းပုတ်လိုက်ပြီး

"မင်း အိမ်ကထွက်သွားတာ ကြာလှပြီ၊ အဲဒီကတည်းက ငါတို့ ကွဲသွားကြတာ မဟုတ်လား"

ဟုန်ဝေယင်း၏မျက်လုံးအစုံမှာ ရီဝေလာသည်။

အရက်မူးခြင်းကြောင့်လော။

သို့တည်းမဟုတ် အိမ်ကိုလွမ်း၍လော မသိနိုင်ပါချေ။ ဟုန်ဝေ

www.burmeseclassic.com

www.burmeseclassic.com



ယင်းသည် အတန်ကြာတွေဝေနေပြီးမှ သက်ပြင်းတစ်ချက်ကို ချလို
ကာ ...

"အေး ... ငါ့မိဘတွေ ကွယ်လွန်သွားပြီးတဲ့နောက် ငါ အိမ်
ဆက်နေလို့ကော ဘာထူးမှာလဲ၊ အိမ်ပြန်လို့ကော ဘာထူးမှာလဲ"

အာကျယ်မှာ စကားကြွယ်သူတစ်ယောက် ဖြစ်သော်လည်
လေးနက်သောစကားများကို ဆိုလာသည်။

"မင်း ဒီလိုပဲ လျှောက်သွားနေတော့မှာလား၊ မင်းရဲ့သတင်
ကို ငါကြားတယ်၊ ဒီအတိုင်းသွားရင် တစ်နေ့နေ့ လူဆိုးတွေလ
ချက်နဲ့ သေသွားလိမ့်မယ်"

ဟုန်ဝေယင်းက ခေါင်းညိတ်လိုက်သည်။

"ငါ့ကိုယ်ငါ သိပါတယ်ကွာ"

"ဒါဖြင့် မင်း ဘာဖြစ်လို့ လူဆိုးဂိုဏ်းဖမ်းတဲ့အလုပ် လုပ်
တာလဲ၊ အေးအေးဆေးဆေး လုပ်ကိုင်စားပါလား"

ဟုန်ဝေယင်းက ဝန်းကျင်သို့ တစ်ချက် အကဲခတ်ကြည့်လို
သည်။ လူသူတစ်စုံတစ်ယောက်မျှ မရှိတော့မှ အသံတိုးတိုးဖြင့်

"ငါ့မှာ အကြံရှိတယ်၊ ဒီတစ်ချီ ရောမလူဆိုးကြီးတွေ ဖမ်
ရင် ရတဲ့ဆုငွေနဲ့ အေးအေးဆေးဆေး လုပ်ကိုင်စားတော့မယ်"

အာကျယ်က နှာခေါင်းရှုံ့လိုက်သည်။

"မင်းအလုပ်ကလဲ မဟုတ်ပါဘူးကွာ၊ ဒါထက် မင်း
လိုလုပ် သိုင်းပညာတတ်လာတာလဲ"



"ငါ အိမ်ကထွက်သွားတော့ တိဘက်နယ်ခြားကို ရောက်သွား
တယ်၊ အဲဒီမှာ အဘိုးအိုတစ်ယောက်နဲ့တွေ့ပြီး သိုင်းပညာ သင်ပေး
ခဲ့တာပဲ"

အာကျယ်က စိတ်ဝင်စားသွားကာ ...

"အဲဒီအဘိုးအိုက ဘယ်သူလဲ"

"သူ ကွယ်လွန်သွားပါပြီကွာ၊ မင်းကို ငါပြောပြလို့ မင်းသိမှာ
မဟုတ်ပါဘူး"

ပြောရင်း အာကျယ်အား စေ့စေ့ကြည့်လိုက်သည်။ ပြီးမှ
ချို့ဝှက်သော လေသံဖြင့် ...

"ငါ့မှာ မင်းကို မေးစရာရှိနေတယ်"

အာကျယ်မှာ မျက်မှောင်ကြုတ်သွားကာ ...

"မင်း ဘာသိချင်လို့လဲ"

"လမ်းမှာ မင်းနဲ့ဝင်တိုက်မိသူက ဘယ်သူလဲ"

အာကျယ် အနည်းငယ်စဉ်းစားလိုက်ပြီး ...

"သခင်ကလေး ကောင်းမော်ကို ပြောတာလား"

"ဟုတ်တယ်"

"မင်း ဘာကြောင့် သူ့အကြောင်း သိချင်တာလဲ"

"ဒါတွေ နောက်တော့ ငါရှင်းပြမယ်၊ သူဝင်သွားတဲ့အိမ်က
အိမ်လား"

အာကျယ်က ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ အဲဒီအိမ်ဟာ ကျွန်းမိသားစုတွေရဲ့ အိမ်ပဲ"

ဟုန်ဝေယင်း အံ့သြသွားလေသည်။

"သူက ဘာဖြစ်လို့ ကျွန်းမိသားစုအိမ်ကို သွားရတာလဲ"

အာကျယ်က ပြုံးလိုက်သည်။

"ဘာလဲ မင်းက စိတ်ဝင်စားနေပြီလား၊ ကျုပ်စိတ်ထင်ပြော ရရင် သခင်လေး ကောင်းမော်နဲ့ ကျွန်းမိသားစုထဲက မိန်းကလေး တစ်ယောက် စေ့စပ်ထားပုံရတယ်"

"ဘယ်သူနဲ့ စေ့စပ်ထားတာလဲ၊ မင်း သိသလား"

"သိတာပေါ့၊ အဲဒီ မိန်းကလေးနာမည်က ကျွန်းချစ်ချစ်တဲ့ ခေါ်တယ်"

ဟုန်ဝေယင်းမှာ ခေါင်းတဆတ်ဆတ် ညိတ်ကာ အာကျယ် ပြောသမျှ စိတ်ဝင်စားစွာ နားထောင်နေလေသည်။ အာကျယ်မှာ မျက်မှောင်ကြုတ်သွား၏။

ဟုန်ဝေယင်းအား ခြေဆုံးခေါင်းဆုံး အကဲ ခတ်ကြည့်လိုက် ပြီး ...

"နေစမ်းပါဦး ... မင်းက ဒါတွေ ဘာ့ကြောင့် မေးနေရ လဲ"

ဟုန်ဝေယင်းက ခေါင်းခါယမ်းလိုက်သည်။ထို့နောက် သ ကျစွာ ပြုံးလိုက်သည်။

"ဘာမှ မဖြစ်ပါဘူးကွာ"



အာကျယ်မှာ ဟုန်ဝေယင်း၏အဖြေကို သဘောမကျနိုင်ချေ။

"မဟုတ်သေးပါဘူး၊ မင်း အခုလို မေးနေတာ အကြောင်း ရှိရမယ်၊ ဘာလဲ ... သခင်ကလေးကောင်းမော်ကို စိတ်ဝင်စားနေလို့ လား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူ့ကို စိတ်ဝင်စားနေလို့လဲ"

ဟုန်ဝေယင်း ခပ်တည်တည်ဖြင့် ...

"ကျွန်းချစ်ချစ်"

သူ၏စကားကို ကြားလိုက်ရသောအခါ အာကျယ်မှာ မျက်လုံး ပြူးကျယ်သွားလေသည်။

ဟုန်ဝေယင်းအား မယုံကြည်နိုင်စွာဖြင့် ကြည့်ရင်း ...

"ကျွန်းချစ်ချစ်က မင်းနဲ့ ဘာဆိုင်လို့လဲ"

"အေး ... ငါနဲ့သာဆိုင်တယ်ဆိုရင် ကောင်းမော်အတွက် ဘယ် ဖြစ်နိုင်တော့မလဲ"

ပြောပြီးသည်နှင့် အားရပါးရ ရယ်မောလိုက်လေသည်။

အာကျယ်မှာလည်း ရောယောင်၍ ရယ်မောလိုက်မိသည်။

သူတို့နှစ်ယောက်၏ ရယ်မောသံများသည် အရက်ဆိုင်ကလေး အပြင်ဘက်သို့တိုင် ပျံ့လွင့်သွားလေတော့သည်။

*❍*

www.burmeseclassic.com

www.burmeseclassic.com



(၄)

ကောင်းမော်သည် လက်ထဲမှခွက်ကို စားပွဲပေါ်သို့ ချထား လိုက်သည်။

သူ အရက်သောက်နေခြင်း မဟုတ်ပါ။

သူသောက်နေသည်မှာ ရေနွေးကြမ်းသာ ဖြစ်ပါသည်။

ကျန်းချစ်ချစ်သည် သူနှင့် မျက်နှာချင်းဆိုင်ထိုင်နေသည်။

ကောင်းမော်သည် ကျန်းချစ်ချစ်အား ကြည့်ရင်း ရေနွေးကြမ်း သောက်နေခြင်း ဖြစ်သော်လည်း မူးယစ်လာသလို ခံစားနေမိသည်။

မှန်ပါသည်။

ကောင်းမော်သည် ကျန်းချစ်ချစ်၏ အလှအပတွင် ယစ်မူးနေ ခြင်းသာ ဖြစ်သည်။

ကျန်းချစ်ချစ်မှာ ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သူမအား ချစ်ခင်နှစ်သက်သူ များစွာရှိသော်လည်း သူမသည် မည်သူ့အားမျှ တုန့်ပြန်ခြင်း မရှိခဲ့ပါ။

အိမ်အတွင်း၌သာနေပြီး အပြင်သို့ ထွက်ခဲလှသည်။

ထို့ကြောင့်လည်း ကျန်းချစ်ချစ်အပေါ် မေတ္တာသက်ဝင်သူ များမှာ အားမလိုအားမရ ဖြစ်ခဲ့ကြလေသည်။

ထိုသို့ အားမလိုအားမရ ဖြစ်ခဲ့သူများထဲ၌ ကောင်းမော်သည် လည်း တစ်ယောက်အပါအဝင် ဖြစ်သည်။



သို့သော် ကောင်းမော်တွင် အခြားလူများထက် သာသည့် အချက်တစ်ချက် ရှိသည်။

ယင်းအချက်ကား နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ သူတို့နှစ်ယောက် လက်ထပ်ရန် စေ့စပ်ကြောင်းလမ်းထားခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့်လည်း ကောင်းမော်သည် ကျန်းမိသားစုနေအိမ်သို့ အချိန်မရွေး ဝင်ထွက်သွားလာနိုင်ခွင့်ရှိသည်။

ယခုလည်း ကျန်းမိသားစုအိမ်သို့ ရောက်ရှိခြင်းဖြစ်သည်။

ကောင်းမော်မှာ ကြေးစားတစ်ယောက် ဖြစ်သော်လည်း ကျန်း ချစ်ချစ်အပေါ်၌မူ မေတ္တာစစ်ဖြင့် ချစ်နေမိခဲ့၏။ ကျန်းချစ်ချစ် အပေါ် အလွန်ပင် သံယောဇဉ် ကြီးမားလှပေသည်။

ဤအကြောင်းကို ကျန်းချစ်ချစ် ကိုယ်တိုင်လည်း သဘော ပေါက်ထားသည်။ ကောင်းမော်က ကျန်းချစ်ချစ်အား စိုက်ကြည့် လိုက်ရင်းမှ ...

"ညီမ ..."

သူ၏အသံမှာ မသိမသာ တုန်ခါနေလေသည်။

ကျန်းချစ်ချစ်က ပြုံးလျက် ကောင်းမော်အား ကြည့်လိုက်ပြီး ...

"ရှင့်ကိုကြည့်ရတာ ဟိုကိစ္စပြောမလို့ မဟုတ်လား"

ကောင်းမော်မှာ အာခေါင်များ ခြောက်ကပ်လာသည့်အလား တံတွေးမျိုချလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျုပ်တို့ရဲ့ မင်္ဂလာကိစ္စ..."

သူ၏စကားမဆုံးမီမှာပင် ကျန်းချစ်ချစ်က ကြားဖြတ်လိုက်လေသည်။

"ရှင့်ကို ကျွန်မ ပြောပြီးပြီ မဟုတ်လား၊ ကျွန်မရဲ့အဒေါ် နေကောင်းလာမှ ဆုံးဖြတ်ကြမယ် ဆိုတာလေ"

ကောင်းမော်မှာ စိတ်ပျက်သွားလေသည်။

မျက်နှာတစ်ခုလုံးလည်း ရှုံ့မဲ့သွားလေသည်။ ကျန်းချစ်ချစ်၏ အဒေါ်မှာ 'ကျန်းလုံ'၏ညီမ 'ကျန်းစုရယ်' ဖြစ်သည်။

ကျန်းစုမှာ နာတာရှည် လူမမာတစ်ယောက်ဖြစ်ပြီး နော... ကျန်းချစ်ချစ်မှာ အဒေါ်ဖြစ်သူ ကျန်းစုရယ်နှင့်သာ အတူတကွနေထိုင်ခဲ့ရသည်။ ထို့ကြောင့် သူမသည် ကျန်းစုရယ်အပေါ် သံယောဇဉ်ကြီးမားနေခြင်း ဖြစ်သည်။

ကျန်းစုရယ်မှာ နာတာရှည် လူမမာတစ်ယောက် ဖြစ်နေပြီး အိပ်ရာထဲလဲနေသည်မှာ ရှစ်နှစ်ရှိပြီ ဖြစ်သည်။ သို့ဖြစ်၍ ကျန်းချ... ချစ်သည် အချိန်ရှိသရွေ့ ကျန်းစုရယ်၏နံဘေး၌ ပြုစုစောင့်ရှောက်... နေသည်။

သို့သော် ကျန်းစုရယ်မှာ ပြန်လည်သက်သာလာမည့်အ... အယောင် မရှိချေ။ ထို့ကြောင့် ကျန်းစုရယ် နေကောင်းလာမှ ... ထပ်မည် ဆိုလျှင်...

ကောင်းမော်အတွက် ကျန်းစုရယ် မရှိမှ ဖြစ်မည်။ သို့ရာ...



...ကောင်းမော်အနေဖြင့် ကျန်းစုရယ်အား သတ်ပစ်ရန် မဆိုထားဘိ၊ လက်ဖျားနှင့်ပင် မတို့ဝံ့ပါချေ။

အကယ်၍ သူသာ ကျန်းစုရယ်အား တိတ်တဆိတ် လုပ်ကြံသတ်ဖြတ်လိုက်မည်ဆိုလျှင် ကျန်းချစ်ချစ်သည် သူ့အား သေသည်အထိ မုန်းတီးသွားပေတော့မည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်မည်။

ကောင်းမော်သည် စကားတစ်လုံးမျှမပြောနိုင်တော့ဘဲ ရေနွေးကြမ်းကိုသာ တစ်ခွက်ပြီးတစ်ခွက် သောက်နေ၏။ ကျန်းချစ်ချစ်မှာ ကောင်းမော်၏ အူကြောင်ကြောင်နိုင်လှသော အပြုအမူကြောင့် ရယ်ချင်လာလေသည်။ သို့သော် မရယ်နိုင်ပါချေ။

အကြောင်းမှာ သူမ၏ရင်တွင်း၌ မရှင်းလင်းသည့်ကိစ္စများ ရှိနေသေးသောကြောင့်ဖြစ်သည်။ သူမသည် ကောင်းမော်အား အကဲခတ်ကြည့်လိုက်ပြီး...

"အစ်ကိုကောင်း... ရှင် အခုတလော ဘာဘာလုနဲ့ တွေ့သေးလား"

ကောင်းမော်မှာ မျက်မှောင်ကြုတ်သွားကာ...

"ဘာဘာ လုဝမ်းထင် ဟုတ်လား၊ ဘာဖြစ်လို့လဲ"

ကျန်းချစ်ချစ်က စဉ်းစားမရသည့်ဟန်ဖြင့်...

"ကျွန်မဆီကို စာတစ်စောင် ရောက်လာတယ်၊ ဘယ်လေ... ...ရေးကြီးတဲ့ကိစ္စရှိရှိ ပစ်ထားခဲ့ပြီး သူ့အိမ်ကို လာခဲ့ဖို့ ရေးထား...ယ်"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမော်က ပြုံးလိုက်ပြီး ...

"သန်ဘက်ခါ မွန်းတည့်ချိန် မဟုတ်လား"

ကျွန်းချစ်ချစ်မှာ အံ့ဩသွားလေသည်။

ထို့ကြောင့် ကောင်းမော်အား မယုံကြည်နိုင်စွာဖြင့် ကြည့်ရင်း ...

"ရှင် ဘယ်လိုလုပ် သိတာလဲ"

ကောင်းမော်က အေးတိအေးစက်ဖြင့် ...

"ကျုပ်ဆီကိုလည်း ဘဘ 'လှဝမ်းထင်း'က စာတစ်စောင် ပို့နိုင်းလိုက်လို့ပါ"

ပြောပြီးသည်နှင့် အကျႌအိတ်အတွင်းမှ စာတစ်စောင် ထုတ်ပြလိုက်လေသည်။

အနီရောင်ဖိတ်စာတစ်စောင်ပင် ဖြစ်ပါသည်။ ကျွန်းချစ်ချစ်က အနီရောင်ဖိတ်စာအား လှမ်းယူပြီး သေချာစွာ ဖတ်ကြည့်လိုက်သည်။

ထိုအခါ သူမ၏မျက်ဝန်းအစုံတွင် အံ့ဩသည့် အရိပ်အယောင်များ ယှက်သန်းထွက်ပေါ်လာလေသည်။

အတန်ကြာ အကဲခတ်ကြည့်ပြီးမှ ကောင်းမော်အား ကြည့်လိုက်ပြီး ...

"ကျွန်မဆီက စာနဲ့ အတူတူပါပဲလား"

ကောင်းမော်က ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်၊ ဒါထက် ဒီရက်ပိုင်းအတွင်းမှာ ညီမဆီကို ရောက်ထပ် ဘာပစ္စည်းများ ရောက်လာသေးသလဲ"

ကျွန်းချစ်ချစ်မှာ မျက်လုံးပြူးကျယ်သွားသည်။

"သံမဏိအပြားကလေးတစ်ခု ရောက်လာတယ်၊ ဘယ်သူ ပို့ပေးလိုက်သလဲ မသိဘူး"

"ဘယ်လို သံမဏိအပြားကလေးလဲ"

ကောင်းမော်က မျက်မှောင်ကုပ်ရင်း ပြန်မေးလိုက်သည်။

"ဖိတ်စာသဘောမျိုးရှင့်၊ ကျွန်မ နာမည် ရေးထားပြီး ခရမ်းရောင် ပင့်ကူတစ်ကောင်ရဲ့ပုံ ပါတယ်"

ကောင်းမော်က ပြုံးလိုက်ပြီး အိတ်ထဲသို့ လက်နှိုက်လိုက်၏။

လက်ပြန်ထုတ်လာသောအခါ လေးထောင့်အရွယ် သံမဏိပြားကလေးတစ်ချပ် ပါလာ၏။ ယင်းသံမဏိပြားကလေးပေါ်တွင် ကောင်းမော်၏အမည် ရေးထိုးထားပြီး ခရမ်းရောင်ပင့်ကူတစ်ကောင် ရေးထိုးထားသည်ကို တွေ့လိုက်ရလေသည်။

ကောင်းမော်က မဲ့ပြုံး ပြုံးလိုက်ပြီး ...

"ဒီလို ပစ္စည်းမျိုးလား"

ကျွန်းချစ်ချစ်မှာ စကားမပြောနိုင်တော့ပါချေ။

မျက်လုံးပြူးကျယ်စွာဖြင့် သံမဏိအပြားကလေးကိုသာ စိုက်ကြည့်နေမိလေတော့သည်။

သူမ၏မျက်စိထဲတွင် သံမဏိအပြားကလေးပေါ်မှ ခရမ်းရောင်

www.burmeseclassic.com

www.burmeseclassic.com



ပင့်ကူသည့် တဖြည်းဖြည်း လှုပ်ရှားသက်ဝင်လာသည်ဟု ထင်မှ လိုက်ရလေတော့သည်။

✱ ⭘ ✱

(၅)

သံမဏိအပြားကလေးများမှာ ငါးချပ်တိတိ ရှိနေ၏။

ငါးချပ်စလုံးပင် တစ်ပုံစံတည်း ဖြစ်နေလေသည်။ သို့ေ ကွဲပြားသည့် အချက်လည်း ရှိနေလေသည်။

သံမဏိအပြားကလေးတစ်ချပ်စီတွင် ရေးထိုးထားသည့် အမည်များ ကွဲပြားခြားနားနေခြင်းပင် ဖြစ်ပါသည်။

ကောင်းမော်၊ ကျန်းချစ်ချစ်၊ တင်းစန်း၊ စုကွမ်းအင်းနှင့် လ တို့ဖြစ်သည်။ သံမဏိပြားကလေးများသည် အသွင်မတူသော နည်း နံဖြင့် သူတို့၏အိမ်သို့ ရောက်လာခြင်း ဖြစ်ပါသည်။

ယခု ယင်းသံမဏိအပြားကလေး ငါးခုသည် လုဝမ်းထင် ညှိခန်းအတွင်းရှိ စားပွဲပေါ်တွင် ရောက်ရှိနေ၏။

စားပွဲအား လူငါးယောက်က ဝိုင်းထိုင်နေကြသည်။ ပုံသဏ္ဌာ မတူသော လူငါးယောက်မှာ အတွင်းစိတ်လည်း မတူညီနိုင်ကြ ချေ။ အသက်ငါးဆယ်ကျော်ပြီဖြစ်သော တင်းစန်းမှာ ထိုင်မရထ စိတ်ဂဏှာမငြိမ် ဖြစ်နေပုံရ၏။

အရက်သောက်လွန်းသဖြင့် သူ၏မျက်နှာမှာ ဖောသွပ်



ဖြစ်နေလေသည်။ အချိန်ရှိတိုင်း အရက်ကိုသာ အဖော်ပြုသည့် လူ တစ်ယောက်ဖြစ်ဟန် ရှိလေသည်။ သို့သော် အရက်သမားကြီးဟု သူ့အား အထင်သေး၍ မရပါချေ။

အကြောင်းမှာ တစ်ချိန်က သိုင်းလောကတွင် လျှမ်းလျှမ်း တောက် ကျော်ကြားခဲ့သော သိုင်းသမားတစ်ယောက်ဖြစ်ခဲ့သော ကြောင့်ပင်တည်း။

တင်းစန်း၏နံဘေး၌ ထိုင်နေသော အမျိုးသမီးကြီးမှာ စုကွမ်း အင်း ဖြစ်သည်။ အသက်ကြီးရင့်လာသော်လည်း နုပျိုနေပြီး ဆွဲဆောင် အပြည့်အဝရှိနေသေး၏။ သူမသည် ငယ်စဉ်က အလွန်ပင်ချောမော လှပခဲ့မည်ဖြစ်ကြောင်း သိသာနိုင်လေသည်။ သို့သော် သူမ၏ရုပ်ရည် နှင့် စိတ်ထားမှာမူ ဆန့်ကျင်နေလေသည်။

စုကွမ်းအင်းသည် ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်း ကြုတ်သူဖြစ်ကြောင်း တင်းစန်းနှင့် လုဝမ်းထင်းတို့က သိရှိထားကြ လေသည်။

ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့မှာမူ တင်းစန်း၊ စုကွမ်းအင်း တို့နှင့် မျက်နှာချင်းဆိုင်၍ ထိုင်နေကြ၏။

သူတို့အားလုံး စားပွဲ၏ထိပ်ဆုံးနေရာတွင်ရှိနေသော လုဝမ်း ထင်းအား စိုက်ကြည့်နေကြလေသည်။

လုဝမ်းထင်းမှာမူ မည်သူ့ကိုမျှ မကြည့်ဘဲ စားပွဲပေါ်ရှိ သံမဏိအပြားကလေး ငါးချပ်ကိုသာ ငေးကြည့်နေ၏။

www.burmeseclassic.com

အတန်ကြာမှ သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အားလုံး ဒီလိုပစ္စည်းမျိုး ရထားကြပြီထင်ပါတယ်"

တင်းစန်းက ထိုင်ရာမှ ထလိုက်ပြီး ...

"ရထားလို့ အစ်ကိုကြီး တွေ့ပြီမဟုတ်လား၊ ရှည်ရှည်ဝေး ပြောနေစရာ မလိုပါဘူး"

လှဝမ်းထင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒီရုက္ခစိုးဟာ ကျုပ်တို့အတွက် မထူးဆန်း မယ့် နားမလည်တဲ့ လူငယ်တွေ ရှိနေသေးတယ် မဟုတ်လား"

ပြောရင်း ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့အား လှမ်းကြ လိုက်လေသည်။ မှန်ပါသည်။ ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့ လည်း ဤကိစ္စကို စိတ်ဝင်စားနေကြသည်။

ကောင်းမော်က ထိုင်ရာမှ ထလိုက်ပြီး ...

"ဒီပစ္စည်းတွေဟာ ပင်ကူရဲ့အထိမ်းအမှတ်ဖြစ်တယ်၊ လွ တဲ့ ဆယ်နှစ်ကျော်ကျော်က သိုင်းလောကမှာ ထင်ရှားခဲ့တဲ့ ပင် ဆိုတဲ့လူဟာ သေဆုံးသွားပြီလို့ ပြောနေကြပေမယ့် အခု ဘာကြော ပြန်ပေါ်လာရတာလဲ"

လှဝမ်းထင်းက မျက်မှောင်ကုပ်သွားကာ ...

"မင်းက ပင်ကူရဲ့အကြောင်းကို လေ့လာထားပုံရတယ်"

"ဒီလိုဆိုရင် ပင်ကူနဲ့ပတ်သက်တာ ဘာသိသေးသလဲ"

ကောင်းမော်က တည်ကြည်သော မျက်နှာထားဖြင့် ...



"လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ပင်ကူဟာ ပြန်လည်ပေါ် က်လာပါတယ်၊ ဒါပေမယ့် ဒီတစ်ခါတော့ ဒုစရိုက်သမားတွေ ိုသာ ရွေးပြီး တိုက်ခိုက်ပါတယ်"

လှဝမ်းထင်း၊ တင်းစန်းနှင့် စုကွမ်းအင်းတို့မှာ တစ်ယောက် က်မှာ တစ်ယောက် ကြည့်မိလိုက်ကြလေသည်။

ကောင်းမော်သည် စားပွဲပေါ်ရှိ သံမဏိအပြားကလေးများ ား လက်ညှိုးညွှန်ပြလိုက်ပြီး စကားဆက်လိုက်သည်။

"ဒီပစ္စည်းတွေဟာ ပင်ကူရဲ့ သေမင်းတမန် ကတ်ပြားတွေ ်တယ်၊ ပင်ကူက ဘာကြောင့် ကျွန်တော်တို့ဆီ ပို့လိုက်ရတာလဲ၊ အကြောင်းကို ကျွန်တော် သိချင်ပါတယ်"

တင်းစန်း၊ စုကွမ်းအင်းနှင့် လှဝမ်းထင်းတို့မှာ ရုတ်တရက် ည်သို့ဖြေရမှန်းမသိ ဖြစ်သွားကြလေသည်။

အတန်ကြာမှ လှဝမ်းထင်းက သက်ပြင်းတစ်ချက် ချလိုက် ည်။

ထို့နောက် ကောင်းမော်အား စေ့စေ့ကြည့်ရင်း ...

"တို့တစ်တွေဟာ တစ်ချိန်က ပင်ကူနဲ့ ပြဿနာဖြစ်ခဲ့ကြ တယ်၊ ဒီကိစ္စကို မင်းအဖေ ပြောမပြဘူးလား"

ကောင်းမော်က ခေါင်းခါယမ်းလိုက်သည်။

"ပြောမပြပါဘူး"

လှဝမ်းထင်းက ကျန်းချစ်ချစ်ဘက် လှည့်ကာ ...

www.burmeseclassic.com



"မင်းကိုကော"

ကျန်းချစ်ချစ်ကလည်း ခေါင်းခါယမ်းလိုက်သည်။

"ဘာမှ မပြောပါဘူး"

လှဝမ်းထင်းမှာ စိတ်ပျက်သွားဟန်ရှိလေသည်။ အတန်ကြာမျှ အခြေအနေကို သဘောပေါက်သွားသည့်အလား ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

"လက်စသတ်တော့ ဒီလိုကိုး"

တင်းစန်းမှာ လှဝမ်းထင်းအားကြည့်ရင်း မနေနိုင်တော့ဘဲ ရယ်မောကြားဖြတ်လိုက်လေသည်။

"အစ်ကိုကြီး ... ခင်ဗျား သူတို့ကို ပြောပြမလို့လား"

လှဝမ်းထင်းက အနည်းငယ် စဉ်းစားလိုက်ပြီး သက်ပြင်းတစ်ချက်ချကာ ...

"ကျုပ်သဘောကတော့ ပြောပြဖို့လိုမယ် မထင်ဘူးဗျ"

တင်းစန်းက စုကွမ်းအင်းဘက်သို့လှည့်ကာ ...

"ညီမ သဘောကကော ..."

စုကွမ်းအင်းက ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့အား အသာ ခတ်ကြည့်လိုက်ပြီးမှ စဉ်းစားချင့်ချိန်သောလေသံဖြင့် ...

"ဒီကိစ္စကို သူတို့ရဲ့အဖေတွေက ပြောမပြခဲ့တာတောင်မှ မသိစေချင်လို့ပဲ ဖြစ်ရမယ်၊ ဒါပေမယ့် ဆယ်နှစ်ကျော်ကကိစ္စတွေကို ရှင်ပြောလဲ မထူးဘူး၊ မပြောလဲ အကြောင်းထူးမှာ မဟုတ်ပါဘူး



လှဝမ်းထင်းမှာ မျက်မှောင်ကုပ်သွားကာ ...

"ဒါဖြင့် ဒီကိစ္စအပေါ်မှာ အလေးအနက်မထားဘူး ဆိုတဲ့ သဘောပေါ့"

"ဟုတ်တယ်၊ အခုအချိန်မှာ ဒါတွေပြောနေမယ့်အစား အရေးကြီးတဲ့ကိစ္စ ပြောကြရင် မကောင်းဘူးလား"

တင်းစန်းနှင့် လှဝမ်းထင်းတို့သည် သူမ၏စကားကို နှစ်မြိုက်သွားပုံရလေသည်။

ထို့ကြောင့် ကောင်းမော်မှာ မနေနိုင်တော့ဘဲ ...

"ပင့်ကူကတ်ဟာ သေမင်းတမန် ကတ်ပြားပဲ၊ ပင့်ကူပုံမှာ နာမည်ရေးထိုးပြီး ပို့ပေးတာ နာမည်ရှင်ကို သတ်ပစ်မယ် ဆိုတဲ့ သဘောပဲ၊ ဒါကြောင့် ကျွန်တော်တို့ ဘုမသိဘမသိ အသတ်ခံရရင် တရားပါ့မလား"

လှဝမ်းထင်း၊ တင်းစန်းနှင့် စုကွမ်းအင်းတို့မှာ ပင့်ကူကတ် အပေါ်သို့ မျက်လုံးရောက်သွားကြပြန်လေသည်။

ကောင်းမော်က စကားဆက်လိုက်သည်။

"ဒီကိစ္စဟာ ကျွန်တော်တို့အတွက် သေရေးရှင်ရေး ကိစ္စပဲ၊ ဘာကြောင့် အခုလိုဖြစ်ရတယ်ဆိုတာ ရှင်းပြဖို့ ကောင်းပါတယ်"

ကျန်းချစ်ချစ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်မတို့ကို ဒီကိစ္စ ရှင်းပြ ..."

သူမ၏စကားမဆုံးမီမှာပင် လှဝမ်းထင်းက လက်ကာပြ၍

www.burmeseclassic.com

www.burmeseclassic.com



ဟန်တားလိုက်သည်။ သူ၏မျက်နှာထားမှာ တင်းမာနေပြီး ကောင်းမော်တို့အား ပြောပြချင်ပုံ မရပါချေ။

သူသည် စားပွဲပေါ်ရှိ ပင့်ကူကွက်ငါးခုကိုသာ စိုက်ကြည့်လိုက်ပြီး ...

"အခုလောလောဆယ် ဒါတွေ ရှင်းပြနေလို့ အလကားပဲ၊ အရေးကြီးတာက ပင့်ကူကို ဘယ်လိုရင်ဆိုင်ကြမလဲ၊ ဒါကို ဦးစားပေးပြီး စဉ်းစားရမယ်"

သူ၏စကားမှာ သဘာဝကျနေသဖြင့် ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့မှာ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

တင်းစန်းနှင့် စကွမ်းအင်းတို့ကလည်း လုဝမ်းထင်းအား လှမ်းကြည့်လိုက်ကြသည်။ လုဝမ်းထင်း၏ စကားအတိုင်းဆိုလျှင် ပင့်ကူအား ရင်ဆိုင်ရန် သူ့ထံတွင် အကြံအစည်တစ်ခုခု ရှိနေလိမ့်မည်ဟု ယုံကြည်ထားကြ၏။

ထို့ကြောင့် စကွမ်းအင်းက ထိုင်ရာမှထကာ ...

"အစ်ကိုကြီး ... ရှင့်မှာ အကြံရှိနေပြီလား"

လုဝမ်းထင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဘယ်လို အကြံမျိုးလဲ"

"မားဂူးတဲ့ သဘောပေါ့"

စကွမ်းအင်း မျက်မှောင်ကြုတ်သွားကာ ...



"ဘာလဲ ... ရှင်က ပင့်ကူကိုရင်ဆိုင်ဖို့ လူတစ်ယောက် ငှား ... သဘောလား"

"ဟုတ်တယ်"

"ဘယ်သူ့ကို ငှားမှာလဲ"

"ဟုန်ဝေယင်း ..."

ဟုန်ဝေယင်းဟူသော အမည်ကို ကြားလိုက်ရသောအခါ ...ာင်းမော်၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားရလေတော့သည်။

✱ ○ ✱

(၆)

နေဝန်းနီသည် အနောက်ဘက်သို့ ငုပ်လျှိုးသွားပြီဖြစ်သည်။ အလင်းရောင်များအစား အမှောင်ထုက နေရာယူလာကြသည်။ နိုက်တင်မြို့ကလေးရှိ အိမ်တိုင်းအိမ်တိုင်းတွင် မီးများထွန်းညှိ ...းကြပြီဖြစ်ပါသည်။

ထုံးစံအတိုင်းဆိုလျှင် အာကျယ်၏အရက်ဆိုင်မှာ မိုးချုပ်လာ ...ည်နှင့် ဆိုင်သိမ်းသွားပြီးဖြစ်သည်။

သို့သော် ယနေ့တွင်မူ ထူးထူးခြားခြား ဖြစ်နေ၏။

မိုးချုပ်သွားပြီဖြစ်သော်လည်း ဆိုင်ပိတ်ခြင်းမရှိသေးပါ။ မီးအိမ် ...း ထွန်းပြင် ထွန်းညှိထားပြီး ဆက်လက် ရောင်းချနေသေးသည် ... တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် အာကျူယ်၏အရက်ဆိုင်၌ အထူးဧည့်သည်တော်များ ရောက်ရှိနေ၍လော။

မှန်ပါသည်။ အာကျူယ်၏အရက်ဆိုင်တွင် ဟုန်ဝေယင်း ရောက်ရှိနေ၏။ အာကျူယ်နှင့်အတူ တစ်နေ့လုံး ပျော်ရွှင်စွာ အရက်သောက်နေကြရာ မိုးချုပ်လာသည့်အခါ နှစ်ယောက်စလုံးပင် အရက်မူးလာလေသည်။

ဟုန်ဝေယင်းမှာ ဆက်၍ အရက်သောက်နိုင်ခဲ့သော်လည်း အာကျူယ်မှာမူ စားပွဲခုံပေါ်တွင် မှောက်လျက် အိပ်ပျော်နေ၏။

သူ့အား ဆိုင်လုလင်များက မနှိုးဝံ့ကြပါချေ။ ထို့ကြောင့်လည်း ယခုတိုင် ဆိုင်မသိမ်းနိုင်ခြင်းဖြစ်ပါသည်။

အလုပ်သမား နှစ်ယောက်မှာ အာကျူယ်နှင့် ဟုန်ဝေယင်းတို့အား ကြည့်ကာ ဗျာများနေကြ၏။

သူတို့သည် ဆိုင်အတွင်း ဧည့်သည်များ ပြန်ကုန်ကြပြီဖြစ်သဖြင့် ဆိုင်သိမ်းကာ အိမ်ပြန်ချင်နေကြပြီဖြစ်သည်။

အကယ်၍ နောက်ထပ် ဧည့်သည်များ တစ်ယောက်ပြီး တစ်ယောက် ရောက်ရှိလာလျှင် တစ်ညလုံး ဆိုင်ဖွင့်ကာ ရောင်းချနေရမည်ကို သူတို့ စိုးရိမ်ပူပန်နေမိကြလေသည်။

ထိုစဉ် ဆိုင်အတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာပြန်၏။ ဆိုင်လုလင်နှစ်ယောက်မှာ မတတ်သာတော့ဘဲ ကြိုဆိုလိုက်ရလေသည်။



"ကြွပါဗျာ … ဘာများ အလိုရှိပါသလဲ"

ဝင်ရောက်လာသူမှာ လှဝမ်းထင်း၏လူယုံတော် ဝမ်းအော့ဖြစ်သည်။ ဝမ်းအော့သည် ဆိုင်ကလေးအတွင်း တစ်ချက်ဝေ့ကြည့်လိုက်ပြီး …

"အာကျူယ်နဲ့အတူ မိတ်ဆွေတစ်ယောက် ပါလာတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အခု သူ ဘယ်မှာလဲ"

ဝမ်းအော့မှာ မေးပြီးမှ အဖြေမလိုကြောင်း သဘောပေါက်လိုက်သည်။ အကြောင်းမှာ ဆိုင်ကလေးအတွင်း၌ အာကျူယ်နှင့်အတူ သူစိမ်းတစ်ယောက်တည်းသာ ရှိနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ဝမ်းအော့သည် ဟုန်ဝေယင်း၏အနီးသို့ လျှောက်သွားပြီး …

"မိတ်ဆွေဟာ လူဆိုးဖမ်းတဲ့ ဟုန်ဝေယင်း မဟုတ်လား"

ထိုအချိန်၌ ဟုန်ဝေယင်းမှာ အရက်မူးနေပြီဖြစ်သည်။

ဝမ်းအော့အား မော့ကြည့်လိုက်သော်လည်း လူလုံးပင် ကွဲပြားစွာ မတွေ့ရဘဲဖြစ်နေသည်။ သို့သော် အသံကို ကြားရသေးသဖြင့် …

"ဒီကမ္ဘာပေါ်မှာ လူဆိုးဖမ်းတဲ့ ဟုန်ဝေယင်းဆိုတာ ကျုပ်တစ်ယောက်ပဲ ရှိတယ်"

ဟုန်ဝေယင်းက လျှာလေးအာလေးဖြင့် ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းအော့က ပြုံးလိုက်သည်။

သူ၏ မျက်နှာပေါ်တွင် အံ့အားသင့်သော အရိပ်အယောင်များသည်း ထွက်ပေါ်နေ၏။

သိုင်းလောကတွင် နာမည်ကျော်ကြားနေသော လူဆိုးဖမ်းသည့် ဟုန်ဝေယင်းမှာ ဤကဲ့သို့ အရက်မူးသမားတစ်ယောက်ဖြစ်လိမ့်မည်ဟု သူ လုံးဝ မထင်မိခဲ့ချေ။

ယခု ဟုန်ဝေယင်းအား အရက်မူးလျက် တွေ့ရသည့်အခါ ဝမ်းအော့သည် မည်သို့မျှအထင်ကြီး၍မရဘဲဖြစ်သွားသည်။ သို့သော် လုဝမ်းထင်းကိုယ်တိုင် အမိန့်ပေးခဲ့သဖြင့် မထီလေးစား မလုပ်ဝံ့ဘဲ ကျိုးနွံစွာဖြင့် ...

"ကျုပ်တို့သခင် လုဝမ်းထင်းက ခင်ဗျားကို ဖိတ်ခေါ်လိုက်ပါတယ်၊ ခင်ဗျား လက်ခံပြီး အကူအညီပေးလိမ့်မယ်လို့ သူ မျှော်လင့်ထားပါတယ် ခင်ဗျား"

ဟုန်ဝေယင်းမှာ အရက်မူးနေသဖြင့် ဝမ်းအော့၏ စကားများကို သဲသဲကွဲကွဲ မကြားလိုက်ရချေ။

ဝမ်းအော့က ဖိတ်စာတစ်စောင် ထုတ်ပေးလိုက်သည်။

ထို့နောက် ဦးညွှတ်၍ နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

ဝမ်းအော့ ထွက်ခွာသွားပြီး မရှေးမနှောင်းမှာပင် ဟုန်ဝေယင်းသည် အမူးလွန်နေပြီဖြစ်၍ စားပွဲပေါ်သို့ မှောက်ကျသွားလေတော့သည်။



အတန်ကြာသောအခါ အာကျယ်ခေါ် ဟောက်သံများပင် ထွက်ပေါ်လာပြီး ဟုန်ဝေယင်းမှာ အိပ်ပျော်သွားလေတော့သည်။

ထိုအခါမှ စားသောက်ဆိုင်၏ ခေါင်မိုးပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာ၏။ ထိုလူမှာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားသော ဝမ်းကြိုပင် ဖြစ်သည်။

ဝမ်းကြိုသည် အပြင်ဘက်မှနေ၍ ဟုန်ဝေယင်း၏ အခြေအနေကို အကဲခတ်လိုက်သည်။ ဟုန်ဝေယင်းမှာ မူးပြီး အိပ်ပျော်နေသည်ကို တွေ့ရမှ ဝမ်းကြိုသည် သဘောကျစွာ ပြုံးလိုက်လေသည်။

ထို့နောက် ခန္ဓာကိုယ် ရှာခနဲလှည့်ကာ အမှောင်ထုထဲသို့ တိုးဝင် ပျောက်ကွယ်သွားလေတော့သည်။

✱ ⭘ ✱

ညဉ့်နက်ပြီ ဖြစ်သည်။

ဆိုင်လုလင်နှစ်ယောက်မှာ မတတ်သာကြတော့ဘဲ ဆိုင်ကို ပိတ်လိုက်ကြလေသည်။

ထို့နောက် အိမ်မပြန်ကြတော့ဘဲ ဆိုင်တွင်း၌ နေရာရှာကာ အိပ်စက်လိုက်ကြလေတော့သည်။

ဟုန်ဝေယင်းမှာ ယခုတိုင် အိပ်ရာမှနိုးလာခြင်း မရှိသေးပါချေ။ နံနက်လင်းသည်အထိ နှစ်ခြိုက်စွာ အိပ်နေဦးမည်ပုံဖြစ်သည်။ အုန်းမောင်းနှစ်ချက်တီးမှ ဟုန်ဝေယင်းက လန့်နိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းတစ်ခုလုံး အက်ကွဲမတတ် နာကျင်နေပြီး မျက်လုံးများမှာလည်း မှုန်ဝါးနေလေသည်။

အတန်ကြာသည်အထိ အသက်မှန်မှန်ရှုကာ စိတ်ထိန်းထားလိုက်မှ အနေရသက်သာလာလေသည်။

ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး ပြန်လည်အိပ်စက်ရန် ဟန်ပြင်လိုက်သည်။ ဦးခေါင်းမူးနောက်သည့်အချိန်တွင် လှုပ်ရှားခြင်းထက် စိတ်ကြည်လင်လာမည့် နံနက်ခင်းအချိန်ကို စောင့်၍ လှုပ်ရှားခြင်းက ပို၍ ကောင်းမွန်သည်ဟု ယူဆထားသောကြောင့် ဖြစ်သည်။

ရုတ်တရက် ခေါင်းချမည်ကြံရွယ်စဉ် စားပွဲပေါ်မှ ဖိတ်စာတစ်စောင်အား တွေ့လိုက်ရလေသည်။ ဟုန်ဝေယင်းမှာ အံ့ဩသွားကာ ဖိတ်စာကိုယူ၍ ဖတ်ကြည့်လိုက်မိသည်။ စာကိုဖတ်ပြီးသောအခါ ခေါင်းကို အသာအယာ ခါယမ်းလိုက်မိသည်။

"ဒါ ဘာသဘောလဲ၊ ငါက လူဆိုးဖမ်းပြီး ဆုငွေထုတ်ယူရင်တာ၊ အခကြေးငွေနဲ့ လူကို မစောင့်ရှောက်နိုင်ဘူး၊ ဒါပေမယ့် ပေးတဲ့ ငွေကများနေတော့ စဉ်းစားစရာပဲ၊ ဘာပဲဖြစ်ဖြစ် မနက်ဖြန်ဆုံး ဖြတ်တာ ကောင်းမယ်"

တွေးတောရင်း ဖိတ်စာကို အင်္ကျီအိတ်ထဲသို့ထည့်ကာ စားပွဲခုံပေါ်သို့ မှောက်ချလိုက်လေသည်။ မကြာပါချေ၊ တခေါခေါဟောက်သံများ ထွက်ပေါ်လာပြီး အိပ်ပျော်သွားလေတော့သည်။



အကယ်၍သာ သူ့ထံသို့ ဖိတ်စာပေးပို့လာသည့် လုဝမ်းထင်းမှာ ဓားပြဗိုလ်ပူးတိ ဖြစ်ကြောင်း သိခဲ့ရမည်ဆိုလျှင် ...

ထို့ပြင် လုဝမ်းထင်းက သူ့အားဖိတ်ကြားခဲ့သည်ကို ဝမ်းကြီးက ချောင်း၍ နားထောင်နေခဲ့ကြောင်းကိုလည်း သူ သတိထားမိခဲ့လျှင် ...

ဟုန်ဝေယင်းသည် မည်သည့်အခါမျှ အရက်ကို မူးအောင်သောက်တော့မည် မဟုတ်ချေ။ အရက်အလွန်ကြိုက်သူသည် အမှားများစွာနှင့် ကြုံတွေ့နိုင်သည် မဟုတ်ပါလော။ များစွာသော အမှားအနက် သူ၏အသက် လုပ်ကြံခံရခြင်းလည်း ပါဝင်နေသည်။

❋ ◎ ❋

(၈)

အဝေးမှ ကြက်တွန်သံများ ထွက်ပေါ်လာသည်။

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်သည်။

နေဝန်းနီနှင့်အတူ အလင်းရောင် ရောက်ရှိလာပြီး အမှောင်ထုမှာ ကမ္ဘာမြေပေါ်မှ တစ်စထက်တစ်စ လွင့်ပါးပျောက်ကွယ်သွားလေသည်။ မကြာမီ မိုးစင်စင်လင်းတော့မည် ဖြစ်ပါသည်။

နံနက်စောစောအချိန် ...

ပန်းတစ်ရာတောင်ကုန်းသို့ သွားရာ လမ်းကလေးပေါ်တွင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းတစ်ရာတောင်ကုန်းမှာ နိုက်တင်မြို့ပြင် တစ်မိုင်ခန့်အ တွင်ရှိသော တောင်ကုန်းတစ်ခု ဖြစ်သည်။ ကေသုံးဆယ်ခန့် ကျ ဝန်းပြီး သူဌေးကြီးလုဝမ်းထင်း ပိုင်ဆိုင်သောနေရာ ဖြစ်လေသည် ထူထဲသော အုတ်နံရံများဖြင့် ကာရံထားပြီး အစောင့်အကြပ်များ ရှိလေသည်။

ယနေ့နံနက်စောစော လမ်းကလေးအတိုင်း ပန်းတစ်ရာတော ကုန်းသို့ လူတစ်ယောက် လျှောက်လာလေသည်။ ထိုလူမှာ ထ ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားသည်။ အဝတ်အစားများ အသစ်ကျပ်ချွတ်ဖြစ်လေသည်။ ထို့ကြောင့် ထိုသူသည် ခြေလှ သုံးလေးလှမ်းမျှ လှမ်းပြီးတိုင်း လက်နှစ်ဖက်ဖြင့် အဝတ်အစားမျ ကို သပ်ချနေသည်။

သူ၏ပုံပန်းမှာ အဝတ်အစားပေါ်တွင် ဖုံပေမည်ကို လွန် စိုးရွံ့နေဟန်ရှိသည်။ အလွန်ပင် အသန့်အပြန့်ကြိုက်သည့် လူတ ယောက်ပေလား။ အနက်ရောင်ဝတ်ဆင်ထားသူသည် ပန်းတစ် တောင်ကုန်းအား လှမ်းကြည့်လိုက်ပြီး ...

"လုဝမ်းထင်းဟာ တော်တော် ချမ်းသာမယ်ထင်တယ်၊ ငါ့ စောင့်ရှောက်ဖို့ ငှားရမ်းထားတော့ သားသားနားနား ဝတ်သွားရ ပေါ့၊ ဟား ... ဟား ... ဟား"

ထိုသူသည် စိတ်ထဲ၌ ရေရွတ်ရင်း သဘောကျစွာ ရယ်မော ကာ ရှေ့ဆက် လျှောက်သွား၏။ မကြာပါချေ၊ ပန်းတစ်ရာတော



ကုန်းပေါ်ရှိ သူဌေးကြီးလုံဝမ်းထင်း၏ ခြံဝင်းရှေ့သို့ ရောက်ရှိသွား သည်။

ခြံဝင်း၏တံခါးမကြီးတွင် စောင့်ကြပ်နေသော အစောင့်အကြပ် အား လူစိမ်းတစ်ယောက် ဝင်လာသည်ကို တွေ့ရသဖြင့် ဟန့်တား က်ကြသည်။

"ရပ်လိုက် ..."

အနက်ရောင်ဝတ်ဆင်ထားသူက ခြေလှမ်း ရပ်တန့်လိုက် ည်။

ထို့နောက် အစောင့်အကြပ်များအား မကျေမနပ်ဖြင့် ကြည့် ...

"ခင်ဗျားတို့က ဘာသဘောလဲ၊ ခင်ဗျားတို့သခင် ဖိတ်ခေါ် ားတဲ့လူကို ဟန့်တားဝံ့ကြသလား"

အစောင့်များမှာ ရင်ထိတ်သွားကြသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသူက ရှေ့သို့တိုးထွက်လာပြီး လက် ဖက်ကို ဆုပ်ကာ ဦးညွှတ်ရင်း ...

"မိတ်ဆွေနာမည်က ဘယ်လိုခေါ်ပါသလဲ"

အနက်ရောင်ဝတ်ဆင်ထားသူက ရင်ကော့လိုက်ပြီး ...

"လူဆိုးဖမ်းတဲ့ ဟန်ဆေယင်းဆိုတာ ခင်ဗျားတို့ ကြားဖူးကြ လား"

ခေါင်းဆောင်ဖြစ်ဟန်ရှိသူ၏ မျက်နှာမှာ ချက်ချင်းဆိုသလို

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။ အနက်ရောင်ဝတ်ဆင်ထားသူအား ထိတ်လန့်စွာကြည့်ရင်း ...

"မိတ်ဆွေဟာ လူဆိုးဖမ်းတဲ့ ဟုန်ဝေယင်း ဆိုတာလား"

"ဘာလဲ၊ ခင်ဗျား မယုံဘူးလား"

"မယုံလို့ မဟုတ်ပါဘူး၊ ကျုပ် ... ကျုပ်"

သူ၏စကားမဆုံးမီမှာပင် အနက်ရောင်ဝတ်ဆင်ထားသူ ခက်ထန်စွာ ပြောလိုက်လေသည်။

"စကားမရှည်နဲ့၊ ခင်ဗျားသခင်ကို သွားပြီး သတင်းပို့စမ်း"

ခေါင်းဆောင်ဖြစ်ဟန်ရှိသူမှာ မတတ်သာတော့ပါချေ။

ချက်ချင်းပင် လူတစ်ယောက်အား သွား၍ သတင်းပို့နိုင်းလိုက်လေသည်။ သူကိုယ်တိုင်မှ ဟုန်ဝေယင်းအား လေးလေးစားစား ဖိတ်ခေါ်လိုက်လေသည်။

"ကဲ ... အထဲကိုကြွပါခင်ဗျာ"

အနက်ရောင်ဝတ်ဆင်ထားသူက ဟန်ပါပါဖြင့် ခြံဝင်းအတွင်းသို့ လှမ်းဝင်လိုက်လေသည်။ အကယ်၍သာ ဟုန်ဝေယင်းသည် မည်သည့်အခါမှ အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားလေ့ မရှိကြောင်း လုဝမ်းထင်း၏ အစောင့်အကြပ်များက သတိထားမိခဲ့ပါမူ ...

✻ ○ ✻



(၉)

"ဟုန်ဝေယင်း ရောက်လာပါပြီ"

ဝမ်းအော့၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အသံနှင့်အတူ ဝမ်းအော့နှင့် အနက်ရောင်ဝတ်ဆင်ထားသူ စ်ယောက် အခန်းတွင်းသို့ လှမ်းဝင်လာကြသည်။

အခန်းတွင်းရှိ လုဝမ်းထင်း၊ တင်းစန်း၊ စုကွမ်းအင်း၊ ကောင်း န်နှင့် ကျန်းချစ်ချစ်တို့မှာ ပြိုင်တူ မတ်တတ်ရပ်လိုက်ကြသည်။ ခုန်မှာ အနက်ရောင်ဝတ်ဆင်ထားသူသည် ဟုန်ဝေယင်းအဖြစ် န်ဆောင်ထားသော ဝမ်းကြီးပင် ဖြစ်ပါသည်။ ဝမ်းကြီးက စပ်တည် ည်ဖြင့် အခန်းတွင်းသို့ လှမ်းဝင်လာပြီး လက်နှစ်ဖက်ကို ဆုပ်ကာ နှုတ်ဆက်လိုက်လေသည်။

"ကျုပ်နာမည် ဟုန်ဝေယင်းလို့ ခေါ်ပါတယ်၊ ဖိတ်စာအရ ကျုပ် လာခဲ့တာပါ"

ဝမ်းအော့မှာ အာကျယ်၏အရက်ဆိုင်တွင် ဟုန်ဝေယင်းအား တ်စာပေးခဲ့သူ ဖြစ်သည်။

ယခု ဝမ်းကြီးက ဟုန်ဝေယင်းအဖြစ် ရောက်ရှိလာသောအခါ စုံတစ်ရာ ထူးခြားနေပြီဖြစ်ကြောင်း ရိပ်မိလိုက်၏။ သို့သော် ရက်ဆိုင်တွင်တွေ့ခဲ့ရသော အရက်မူးသမားမှာ ယခုရောက်ရှိလာ သာ ဟုန်ဝေယင်း၏တပည့် ဖြစ်ရမည်ဟု ထင်မှတ်ထားသဖြင့် တစ်ခွန်းမှမပြောဘဲ ခပ်မဆိတ်ပင် နေလိုက်လေသည်။ လုဝမ်း

www.burmeseclassic.com

www.burmeseclassic.com



ထင်းက ထိုင်ရာမှထကာ ဟုန်ဝေယင်းအဖြစ် ဟန်ဆောင်ထားသော ဝမ်းကြုံအနီးသို့ လျှောက်သွားလေသည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျုပ်နာမည် လုဝမ်းထင်လို့ ခေါ်ပါတယ်"

ဝမ်းကြုံက ခေါင်းညိတ်လိုက်သည်။

လုဝမ်းထင်းက တင်းစန်းဘက်သို့လှည့်လိုက်ပြီး...

"ဟောဒီက မိတ်ဆွေက လူဆိုးဖမ်းတဲ့ ဟုန်ဝေယင်းလို့ ခေါ်ပါတယ်၊ ကျုပ်တို့အစက်အခဲနဲ့ တွေ့ကြုံနေတဲ့အခါ ကူညီဖို့ရောက်လာတာပါ"

ဝမ်းကြုံက အသိအမှတ်ပြုသည့်သဘောဖြင့် လူအားလုံးအား ခေါင်းညိတ်ပြလိုက်လေသည်။ ကောင်းမော်မှာ အံ့ဩသွားသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ဟုန်ဝေယင်းအား တစ်ကြိမ်မျှ တွေ့ခဲ့ဖူးသောကြောင့်ဖြစ်ပါသည်။

ယခု တွေ့မြင်ရသော လူဆိုး ဖမ်းသည့် ဟုန်ဝေယင်း မဟုတ်ချေ။

ယခုရောက်လာသူသည် အဘယ့်ကြောင့် ဟုန်ဝေယင်းအဖြစ် ဟန်ဆောင်ရောက်ရှိလာပါသနည်း။

ကောင်းမော်သည် အခြေအနေကို စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်ပြီး ပါးစပ်ပိတ်လိုက်လေသည်။ လုဝမ်းထင်းက အားရဝမ်းသာ ပြုံးလိုက်ပြီး...



"မိတ်ဆွေကြီးဟုန်ဝေယင်း ရောက်လာမှတော့ စိတ်အေးရပြီပေါ့ဗျာ"

ဝမ်းကြုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်ဟာ ခင်ဗျားတို့အတွက် တာဝန်ယူပြီး စောင့်ရှောက်ပေးသွားပါမယ်"

သူ၏စကားကြောင့် တင်းစန်းက မဲ့ပြုံး ပြုံးလိုက်သည်။

ကောင်းမော်ကလည်း မသိဟန်ဆောင်နေလေသည်။

ရက္ခမ်းအင်းမှာမူ ခံညားသော ဝမ်းကြုံအား ဆွဲဆောင်မှုရှိသော အကြည့်ဖြင့် ကြည့်နေသည်။

သို့သော် ဝမ်းကြုံက ကျန်းချစ်ချစ်ကိုသာ စိုက်ကြည့်နေလေသည်။ ကျန်းချစ်ချစ်မှာ မျက်နှာနီရဲသွားပြီး ခေါင်းငုံ့ထားလိုက်လေသည်။

ကောင်းမော်မှာ မကျေမနပ်ဖြစ်သွား၏။ လုဝမ်းထင်းက ဝမ်းကြုံအား ချီးကျူးသောအကြည့်ဖြင့် ကြည့်လိုက်ပြီး...

"မိတ်ဆွေဟာ ဒီလောက် အသက်ငယ်လိမ့်မယ်လို့ ကျုပ်ထင်ခဲ့မိဘူး"

ဝမ်းကြုံမှာ လုဝမ်းထင်း၏စကားထက် စားပွဲပေါ်မှ ပင့်ကူကတ်ကလေးများကိုသာ စိတ်ဝင်စားစွာ ကြည့်နေမိသည်။ သူ၏ နှုတ်မှလည်း ယောင်ယမ်း၍...

"ဒါ သေမင်းတမန် ပင့်ကူကတ်တွေပါလား"

www.burmeseclassic.com

www.burmeseclassic.com



လုဝမ်းထင်းမှာ အံ့သြသွားသည်။ ဝမ်းကြိုအား အကဲခတ်ကြည့်လိုက်ပြီး ...

"မိတ်ဆွေက ပင့်ကူကတ်ဖြစ်မှန်း မြင်ရုံနဲ့သိနိုင်တာ ဘယ်လိုလို့တုန်း"

ဝမ်းကြိုမှာ စကားမှားသွားပြီဖြစ်ကြောင်း ချက်ချင်းပင် ရိပ်မိလိုက်သည်။

ထို့ကြောင့် ဟန်ဆောင်ရယ်မောလိုက်ပြီး ...

"ကျုပ်ဟာ ရန်သူတွေနဲ့ အမြဲရင်ဆိုင်နေရတဲ့သူပါ၊ လူဆိုးတော်တော်များများရဲ့ အကြောင်းကို ကျုပ်က စုံစမ်းထားမှသာ အသက်ရှည်နိုင်မယ် မဟုတ်လား"

ပြောရင်း လုဝမ်းထင်းတို့အားလုံးကို အကဲခတ်ကြည့်လိုက်သည်။ ပြီးမှ စူးစမ်းသောလေသံဖြင့် ...

"ခင်ဗျားတို့ သေမင်းတမန် ပင့်ကူကတ်နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

လုဝမ်းထင်းမှာ မျက်နှာပျက်သွားလေသည်။

ဝမ်းကြိုအား တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး ...

"ဒီကိစ္စ ခင်ဗျား မမေးလို့ မဖြစ်ဘူးလား"

လုဝမ်းထင်း ပြောမပြလိုကြောင်း ဝမ်းကြို နားလည်လိုက်သည်။

ထို့ကြောင့် တစ်ချက်ရယ်မောလိုက်ပြီး ...



"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်တာဝန်ဟာ အစကြေးငွေယူပြီး ်များတို့ကို စောင့်ရှောက်ဖို့ပဲ၊ ဒါကြောင့် မမေးလဲ ရပါတယ်"

ကျန်းချစ်ချစ်မှာ လုဝမ်းထင်းက ပင့်ကူနှင့် ပြဿနာဖြစ်ခဲ့ပုံ ဝမ်းကြိုအား ရှင်းပြလိမ့်မည်ဟု မျှော်လင့်ထားသည်။

သို့သော် လုဝမ်းထင်းက ရှင်းမပြ၍ စိတ်ပျက်သွားသည်။ ည်သို့ဆိုစေ၊ အခွင့်အရေး ရတုန်းရခိုက် ကြားဖြတ်မေးလိုက်လေ ည်။

"ပင့်ကူနဲ့ ပတ်သက်တဲ့ကိစ္စဟာ ကျွန်မတို့ မိဘတွေနဲ့သာ က်ဆိုင်ပါတယ်၊ ဒီကိစ္စကို ကျွန်မတို့လဲ အခုအချိန်အထိ ဘာမှန်း သိရသေးပါဘူး"

ကျန်းချစ်ချစ်၏စကားကြောင့် ဝမ်းကြိုဘက်မှလိုက်၍ ပြော သည်ဟု ကောင်းမော်က ယူဆသွားသည်။ ကျန်းချစ်ချစ်အား ိုက်ကြည့်ကာ ဝမ်းကြို၏အကြည့်ကို နဂိုကပင် ရှုံ့မှန်းထားသည့် လျှောက် ထိုသို့ ယူဆမိသည်နှင့်တစ်ပြိုင်နက် ကောင်းမော်သည် ိုင်ရာမှ ထကာ ...

"ကျွန်တော်တို့ထဲမှာ လူဆိုးဖမ်းတဲ့ ဟုန်ဝေယင်းကို တွေ့ဖူး ဲ့သူ ရှိပါသလား"

လုဝမ်းထင်းက ခေါင်းခါယမ်းလိုက်သည်။

"တစ်ယောက်မှ မရှိပါဘူး"

ကောင်းမော်က မဲ့ပြုံး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပြောရင် မှားသွားလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ဟုန်ဝေယင်းကို တွေ့ဖူးတယ်"

ပြောရင်း ဝမ်းကြီးအား ညွှန်ပြလိုက်ကာ စကားဆက်လိုက် သည်။

"ကျွန်တော် တွေ့ဖူးတဲ့ ဟုန်ဝေယင်းဟာ သူ မဟုတ်ဘူး"

ဝမ်းကြီး၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားသည်။

ဟုန်ဝေယင်းအဖြစ် ဟန်ဆောင်ထားခြင်းအား ရိပ်မိသွား ပြီဟုလည်း နားလည်လိုက်လေသည်။ တစ်ချိန်လုံး ငြိမ်သက်စွာရှိ သော ဝမ်းအော့လည်း အသံကျယ်လောင်စွာဖြင့် ...

"ကျုပ် ဖိတ်စာသွားပို့တဲ့ ဟုန်ဝေယင်းဟာ သူ မဟုတ်ဘူး ကျုပ်က လူမှားမှန်းသိလို့ အခြေအနေ စောင့်ကြည့်နေတာ"

လုဝမ်းထင်း၏မျက်နှာမှာ မည်းမှောင်သွားလေသည်။ ဝမ်းကြီး အား စူးရှစွာ စိုက်ကြည့်လိုက်ပြီး ...

"မင်း ဘယ်သူလဲ"

ဝမ်းကြီးက ရယ်မောလိုက်လေသည်။

"ကျုပ်က ဝမ်းအမျိုးအနွယ်က လူတစ်ယောက်ဗျ"

ဝမ်းကြီးအား ဟုန်ဝေယင်းမဟုတ်မှန်း သိလိုက်ရသောအခါ လူအားလုံးမှာ ပြိုင်တူ မတ်တတ်ရပ်လိုက်ကြလေသည်။ အခြေအနေ မှာ တင်းမာသွားပြီဖြစ်သည်။



ထိုစဉ်မှာပင် အပြင်ဘက်မှ တိုက်ခိုက်သံများ ဆူညံစွာထွက် ပေါ်လာသည်ကို ကြားလိုက်ရ၏။ ဝမ်းကြီးမှာ ရင်ထိတ်သွားကာ ...

"ဒီကောင်လာတာ မြန်လှချည်လား"

ဟုန်ဝေယင်းအား ရည်ရွယ်၍ ပြောလိုက်ခြင်းဖြစ်သည်။ အပြင်ဘက်တွင် ဟုန်ဝေယင်းရောက်ရှိလာပြီဟု သူ တထစ်ချ ယူဆ လိုက်သည်။

ဝမ်းကြီး ငေးငိုင်နေစဉ်မှာပင် လုဝမ်းထင်းက ...

"မင်းဟာ ဟုန်ဝေယင်း မဟုတ်ရင် ဘယ်သူလဲ"

ဝမ်းကြီးက အေးတိအေးစက်ဖြင့် ...

"ကျုပ်နာမည် ဝမ်းကြီးလို့ ခေါ်တယ်"

"ဘာသဘောနဲ့ ဟုန်ဝေယင်းအဖြစ် ဟန်ဆောင်လာတာလဲ၊ သေချင်လို့လား"

ဝမ်းကြီးက ရယ်ကျဲကျဲဖြင့် ...

"ကျုပ်က ပင့်ကူကတ်ကို စိတ်ဝင်စားလို့လာတာ၊ ဒီကိစ္စကို ကျုပ်တစ်ယောက်တည်းပဲ ဖြေရှင်းနိုင်လိမ့်မယ်၊ ကျုပ်ရဲ့ အကူအညီ ရမှ ခင်ဗျားတို့ ပင့်ကူရဲ့အန္တရာယ်က လွတ်ကင်းမှာ၊ အကူအညီ လိုချင်တယ်ဆိုရင် ကျင်းတုံရေကန်ရှေ့က ဝါးတောထဲကို လာပြီး မီးအိမ်တစ်လုံး ထွန်းထားပါ"

ပြောရင်း ကျန်းချစ်ချစ်အား စေ့စေ့ကြည့်ကာ ...

"မင်း ကျုပ်ကို အကူအညီတောင်းမယ်ဆိုရင် အကောင်းဆုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသည်နှင့် နောက်ကျွမ်းပစ်ကာ အခန်းတွင်းမှ ခုန်ထွက်သွားလေသည်။ ထိုအခါမှ အားလုံး သတိဝင်လာကြသည်။

ကျယ်လောင်သော အသံများပေးကာ လက်နက်ကိုယ်စီဖြင့် ဝမ်းကြီးအား တိုက်ခိုက်လိုက်ကြလေသည်။ သို့သော် ဝမ်းကြီးမှာ အခန်းအပြင်ဘက်သို့ ရောက်ရှိသွားပြီ ဖြစ်ပါသည်။

✱ ○ ✱

(၁၀)

ဟုန်ဝေယင်းက ခြံဝင်းအတွင်းသို့ လှမ်းဝင်လိုက်သည်။ သူ၏ အဝတ်အစားများမှာ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်လိုက်ပြီးသဘောကျစွာ ပြုံးလိုက်လေသည်။ သို့သော် သူ၏အပြုံးမှာ ရုတ်ချည်းပင် ပျောက်ကွယ်သွား၏။

အကြောင်းမှာ အတွင်းသို့ရောက်ရှိသွားသည်နှင့် အစောင့်များက ခြံဝင်းတံခါးအား အခိုင်အမာ ပိတ်ဆို့ထားလိုက်ကြသည်ကို တွေ့သောကြောင့် ဖြစ်သည်။

ထို့အပြင် အစောင့် တစ်ဆယ့်လေးယောက်ခန့် လက်နက်ကိုယ်စီဖြင့် သူ့အား ဝိုင်းရံထားလိုက်ကြလေသည်။ ဟုန်ဝေယင်းမှာ မျက်လုံးပြူးကျယ်သွားလေသည်။

"ဘယ်လိုဖြစ်ကြတာလဲဗျ"

သူ၏စကားအား အစောင့်အကြပ်များက တိုက်ခိုက်ခြင်းဖြင့်



အဖြေပေးလိုက်ကြလေသည်။ ဟုန်ဝေယင်းမှာ ထိတ်လန့်သွားပြီး ခုန်ပျံရှောင်တိမ်းရင်း နားမလည်နိုင်သောကြောင့် ...

"ဘာဖြစ်လို့ ကျုပ်ကို တိုက်ခိုက်နေကြရတာလဲ"

စကားများဟန်ရှိသော အစောင့်တစ်ယောက်က ...

"မင်းလို လူလိမ်လူညာကို ကောင်းကောင်းဆုံး[illegible]ရမယ်"

ပြောရင်း တရကြမ်း တိုက်ခိုက်လိုက်သည်။

ဟုန်ဝေယင်းမှာ မနေသာတော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်ရလေသည်။

သူ တိုက်ခိုက်လိုက်သည်နှင့် အစောင့်သုံးလေးယောက်မှာ အထိရာရရှိသွားကာ မြေပေါ်တွင် လူးလှိမ့် အော်ဟစ်နေကြရလေတော့သည်။ ဟုန်ဝေယင်းက တိုက်ခိုက်ရင်းပင် မကျေမနပ်ဖြင့် ...

"ကျုပ်နာမည် ဟုန်ဝေယင်းလို့ခေါ်တယ်၊ မင်းတို့သခင် ဖိတ်ထားလို့ လာတာကွ"

"စကားမရှည်နဲ့၊ သခင်ကြီး ဖိတ်ထားတဲ့ ဟုန်ဝေယင်းက အပြင်က မဟုတ်ဘူး၊ အထဲမှာရောက်နေပြီ၊ ခင်ဗျား လာညာလို့ရမလား"

ဟုန်ဝေယင်းမှာ မျက်လုံးများ ပြူးကျယ်သွားရလေသည်။ သူသည် အတွင်းဘက်သို့ အမြန်ဆုံးရောက်ရှိနိုင်ရန် ကြိုးစားရတော့သည်။ အစောင့်များအား ထိုးကြိတ်ကန်ကျောက်လိုက်ပြီး ခုန်ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဝမ်းကြီးမှာလည်း အဆောက်အအုံအတွင်းမှ ခုန်ထွက်လာရာ နှစ်ယောက်သား မရှောင်နိုင်ကြတော့ဘဲ ဝင်တိုက်မိလိုက်ကြလေသည်။

"အွန့် . . ."

နှစ်ယောက်စလုံး အထိတ်တလန့်ဖြစ်သွားကြပြီး တိုက်မိရာမှ ဟန်ပြင်လိုက်ကြသည်။

သို့သော် . . .

တစ်ယောက်မျက်နှာ တစ်ယောက်တွေ့သွားတော့သဖြင့် တအံ့တသြ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

"ဟင် . . . မင်း . . . မင်း"

"ဟင် . . . မင်း ပါလား"

ပထမဦးစွာ သတိဝင်လာသူမှာ ဝမ်းကြီး ဖြစ်သည်။

ဝမ်းကြီးက ရယ်ကျဲကျဲဖြင့် . . .

"မင်း ဒုက္ခရောက်နေတာသိလို့ ငါလာကူညီတာ"

ပြောပြီးသည်နှင့် မြင်းအား ခုန်ကျော်ထွက်ပြေးသွားလေသည်။

ဟုန်ဝေယင်းသည် မိမိအနေဖြင့် ပုံမှားရိုက်သူမှာ ဝမ်းကြီး ဖြစ်ကြောင်း သိရှိလိုက်ရလေသည်။

"ဝမ်းကြီး . . . မင်း ငါ့ကို ဒုက္ခပေးလှချည်လား"

ဟုန်ဝေယင်း စိတ်ထဲမှ ရေရွတ်ခြင်းဖြစ်လေသည်။ ထိုစဉ်မှာ



ပင် အပြင်သို့ခုန်ထွက်လာသော လုဝမ်းထင်းသည် ဟုန်ဝေယင်းအား ဝမ်းကြီး မှတ်ကာ တိုက်ခိုက်လိုက်လေသည်။

ဟုန်ဝေယင်းမှာ ရင်ထိတ်သွားပြီး ဘုမသိဘမသိဖြင့် ပြန်လည်တိုက်ခိုက်ရလေသည်။

ထိုအချိန်တွင် ကောင်းမော်မှာလည်း အပြင်သို့ ခုန်ထွက်လာလေသည်။ သူသည် ဟုန်ဝေယင်းအား တွေ့လိုက်ရသည်နှင့် အံ့သြသွားပြီး . . .

"ဟုန်ဝေယင်း"

သူ၏အသံကြောင့် လုဝမ်းထင်းသည် တိုက်ခိုက်မှုကိုရုပ်သိမ်းလိုက်ပြီး နောက်သို့ခုန်ဆုတ်သွားလေသည်။ ထို့နောက် ဟုန်ဝေယင်းအား မယုံကြည်နိုင်စွာဖြင့် ကြည့်ရင်း . . .

"မင်း ဟုန်ဝေယင်း ဟုတ်လား"

ဟုန်ဝေယင်းမှာ နားခေါင်းရှုံ့လိုက်လေသည်။

"လုဝမ်းထင်း ဆိုတာ ဘယ်သူလဲ"

လုဝမ်းထင်းမှာ အခြေအနေကို နားလည်သဘောပေါက်သွား၏။

ယခုတွေ့ရသူမှာ ဟုန်ဝေယင်း အစစ်အမှန်ဖြစ်ကြောင်း သိရှိသွားလေသည်။

ထို့ကြောင့် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး . . .

"ဝမ်းကြီးဆိုတဲ့လူက အယောင်ဆောင်ပြီး ဝင်ရှုပ်သွားလို့

www.burmeseclassic.com

www.burmeseclassic.com



အခုလို မှားယွင်းမှုတွေဖြစ်ရတာ ခွင့်လွှတ်ပါဗျာ၊ ခင်ဗျားကို ဖိတ်ခေါ်တဲ့ လုဝမ်းထင်းဆိုတာ ကျွန်တော်ပဲ”

ထိုအခါ ဟုန်ဝေယင်းမှာ လုဝမ်းထင်းအား သေချာစွာကြည့်လိုက်မိလေသည်။

လုဝမ်းထင်း၏မျက်နှာကို တွေ့လိုက်ရသည့်အခါ ဟုန်ဝေယင်းသည် ဣန္ဒြေမဆည်နိုင်လောက်အောင်ပင် စိတ်လှုပ်ရှားသွားရလေသည်။ အကြောင်းမှာ လုဝမ်းထင်းဆိုသူသည် ဆုငွေကြော်ငြာစာရွက်ပေါ်မှ နှုတ်ခမ်းမွေးတပ်ထားသော ဓားပြဗိုလ်ဝူးတိန်နှင့် တစ်ထေရာတည်း တူနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ဟုန်ဝေယင်းမှာ စကားမပြောနိုင်ဘဲ ပါးစပ်အဟောင်းသားဖြစ်နေ၏။

သို့ရာတွင် လုဝမ်းထင်းမှာ ရိပ်မိခြင်းမရှိဘဲ ...

“မိတ်ဆွေ ကျုပ်ကို စိတ်ဆိုးနေသလားဗျ”

သူ၏အသံကြားလိုက်ရမှ ဟုန်ဝေယင်းမှာ သတိပြန်ဝင်လာလေသည်။

“မဆိုးပါဘူးဗျာ၊ ကျုပ်က ဝမ်းကြီးကို အေသဖြစ်နေတာပါ”

“ခင်ဗျား ဝမ်းကြီးကို သိလို့လား”

“အလကားပါဗျာ၊ ဒီလူဟာ လူလေလူလွင့်တစ်ယောက်ပါ။ ပျောက်ပြီး လိမ်ညာနေတဲ့အတွက် တစ်နေ့နေ့ သူ့ကိုဖမ်းပြီး ဆုံးမရဦးမယ်”



ဟုန်ဝေယင်းက ဟန်ပါပါဖြင့်ပြောလိုက်သောကြောင့် လုဝမ်းထင်းမှာ အထင်ကြီးသွားလေသည်။

သူသည် အထင်မှား၍ ဝိုင်းရံတိုက်ခိုက်သော အစောင့်များအား လက်ရပ်ခေါ်လိုက်ပြီး ...

“မင်းတို့အားလုံး မိတ်ဆွေကြီးဟုန်ဝေယင်းကို တောင်းပန်လိုက်ကြစမ်း!”

အစောင့်အကြပ်များမှာ ချက်ချင်းပင် ဟုန်ဝေယင်းအား လာရောက် တောင်းပန်လိုက်ကြလေသည်။ ဟုန်ဝေယင်းက တဟားဟားရယ်မောလိုက်ပြီး ...

“တစ်ယောက်နဲ့တစ်ယောက် အထင်လွဲလို့ဖြစ်တာ ကိစ္စမရှိပါဘူးဗျာ”

လုဝမ်းထင်းက ပြုံးလိုက်ပြီး ...

“ကဲ ... အထဲကို သွားကြရအောင်၊ ကျုပ်နောက်ကို လိုက်ခဲ့ပါ”

ဟုန်ဝေယင်းသည် ရယ်မောရင်း လုဝမ်းထင်းနောက်သို့ လိုက်ပါသွားလေတော့သည်။

✻ ◎ ✻

(၁၁)

လုဝမ်းထင်းက ရှေ့ဆုံးမှ လျှောက်သွားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းနှင့် ကောင်းမော်တို့က ပခုံးချင်းယှဉ်လျက် နောက်မှ လိုက်ပါလာကြလေသည်။

ဟုန်ဝေယင်းသည် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာရင်း လုဝမ်းထင်း၏အကြောင်းကို စဉ်းစားနေမိလေသည်။

ဓားပြဗိုလ်ငှားတီ ခေါ် ဖွူးဇာ်နှင့် ကောင်းမော်မှာ မည်သို့ပတ်သက်နေပါသနည်း။

လုဝမ်းထင်း၏ဖိတ်စာ၌ လူဆိုးပင်ကူ၏ အန္တရာယ်အား ကာကွယ်ရန်အတွက် ငှားရမ်းလိုကြောင်း ရေးသားထားသည်။

ကောင်းမော်မှာလည်း ပင်ကူ၏ အန္တရာယ် ရင်ဆိုင်ဖြစ်နေသလော။

ဝမ်းကြီးမှာ ပင်ကူအဖြစ် ဟန်ဆောင်ပြီး သေမင်းတမန် ပင့်ကူကတ်ကလေးများကို အသုံးပြုတတ်ကြောင်း သိရှိထား၏။

ယခုတစ်ကြိမ်တွင် ဝမ်းကြီး၏လက်ချက် ဖြစ်နိုင်စရာ အကြောင်း မရှိပေ။

တကယ့် ပင်ကူအစစ်က အန္တရာယ်ပြုလာခြင်း ဖြစ်ပေမည်။ ဤသို့ဆိုလျှင် ကောင်းမော်မှာလည်း သေမင်းတမန်ပင့်ကူကတ်ပြား ရရှိထားမည်ဖြစ်သည်။

ဟုန်ဝေယင်းသည် ပခုံးချင်းယှဉ်၍လျှောက်လာသော ကောင်းမော်အား မသိမသာ ပခုံးဖြင့်တိုက်လိုက်ပြီး ဆက်လျှောက်သွား၏။ ကောင်းမော်မှာ မကျေမနပ် ဖြစ်သွားလေသည်။



လူ့ဂွစာတစ်ယောက်နှင့် ဒုတိယအကြိမ် တွေ့ဆုံရသဖြင့် စိတ်ပျက်သွားပြီး ...

"ဒီလောက်ပဲ တိုက်ဆိုင်နေရသလား"

သူ၏ညည်းညူသံကြောင့် ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်သွားသည်။ ကောင်းမော်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး ...

"မင်းကော သေမင်းတမန် ပင့်ကူကတ်ပြား ရထားသလား"

"ဘာဖြစ်လို့လဲ"

"ရထားတယ်ဆိုရင်တော့ မင်း ကြွဖို့ သေချာပြီ"

ကောင်းမော်မှာ ဒေါသထွက်သွားသည်။

သူ ခွန်းတုံ့မပြန်နိုင်မီ ဟုန်ဝေယင်း စကားဆက်ပြောလိုက်၏။

"မင်းကသာ သူများတွေကို လိုက်သတ်နေတယ်လို့ထင်တာ၊ ခုတော့ မင်းကို သတ်မယ့်သူလဲ ရှိနေပါသေးလား"

ဟုန်ဝေယင်း၏ ပျက်ချော်ချော် စကားကြောင့် ကောင်းမော်၏ မျက်နှာမှာ မည်းမှောင်သွားလေသည်။

သည်းမခံနိုင်တော့သည့်အလား လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ထိုစဉ်မှာပင် ...

"အမလေး ..."

အခန်းတွင်းမှ စူးရှသောအော်သံတစ်ချက် ထွက်ပေါ်လာ၏။ ချွန်းချစ်ချစ်၏အော်သံပင် ဖြစ်ပါသည်။ ဟုန်ဝေယင်း၊ ကောင်းမော်

www.burmeseclassic.com

www.burmeseclassic.com



နှင့် လုဝမ်းထင်းတို့သည် အထိတ်တလန့် ဖြစ်သွားကြပြီး အခန်းတွင်းသို့ ပြိုင်တူခုန်ဝင်လိုက်ကြလေသည်။

* ○ *



## ပင့်ကူ

### (၁)

"အမလေး"

အော်သံမှာ ထွက်ပေါ်လာသံပင် ဖြစ်သည်။

ဟုန်ဝေယင်း၊ ကောင်းမော်နှင့် လုဝမ်းထင်းတို့ အခန်းတွင်းသို့ ရောက်ရှိသွားသောအခါ ကျန်းချစ်ချစ်မှာ အသံကုန်အော်ဟစ်နေသည် ကို တွေ့လိုက်ရလေသည်။

သူမသည် စုကွမ်းအင်းအား ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကြည့် ၍ အော်ဟစ်နေခြင်းဖြစ်သည်။

စုကွမ်းအင်းမှာလည်း ကျန်းချစ်ချစ်အား ကြည့်ရင်း ကြောင် မ်းအမ်း ဖြစ်နေ၏။

ရန်သူ၏ အရိပ်အရောင် လုံး၀ မတွေ့ရမှ လုဝမ်းထင်းတို့မှာ တ်သက်သာရရှိသွားကြသည်။

ကျန်းချစ်ချစ်မှာလည်း အော်ဟစ်နေရာမှ ရပ်တန့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ ကောင်းမော်သည် မြားတစ်စင်းပမာ ကျန်းချစ်ချစ် အနီးသို့ ပြေးလွှားသွားပြီး ...

"ညီမ ဘာဖြစ်လို့လဲ"

နိုးရိမ်တကြီးဖြင့် ခပ်လောလော မေးလိုက်သည်။ ကျန်းချစ်ချစ်က စုကွမ်းအင်းအား ညွှန်ပြလိုက်ပြီး ...

"ဒေါ်ဒေါ်စုရဲ့ နောက်ကျောမှာ ..."

သူမ၏စကား ကြားလိုက်ရမှ စုကွမ်းအင်းမှာ ထိတ်လန့်သွားဟန်ရှိသည်။

ချက်ချင်းပင် နောက်လှည့်ကြည့်လိုက်လေသည်။

ကောင်းမော်၊ ဟုန်ဝေယင်းနှင့် လုဝမ်းထင်းတို့က စုကွမ်းအင်း၏ နောက်ကျောကို လှမ်းကြည့်လိုက်သောအခါ ခရမ်းရောင်ပင့်ကူတစ်ကောင် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထို့အပြင် လက်ဝါးခန့်အရွယ်ရှိ ပိတ်ဖြူစတစ်စပါ ကပ်ထားသည်ကို တွေ့ရလေသည်။ လုဝမ်းထင်းက လျှင်မြန်စွာ လှုပ်ရှားလိုက်သည်။

သူ၏ခန္ဓာကိုယ်မှာ စုကွမ်းအင်းအနီးသို့ ရောက်သွားပြီး ပိတ်ဖြူစအား ဆွဲဖြုတ်လိုက်သည်။

ဖြုတ်ပြီးသည်နှင့် တစ်ပြိုင်နက် ခပ်ကြမ်းကြမ်း ခါချလိုက်၏။ ခရမ်းရောင်ပင့်ကူ ကြမ်းပြင်ပေါ်သို့ ကျသွားတော့မှ ဒေါသတကြီး ခြေဖြင့်နင်းသတ်လိုက်လေသည်။



စုကွမ်းအင်းမှာ မျက်နှာသွေးဆုတ်သွားသည့်အလား ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

ပိတ်ဖြူစပေါ်တွင် အနီရောင်ပိုးမျှင်ဖြင့် စာများရေးထိုးထားသည်ကို တွေ့ရသည်။

"ဘာတွေ ရေးထားတာလဲ"

လုဝမ်းထင်းက ပိတ်ဖြူစပေါ်မှ စာကို ဖတ်ကြည့်လိုက်လေသည်။

တစ်ဖန် စုကွမ်းအင်းအား ကြည့်လိုက်ပြီး ...

"လဆန်းကိုးရက် စုကွမ်းအင်း"

စုကွမ်းအင်း၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွား၏။

ဟုန်ဝေယင်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားကာ ...

"ဒီစာက ဘာသဘောလဲ"

လုဝမ်းထင်းက သက်ပြင်းချလိုက်ပြီး ...

"ပင့်ကူဟာ လဆန်း(၉)ရက်နေ့မှာ စုကွမ်းအင်းကို သတ်လိမ့်မယ်"

ပြောရင်း ကျန်းချစ်ချစ်ဘက်သို့ လှည့်ကာ ...

"ကျုပ်တို့ထွက်သွားတော့ အခန်းထဲကို ဘယ်သူဝင်လာသေးသလဲ"

ကျန်းချစ်ချစ်က ခေါင်းခါယမ်းလိုက်သည်။

လုဝမ်းထင်းမှာ အံ့ဩသွား၏။

www.burmeseclassic.com

www.burmeseclassic.com



တင်းစန်းတစ်ယောက် ပျောက်နေသည်ကိုလည်း သတိပြုမိသောကြောင့် ...

"တင်းစန်းကော ဘယ်ရောက်သွားပြီလဲ"

ကောင်းမော်က ကြားဖြတ်လိုက်သည်။

"ဦးလေးတင်းစန်းဟာ ဝမ်းကြီးနောက်ကို လိုက်သွားပါတယ်"

"ဒါဖြင့် စုကွမ်းအင်းနောက်မှာ ဘယ်သူက ပိတ်ဖြူစလာကာဝ်သွားတာလဲ"

ကောင်းမော်က အနည်းငယ် စဉ်းစားလိုက်ပြီး ...

"စောစောက ဒေါ်ဒေါ်စုအနားကို ဝမ်းကြီး ကပ်သွားတာတွေ့မိတယ်ဗျ"

"ဝမ်းကြီးဟာ ပင့်ကူ မဖြစ်နိုင်ဘူး"

လုဝမ်းထင်းက ပြောလိုက်ခြင်း မဟုတ်ပါ။

အပြင်ဘက်မှ ဝင်ရောက်လာသော တင်းစန်းက ကြားဖြတ်ပြောလိုက်ခြင်း ဖြစ်ပါသည်။

အားလုံးမှာ အဖြေရှာမရသောကြောင့် အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြသည်။ သူတို့အသီးသီး၏ ရင်ထဲ၌ စိုးရိမ်ကြောင့်ကြမှုများ ကြီးစိုးနေလေသည်။ ဟုန်ဝေယင်းက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ခုနတုန်းက အခန်းအပြင်ကို ထွက်လာတဲ့အခါ နောက်ဆုံးမှ ထွက်လာတာ ဘယ်သူလဲ"



ကောင်းမော်၏ခန္ဓာကိုယ်မှာ တောင့်တင်းသွား၏။ ဟုန်ဝေယင်းအား မကျေမနပ်ဖြင့်ကြည့်လိုက်ပြီး ...

"မင်း ဘာလုပ်မလို့လဲ"

"မင်း နောက်ဆုံးမှ ထွက်လာတာလား"

ကောင်းမော်မှာ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

နောက်ဆုံးမှထွက်လာသူမှာ သူပင် မဟုတ်ပါလား။ အားလုံး၏ အကြည့်မှာ ကောင်းမော်ထံသို့ ရောက်ရှိသွားလေသည်။

ထိုစဉ်မှာပင် စုကွမ်းအင်းက ရှူးရှူးဝါးဝါး ရယ်မောလိုက်ပြီး

"ဟား ... ဟား ... ဟား ဒီအတိုင်းဆိုရင် ကျွန်မဟာ ကုသိုလ်ကံ အကောင်းဆုံး ဖြစ်နေပြီ"

ကျန်းချစ်ချစ်မှာ စုကွမ်းအင်းအား သနားကရုဏာသက်သွားလေသည်။

"ဒေါ်ဒေါ်ရယ် ..."

သူမ၏စကားမဆုံးမီမှာပင် စုကွမ်းအင်းက အသာအယာ ပခုံးပုတ်လိုက်ပြီး ...

"ဒေါ်ဒေါ်က အသက်ကြီးပါပြီကွယ်၊ အရင်သွားရတော့ကော ဘာအကြောင်းလဲ၊ ငါ့တူမသာ ငယ်ရွယ်သူဖြစ်နေတယ် မဟုတ်လား၊ ပင့်ကူက ညည်းကို ရက်ချိန်းပေးတဲ့အချိန်မှာ တခြားလူတွေ ပင့်ကူကို ဖမ်းမိထားဖို့ပဲ မျှော်လင့်ပါတယ်"

လုဝမ်းထင်းမှာ စိတ်မကောင်းဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုကွမ်းအင်းအား အားပေးသောအကြည့်ဖြင့် ကြည့်လိုက်ပြီး

"ညီမ စိတ်ကို ငြိမ်အောင်ထားပါ၊ တို့တစ်တွေ ပင့်ကူကို မိအောင်ဖမ်းဖို့ ကြိုးစားပါမယ်"

တင်းစန်းကလည်း ထောက်ခံလိုက်၏။

"ဟုတ်တယ်၊ ကျုပ်တို့ ကျိန်းသေ ..."

သူ၏စကားမဆုံးမီမှာပင် စုကွမ်းအင်းက ခေါင်းခါယမ်းလိုက်ပြီး ...

"ကျွန်မအတွက် စိတ်မပူကြပါနဲ့ရှင်၊ သေမယ့်ဘေးဆိုတာ ပြေးမလွတ်ပါဘူး"

ပြောရင်း အဖြူရောင်ပိတ်စပေါ်မှ ရေးထိုးထားသော စာများကိုကြည့်ကာ ဆက်ပြောလိုက်သည်။

"ဒီကနေ့ လဆန်းရှစ်ရက်ဆိုတော့ ကျွန်မအတွက် နောင်ရေးကို စီစဉ်ဖို့ အချိန်ရပါသေးတယ်၊ ရှင်တို့အထဲက ဘယ်သူ ကျွန်မနဲ့ အဖော်အဖြစ် လိုက်မလဲ"

ဟုန်ဝေယင်းက ရင်ကော့လိုက်ပြီး ...

"ကျုပ်အပြင် ဘယ်သူသတ္တိရှိဦးမှာလဲဗျ"

စုကွမ်းအင်းက ရယ်မောလိုက်ပြီး ...

"မင်းကိုတော့ ဒုက္ခပေးသလို ဖြစ်နေပြီထင်တယ်"

"ကျုပ်က ခင်ဗျားတို့ကို စောင့်ရှောက်ဖို့ တာဝန်ယူထားတာ မဟုတ်လား၊ အားမနာပါနဲ့ဗျာ"



စုကွမ်းအင်းက လုဝမ်းထင်းနှင့် တင်းစန်းတို့အား တစ်ချက် ကြည့်လိုက်သည်။

ထို့နောက် သဘောကျစွာ ပြုံးလိုက်ပြီး ...

"ကျွန်မကို ခွင့်ပြုကြပါဦးရှင်"

ပြောပြီးသည်နှင့် ဟုန်ဝေယင်းအား ကြည့်လိုက်ပြီး ...

"လာ ... သွားကြစို့"

ဟုန်ဝေယင်းမှာ ထိတ်လန့်သွားကာ ...

"ဘယ်ကိုသွားမှာလဲ"

"ငါနေတဲ့ မိန်းမလျှဂေဟာကို သွားမှာလေ"

"ဗျာ ... မိန်းမလျှဂေဟာ ဟုတ်လား ..."

"ဟုတ်တယ် ... ဘာလဲ မင်း မလိုက်ဝံ့တော့ဘူးလား"

စုကွမ်းအင်းက မျက်မှောင်ကုပ်ရင်း ပြန်မေးလိုက်သည်။

ဟုန်ဝေယင်းက ရင်ကော့လျက် ...

"မိန်းမလျှဂေဟာမှာရှိတဲ့ မိန်းကလေးတွေ တကယ်လှ,မလှ စစ်ဆေးဖို့ ကျုပ်လိုက်ခဲ့မယ်"

စကားဆုံးသွားသည်နှင့် စုကွမ်းအင်းနှင့်အတူ အခန်းတွင်းမှ ထွက်ခွာသွားလေတော့သည်။

* ⭘ *

www.burmeseclassic.com

www.burmeseclassic.com



(၂)

မိန်းမလှဂေဟာ ...

မိန်းမလှဂေဟာ အဆောက်အအုံသည် သေးငယ်သော အဆောက်အအုံတစ်ခု မဟုတ်ချေ။ အဆောင်သုံးဆောင်ရှိပြီး သီးသန့် အဆောက်အအုံ နှစ်လုံးရှိ၏။

မိန်းမလှဂေဟာရှိ မိန်းကလေးများမှာ အမည်နှင့်လိုက်အောင်ပင် ချောမောလှပကြလေသည်။

ဟုန်ဝေယင်းမှာ မိန်းမလှဂေဟာသို့ ရောက်ရှိသွားသည်နှင့် ကောင်းသောနေရာတစ်ခုမဟုတ်မှန်း ချက်ချင်းပင် သဘောပေါက်လိုက်သည်။

မိန်းမလှဂေဟာအတွင်းရှိ မိန်းကလေးများမှာ ကြေးကြီးပေးရသည့် ကြေးစားမယ်များ ဖြစ်နေကြသည် မဟုတ်ပါလား။ နေမဝင်သေးသဖြင့် ဧည့်သည်များ ရောက်လာခြင်း မရှိသေးပါ။

ထို့ကြောင့် ဟုန်ဝေယင်းမှာ ဧည့်သည်တစ်ယောက်ကဲ့သို့ ဖြစ်နေ၏။ စုကွမ်းအင်းသည် သူ့အားပြုစုရန် မိန်းကလေးသုံးယောက်အား တာဝန်ပေးခဲ့၏။

စုကွမ်းအင်း သီးသန့်အဆောက်အအုံအတွင်းသို့ လှမ်းဝင်သွားသည်နှင့် ဟုန်ဝေယင်းမှာ ဒုက္ခရောက်ရလေတော့သည်။

✱ ⭘ ✱



(၃)

မိန်းကလေး သုံးယောက် ...

အလွန်ချောမောသော မိန်းကလေးများပင် ဖြစ်ကြသည်။

စုကွမ်းအင်း၏အမိန့်ကြောင့် မိန်းကလေးသုံးယောက်သည် ဟုန်ဝေယင်းအား ပြုစုရန် ရောက်လာကြလေသည်။

သို့သော် ဟုန်ဝေယင်းမှာ စိတ်ပျက်နေ၏။ သူသည် မိန်းကလေး များကို စိတ်မဝင်စားပါ။

သူ စိတ်ဝင်စားသည်မှာ ပင့်ကူသာဖြစ်၏။ ပင့်ကူမှာ အလွန်ကြောက်မက်ဖွယ်ကောင်းသူတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလော။

မိန်းကလေးသုံးယောက်မှာ ဟုန်ဝေယင်းအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်လာနေကြ၏။ ဟုန်ဝေယင်းသည် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

ထိုစဉ်မှာပင် ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်ပန်းရုံများအကြား လူတစ်ယောက် တိုးဝှေ့သွားနေသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရလေသည်။

ဟုန်ဝေယင်းမှာ မျက်လုံးများ ပြူးကျယ်သွားသည်။

"ကောင်းမော် ..."

စိတ်မှ အံ့သြစွာရေရွတ်လိုက်ပြီး မိန်းကလေးများအား တွန်းဖယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်လိုက်လေတော့သည်။

✱ ဝ ✱

(၄)

စုကွမ်းအင်းမှာ အဝတ်အစားလဲပြီးသွားပြီ ဖြစ်သည်။

ထိုစဉ် တံခါးခေါက်သံ ထွက်ပေါ်လာ၏။ စုကွမ်းအင်းမှာ လန့်ဖျပ်သွားပြီး နံဘေး၌ရှိသော စားပွဲမြောင်ကို ဆုပ်ကိုင်ထားလိုက်သည်။

သို့သော် ချက်ချင်းပင် ခုံပေါ်သို့ပြန်ချထားလိုက်၏။ စိုးရိမ်စိတ် လွန်ကဲနေလျှင် မှားယွင်းမှုများဖြစ်ပေါ်လာနိုင်ကြောင်း သူမက သဘောပေါက်ထားလေသည်။ သက်ပြင်းတစ်ချက်ချကာ တံခါးဘက်သို့ မျက်နှာမူလိုက်ပြီး ...

"ဘယ်သူလဲ"

သူမ၏အသံနှင့် မရှေးမနှောင်းမှာပင် ...

"ကောင်းမော်ပါ"

စုကွမ်းအင်းမှာ စိတ်သက်သာရာရသွား၏။

"တံခါးစေ့ထားတယ်၊ တွန်းဖွင့်လိုက်"

တံခါးဖွင့်ကာ ထွက်ပေါ်လာပြီး ကောင်းမော်မှာ အခန်းတွင်းသို့ လှမ်းဝင်လာ၏။ စုကွမ်းအင်းက အေးတိအေးစက်ဖြင့် ...



"မင်း ဘာလာလုပ်တာလဲ"

"ကျွန်တော် မရှင်းတဲ့ကိစ္စ မေးစရာရှိလို့ပါ"

"ပင့်ကူနဲ့ ပတ်သက်တဲ့ အကြောင်းလား"

"ဟုတ်ပါတယ်"

"ဒီကိစ္စဟာ မင်းအဖေနဲ့ ပတ်သက်ခဲ့တယ်ဆိုတာ မင်းသိပြီးပြီ မဟုတ်လား"

ကောင်းမော်က မကျေမနပ်ဖြင့် ...

"ဟုတ်ပါတယ်၊ ဒါပေမယ့် လူကြီးတွေနဲ့ ပတ်သက်ခဲ့တဲ့ ကိစ္စပဲ၊ ကျွန်တော့်အဖေလဲ သေသွားပါပြီ၊ ဘာကြောင့် ပင့်ကူက ကျွန်တော့်ကို သတ်ရမှာလဲ"

စုကွမ်းအင်းက ရယ်မောလိုက်သည်။

"ဒီကိစ္စဟာ မင်းနဲ့မပတ်သက်ဘူးဆိုတာ ပင့်ကူကိုယ်တိုင်လဲ သဘောပေါက်မှာပဲ၊ ဒါကြောင့် မင်းကို ဒုက္ခပေးမှာ မဟုတ်ပါဘူး"

ကောင်းမော်က ခေါင်းညိတ်လိုက်သည်။

"ဒါကို ကျွန်တော်လည်း သဘောပေါက်ပါတယ်၊ ကျွန်တော့်အဖေဟာ ပင့်ကူနဲ့ ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာ သိချင်လို့ပါ"

စုကွမ်းအင်း မဲ့ပြုံး ပြုံးလိုက်ပြီး ...

"မင်း ဘာဖြစ်လို့ တင်းစန်းနဲ့ လုဝမ်းထင်းကို မမေးတာလဲ"

ကောင်းမော်က ခေါင်းခါယမ်းလိုက်သည်။

"သူတို့ဟာ ခေါင်းမာတဲ့ လူတွေဗျ၊ မေးလို့ကို အပိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



စကွမ်းအင်းက အေးတိအေးစက်ဖြင့် ...

"ငါလဲ ခေါင်းမာတဲ့ လူတစ်ယောက်ဆိုတာ မင်း မသိဘူးလား"

သူမ၏စကားကြောင့် ကောင်းမော်မှာ မျက်နှာပျက်သွားလေသည်။

စကွမ်းအင်းအား မကျေမနပ်ဖြင့် ကြည့်လိုက်ပြီး ...

"ခေါ်ခေါ်ဟာ ဒီကိစ္စကို မရှင်းလင်းဘဲ သေရွာအထိ ယူသွားမလို့လား"

စကွမ်းအင်းမှာ ခေါသရှောင်းရှောင်း ထွက်သွားလေသည်။ ကောင်းမော်အား အော်ငေါက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ရုတ်တရက် အခန်းတွင်းသို့ လူတစ်ယောက် ပြေးဝင်လာသည်ကို တွေ့လိုက်ရ၏။

ဟုန်ဝေယင်းပင် ဖြစ်ပါသည်။

ဟုန်ဝေယင်းက ရောက်လျှင်ရောက်ချင်းပင် အသံကျယ်လောင်စွာဖြင့် ...

"ကောင်းမော် ... ငါ ဒီမှာ ရှိနေတယ်၊ မင်း မဟုတ်တာ လုပ်ဖို့ စိတ်မကူးပါနဲ့"

ကောင်းမော်မှာ ခံပြင်းသွား၏။

သူသည် စကွမ်းအင်းအား မခံချင်အောင် ဆွပေးပြီး သူသိလိုသော အကြောင်းကိစ္စများမေးရန် စိတ်ကူးထားခဲ့သည်။

သို့သော် ...



ဟုန်ဝေယင်း ရောက်လာသောကြောင့် သူ၏အကြံအစည်မှာ ပျက်ပြားသွားရလေသည်။

သူသည် ဟုန်ဝေယင်းအား မကျေမနပ်ဖြင့်ကြည့်ကာ ...

"မင်း ဘာကြောင့် ငါ့နောက်လိုက်ပြီး နှောင့်ယှက်နေတာလဲ"

ဟုန်ဝေယင်းက ရယ်မောလိုက်သည်။

"နှောင့်ယှက်တယ် ထင်ရင် နှောင့်ယှက်တာပဲပေါ့၊ ဘာလဲ မင်း မကျေနပ်ဘူးလား"

"အေး ... မကျေနပ်ဘူး"

"မကျေနပ်ရင် အချိန်ရတဲ့တစ်နေ့ တစ်ပွဲတစ်လမ်းလောက် ယှဉ်ကြည့်ကြတာပေါ့၊ အခုတော့ စကားရှည်မနေနဲ့၊ မင်း ဒီနေရာက ထွက်သွားသင့်တာ ကြာပြီ"

ကောင်းမော်က အံကိုတင်းတင်းကြိတ်လိုက်သည်။

ထို့နောက် စကားတစ်လုံးမျှမပြောတော့ဘဲ အခန်းတွင်းမှ အနေလှည့်ကာ ထွက်ခွာသွားလေတော့သည်။

✱ ◉ ✱

(၅)

ကောင်းမော် ထွက်ခွာသွားပြီ ဖြစ်သည်။

ထိုအခါမှ ဟုန်ဝေယင်း စကွမ်းအင်းအား ကြည့်ကာ ...

"ဘယ်လိုလဲ၊ ခင်ဗျား တော်တော် ကြောက်သွားသလား"

www.burmeseclassic.com

www.burmeseclassic.com



စုကွမ်းအင်းက ခေါင်းခါယမ်းလိုက်၏။

ဟုန်ဝေယင်းက ပြုံးလိုက်ပြီး ...

"ဒီလူ သိပ်မဟန်ဘူးဆိုတာ ကျုပ်သိတယ်၊ ဘာမှမပူနဲ့၊ ကျုပ် ရှိနေမှတော့ ခင်ဗျား စိတ်အေးအေးနေလို့ ရပါတယ်ဗျာ"

စုကွမ်းအင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"မင်းပြောတာ မှန်တယ်၊ မင်းရှိနေမှတော့ ကျုပ် စိတ်ချရပြီပေါ့"

ပြောရင်း ဟန်မူပါပါဖြင့် ဟုန်ဝေယင်းအား ကြည့်လိုက်လေသည်။ ဟုန်ဝေယင်းမှာ ကြက်သီးမွေးညင်း ထသွားရသည်။

ရှုံ့တွန့်တွန့်ဖြင့် နောက်ဆုတ်သွားပြီး ...

"ကျုပ် ... ကျုပ်"

စုကွမ်းအင်းက ရယ်မောလိုက်ပြီး ...

"မင်း ငါ့ကို မကြောက်ပါနဲ့ကွယ်၊ ငါနဲ့အတူတူနေတာ ပိုပြီး စိတ်ချရမယ် မဟုတ်လား"

ဟုန်ဝေယင်းက အထစ်ထစ် အငေါ့ငေါ့ဖြင့် ...

"ကျုပ် ... ကျုပ် အပြင်ကပဲ စောင့်နေမယ်"

ပြောပြီးသည်နှင့် အပြင်ဘက်သို့ ခုန်ထွက်သွားလေသည်။

အခန်းအပြင်ဘက်သို့ ရောက်ရှိသွားသောအခါ စုကွမ်းအင်း၏ သက်ပြင်းချသံကို ကြားလိုက်ရလေသည်။

✱ ◎ ✱



(၆)

ညဥ့်နက်လာပြီ။

ညဥ့်နက်လာသည်နှင့်အမျှ အအေးဓာတ်ကပိုကဲလာလေသည်။

မိန်းမလှဂေဟာတွင် ဧည့်သည်များ ရောက်ရှိလာပြီဖြစ်သည်။ ထို့ကြောင့် မိန်းမလှကလေးများမှာ ဟုန်ဝေယင်းအနီးသို့ မလာကြတော့ချေ။

သို့ဖြစ်၍ ဟုန်ဝေယင်းမှာ စုကွမ်းအင်း၏အခန်းအပြင်ဘက် ပန်းဥယျာဉ်ထဲ၌ အေးအေးဆေးဆေး ထိုင်နေနိုင်ခဲ့လေသည်။

ကောင်းကင်ပေါ်တွင် လခြမ်းကလေး ရှိ၏။

လေပြည်လေညင်းကလေး ဖွဲ့ဆမ်းတိုက်ခတ်လာသောကြောင့် သင်းပျံ့သော ပန်းရနံ့များ နှာဝသို့ လာရောက်ထိတွေ့လေသည်။

ဟုန်ဝေယင်းသည် အေးအေးဆေးဆေး ထိုင်နေရာမှ အရက်သောက်လိုစိတ်များ ဖြစ်ပေါ်လာ၏။

ထိုစဥ် ပန်းရုံတစ်ခုမှာ လှုပ်ရှားသွားပြီး လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

ချောမောလှပသည့် မိန်းကလေးတစ်ယောက်ပင် ဖြစ်ပါသည်။ လရောင်အောက်တွင် တစ်လှမ်းချင်းလာနေသည်မှာ ဒဏ္ဍာရီပုံပြင်ထဲမှ နတ်မိမယ်တစ်ယောက်အလား ထင်မှတ်ရလေသည်။

ဟုန်ဝေယင်းသည် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေစဥ်မှာပင် မိန်းကလေးမှာ သူ့အနီးသို့ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိန်းကလေး၏လက်ထဲ၌ လင်ပန်းတစ်ချပ် ပါလာသည်ကို တွေ့ရလေသည်။ လင်ပန်းထဲ၌ အရက်အိုးနှင့် အရက်ခွက် ပါလာ၏။ မိန်းကလေးက ပြုံးပြလိုက်ပြီး ...

"ကျွန်မနာမည် ရှောင်လန်းလို့ ခေါ်ပါတယ်၊ သခင်မကြီး အမိန့်ကြောင့် အရက်လာပို့တာပါ"

ရုပ်ရည်လှသလောက် အသံမှာလည်း ချိုသာလှပေသည်။ ဟုန်ဝေယင်းက အလိုလို ခေါင်းညိတ်လိုက်မိလေသည်။ အိပ်မက်မက်နေသူ တစ်ယောက်အလား ...

"ဟုတ် ... ဟုတ်ကဲ့"

မိန်းကလေးက ပြုံးလိုက်သည်။

"ရှင် အရက်သောက်ချင်နေတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်ရှင်"

"ဟုတ် ... ဟုတ်ကဲ့"

"ဒါဖြင့် ကျွန်မ သွားတော့မယ်"

"ဟုတ် ... ဟုတ်ကဲ့"

မိန်းကလေးမှာ ဟုန်ဝေယင်းအား အဓိပ္ပာယ်ရှိရှိကြည့်လိုက်ပြီး ခန္ဓာကိုယ်ယိမ်းနွဲ့၍ ထွက်ခွာသွားလေသည်။

ထိုအခါမှ ဟုန်ဝေယင်းမှာ သတိဝင်လာ၏။ မိန်းကလေး ချပေးသွားသော အရက်အိုးကိုကြည့်ကာ ...

"ဒီအရက်က အနံ့ရှူရုံနဲ့ မူးလိမ့်မယ်ထင်တယ်"



ပြောရင်း အရက်တစ်ခွက် ငှဲ့သောက်လိုက်၏။ အရက်ကို သောက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် လေနှင့်အတူ လွင့်ပါလာသော တိမ်ညိုတိမ်မည်းများက လခြမ်းကလေးအား ဖုံးအုပ်သွားသဖြင့် အနည်းငယ် မှောင်ကျသွားလေသည်။

ဟုန်ဝေယင်းမှာ ရင်ထိတ်သွားကာ အရက်ခွက်အား ပြန်ချထားလိုက်သည်။ ထို့နောက် စကွမ်းအင်း၏အခန်းအနီးသို့ ကပျာကယာ ပြေးလွှားသွားလေတော့သည်။

✱ ⭘ ✱

(၇)

လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသည်။

တိမ်ညိုတိမ်မည်းများ လွင့်စင်သွားပြီး လခြမ်းကလေးမှာ ပြန် လည်ထွက်ပေါ်လာလေသည်။

လရောင်ထွက်ပေါ်လာသောကြောင့် မိန်းမလှဂေဟာ ခြံဝင်းနံရံပေါ်တွင် လူတစ်ယောက် ရောက်ရှိနေသည်ကို တွေ့လိုက်ရတော့သည်။

ထိုလူမှာ တောက်တဲ့တစ်ကောင်အလား နံရံမှ တွယ်ကပ်ဆင်းလာ၏။

တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားသော ဝဲဝဲကြီးပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကြီးသည် လျှင်မြန်သော လှုပ်ရှားမှုမျိုးဖြင့် အောက်ဘက်သို့ ဆင်းလာ၏။

သို့သော် အောက်ဘက် ပန်းရုံတစ်ခုနောက်ကွယ်တွင် ဟုန်ဝေယင်းရှိနေသည်ကို သူ သတိမထားမိခဲ့ချေ။

အောက်ဘက် မြေပေါ်သို့ ခြေချမိလိုက်သည်နှင့် ဟုန်ဝေယင်းက ပုန်းကွယ်ရာမှ ထွက်ကာ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

အဝတ်အစား လေတိုးသံများကြောင့် ဝမ်းကြီးမှာ ရင်ထိတ်သွားပြီး ကမျာကယာ ပြန်လည်ခုခံလိုက်ရသည်။

သူ့အား တိုက်ခိုက်လာသူမှာ ဟုန်ဝေယင်း ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့ဩသွားပြီး ...

"ဟင် ... မင်းပါလား"

ဟုန်ဝေယင်းက မျက်နှာထားတင်းတင်းဖြင့် ...

"ဟုတ်တယ်၊ မင်းလာလိမ့်မယ်ဆိုတာ ငါသိပြီးသားပဲ၊ ... ရောင် မှောင်သွားတဲ့အချိန် မင်းဝင်လာလို့ အကောင်းဆုံးပဲ မဟုတ်လား"

ပြောရင်း ခြေလက်များ အနားမပေးဘဲ တိုက်ခိုက်လိုက်လေသည်။

ဝမ်းကြီးမှာလည်း ပြန်လည်ခုခံတိုက်ခိုက်ရင်း မကျေမနပ်ဖြင့်

"မင်းကြောင့် ငါ့ရဲ့ အချိန်တွေ ကုန်တော့မှာပဲ"



"ဘာလဲ၊ မင်းက လူသတ်မလို့လား"

"မင်းပြောတာ မှားနေပြီ၊ ငါက လူကယ်မလို့ကွ"

ဟုန်ဝေယင်းမှာ မျက်လုံးပြူးကျယ်သွားကာ ...

"ဘာ ... မင်း လူကယ်မလို့ ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူ့ကို ကယ်မှာလဲ"

"မင်း စောင့်ရှောက်နေတဲ့ လူကိုပေါ့"

ဟုန်ဝေယင်းမှာ ဒေါသချောင်းချောင်းထွက်သွားသည်။

"မင်း ငါ့ကို စော်ကားတာလား"

"စော်ကားတာ မဟုတ်ဘူး၊ မင်းနဲ့ ဒီအမျိုးသမီး လိုက်ဖက် ...တယ်ဆိုတာ ငါသိတယ်၊ အကောင်းဆုံးက မင်း သူ့ကို အဖော် ...ပ်နေဖို့ ကောင်းတယ်"

ဟုန်ဝေယင်းက နှာခေါင်းရှုံ့လိုက်ပြီး ...

"ငါနဲ့သူ လိုက်ဖက်ညီတယ် ဟုတ်လားဟင်၊ ငါသာ သူ့ ...နားကပ်နေရင် မင်းလာတာ ဘယ်လိုလုပ် သိရမှာလဲ"

"ငါလာတာ အကြောင်းမဟုတ်ဘူး၊ လူသတ်သမားလာမှခက် ...မယ်"

"လူသတ်သမားဟာ မင်းပဲ မဟုတ်လား"

"မဟုတ်ဘူး၊ ငါသာ လူသတ်သမားဆိုရင် မင်းနဲ့ အချိန်ကုန် ... တိုက်ခိုက်နေမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ..."

သူ၏စကားမဆုံးမီမှာပင် ဝမ်းကြီးက ကြားဖြတ်လိုက်သည်။

"ဒီကနေ့ ဘယ်နှစ်ရက် ရှိပြီလဲ"

"လဆန်းရှစ်ရက် မဟုတ်လား"

"မဟုတ်ဘူး၊ သန်းခေါင်ကျော်သွားလို့ လဆန်းကိုးရက်ထဲ ရောက်နေပြီ၊ မင်း သူနဲ့အတူ သွားပြီး အဖော်လုပ်နေမှ ငါစိတ်ချပြီး ပြန်သွားမယ်"

ဟုန်ဝေယင်းက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"ငါ့ကို လှည့်ပတ်ပြောလို့ ရမယ်များ ထင်သလား"

ဝမ်းကြီးက စိတ်ပျက်ဟန်ဖြင့် ခေါင်းခါယမ်းလိုက်သည်။

"ငါ အမှန်အတိုင်းပြောတာ၊ မင်း မယုံရင်လဲ မတတ်နိုင်ဘူး။ အမျိုးသမီးက အဖော်အဖြစ် မင်းကို အလိုရှိမှာ ကျိန်းသေတယ်"

"ငါ ..."

ထိုစဉ်မှာပင် စုကွမ်းအင်း၏အခန်းမှ ရှုးရှုသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ဝမ်းကြီးက ပခုံးတွန့် လိုက်ပြီး ...

"ကဲ ... ငါ မပြောဘူးလား၊ အခု မင်းကို ခေါ်နေပြီ"

ဟုန်ဝေယင်းမှာ မျက်နှာပျက်သွားလေသည်။

တိုက်ခိုက်မှုကို ချက်ချင်းရပ်သိမ်းလိုက်ပြီး စုကွမ်းအင်း၏ အခန်းသို့ ဦးတည်ပြေးလွှားသွားလေသည်။



သို့သော် စုကွမ်းအင်းထံသို့ ဝမ်းကြီးက သူ့ထက်အလျင် ရောက်ရှိသွားလေသည်။

✱ ⭘ ✱

(၈)

"ဝုန်း ..."

အသံတစ်ချက် ကျယ်လောင်စွာထွက်ပေါ်လာပြီး အခန်းတံခါး ပွင့်သွားသည်။ ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ အခန်းတွင်းသို့ ရောက်ရှိသွားကြလေသည်။ အခန်းတွင်းသို့ရောက်ရှိသွားသည်နှင့် ကြမ်းပြင် ပေါ်တွင် လဲကျနေသော စုကွမ်းအင်းအား တွေ့လိုက်ရသည်။

စုကွမ်းအင်းမှာ သေဆုံးသွားခြင်း မရှိသေးပါ။

လည်ပင်းကို လက်ဖြင့်ဆုပ်လျက် ကြမ်းပြင်ပေါ်တွင် လူးလိမ့် နေ၏။

ကျန်လက်တစ်ဖက်တွင် အရက်ခွက်အား ကိုင်ထားပြီး အရက် များ ဖိတ်စင်ကျနေ၏။ အခြေအနေကို ကြည့်ရခြင်းဖြင့် စုကွမ်းအင်း မှာ အဆိပ်ခတ်ထားသော အရက်သောက်မိသွားပြီဖြစ်ကြောင်း၊ ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့က ရိပ်မိလိုက်၏။

ဟုန်ဝေယင်းသည် စုကွမ်းအင်းအနီးသို့ ကပျာကယာ ပြေး သွားကာ ပွေ့ထူလိုက်သည်။ စုကွမ်းအင်း၏ခန္ဓာကိုယ်မှာ တစ်ချက် တွန့်လိမ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟို... ရွှေကောင် ငါ့ကို အဆိပ်စတ်သွားတယ်"

ပြောရင်း တစ်ချက်ညည်းညူလိုက်၏။

နှုတ်ခမ်းနှင့် နှာခေါင်းမှ သွေးများ ယိုစီးကျလာပြီး ခေါင်း ငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

ဟုန်ဝေယင်း၏ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ ဝမ်းကြီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"တော်တော်ပြင်းတဲ့ အဆိပ်ပဲ"

ဟုန်ဝေယဒ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ပြောရင်း တစ်စုံတစ်ခုအား သတိရလာဟန်ဖြင့် ဗူးဗူးဝါးဝါး အော်ဟစ်လိုက်ပြီး စုကွမ်းအင်းအား လွှတ်ချကာ အခန်းတွင်းမှ တစ်ဟုန်တိုး ပြေးထွက်သွားလေသည်။

ဝမ်းကြီးမှာ တအံ့တသြဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားသည်။ နောက်မှ သတိဝင်လာပြီး ...

"ဟေ့ ... ဟေ့ ... ဘာလို့ဖြစ်တာလဲ"

ဟုန်ဝေယင်းက အဖြေမပေးဘဲ ကမူးရှူးတိုး ပြေးထွက်သွား ၏။

အခြေအနေ မဟန်မှန်း သဘောပေါက်လိုက်သဖြင့် ဝမ်းကြီး သည် ဟုန်ဝေယင်းနောက်သို့ ပြေးလိုက်သွားလေတော့သည်။

✱ ◎ ✱



လေတစ်ချက် ဖွေ့ယမ်းတိုက်ခတ်လာသည်။

ပန်းပင်များမှာ လေယူရာယိမ်းနွဲ့လှုပ်ရှားလျက်ရှိသည်။

ပန်းရုံများအကြား၌ ကျောက်စားပွဲတစ်ခု ရှိသည်။ ယင်း ကျောက်စားပွဲမှာ ဟုန်ဝေယင်း ထိုင်နေခဲ့သော ကျောက်စားပွဲ ဖြစ်သည်။

ကျောက်စားပွဲပေါ်တွင် ရှောင်လန်း လာရောက်ချထားသော အရက်အိုးနှင့် အရက်ခွက် ရှိနေ၏။

အရက်ခွက်တွင် အသင့်သောက်နိုင်ရန် အရက်ငှဲ့ထားပြီး ဖြစ်သည်။

ဟုန်ဝေယင်းသည် အရက်သောက်မည်ဟု ကြံရွယ်ပြီးမှ ဖြန့် ထားခဲ့သော အရက်ခွက်ကို ကောက်ယူလိုက်သည်။

ထို့နောက် မြက်ခင်းပေါ်သို့ လောင်းချလိုက်၏။ တစ်ခဏ အတွင်းမှာပင် စိမ်းလန်းနေသော မြက်ပင်များမှာ ညှိုးနွမ်းသွားပြီး ဝါရောင်အဖြစ်သို့ ကူးပြောင်းသွားလေသည်။

အကယ်၍ အရက်ကိုသာ သောက်မိခဲ့မည်ဆိုလျှင် ...

ဟုန်ဝေယင်းသည် ဆက်မတွေးဝံ့အောင် ကြက်သီးထသွား လသည်။

အကယ်၍ သူသောက်မိခဲ့လျှင် သူသည်လည်း စုကွမ်းအင်း ကဲ့သို့ပင် အသေဆိုးနှင့် သေရမည်ဖြစ်သည်။

ထိုအချိန်တွင် ဟုန်ဝေယင်းအနီးသို့ ဝမ်းကြီး ရောက်ရှိလာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ခဏမျှအကဲခတ်ရုံဖြင့် သူသည် အခြေအနေကို သဘောပေါက်သွားလေသည်။

ထို့ကြောင့် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"မင်း ငါ့ကို ကျေးဇူးတင်ဖို့ ကောင်းတယ်"

ဟုန်ဝေယင်းမှာ မျက်လုံးပြူးကျယ်သွား၏။

ဝမ်းကြီးအား နားမလည်နိုင်စွာဖြင့် ကြည့်ရင်း...

"ဘာဖြစ်လို့ ကျေးဇူးတင်ရမှာလဲ"

ဝမ်းကြီးက ခပ်တည်တည်ဖြင့်...

"ငါသာ ရောက်မလာရင်၊ နောက်ပြီး မင်းကလဲ ငါ့ကို ဟန့် တားဖို့ မကြိုးစားရင် မင်းလည်း စုကွမ်းအင်းနဲ့အတူတူ သေမင်းဆီကို ခရီးသွားနေပြီပေါ့"

ဟုန်ဝေယင်းမှာ ဒေါသထွက်သွားသည်။

သို့သော် ဝမ်းကြီး၏စကား မှန်ကန်နေသောကြောင့် ဘာမျှပြန်မပြောသာဘဲ ဖြစ်သွားလေသည်။

ဝမ်းကြီးသာ ဝင်မလာလျှင် သူက ဝမ်းကြီး ရောက်လာမည်ကို စိုးရိမ်ပြီး ခြံဝင်းအနောက်ဘက်သို့မသွားခဲ့လျှင် စုကွမ်းအင်းနှင့်အတူ ဘဝကူးပြောင်းသွားလောက်ပြီဖြစ်သည်။

ဝမ်းကြီးက ခေါင်းခါယမ်းလိုက်ပြီး...

"သူများကို စောင့်ရှောက်တာထက် ကိုယ့်အသက်ကို စောင့်ရှောက်ဖို့ သတိထားဦး"



ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

ဟုန်ဝေယင်းက ဟန့်တားရန် ကြံရွယ်လိုက်သည်။ သို့သော် ဝေခွဲမရနိုင်ဘဲ ကြောင်အမ်းအမ်းဖြင့် ကျန်ရစ်ခဲ့လေသည်။

ထို့ကြောင့် ဝမ်းကြီးမှာ မိန်းမလှဂေဟာမှ ထွက်ပြေးသွားကာ အမှောင်ထုအတွင်း တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

✱ ◎ ✱

(၁၀)

နံနက်စောစောအချိန်...

ရာသီဥတုမှာ ကြည်လင်သာယာနေသည်။

ကောင်းကင်ပေါ်တွင် တိမ်ညိုတိမ်မည်းများမရှိဘဲ ကြည်ပြာရောင်သန်းနေ၏။ ရွှေဝါသောနေရောင်ခြည်မှာ ဝန်းကျင်တစ်ခုလုံးအား ဖုံးလွှမ်းထားလေသည်။ ရာသီဥတု ကြည်လင်သာယာနေသော်လည်း အခန်းတွင်းရှိ လူများ၏မျက်နှာမှာမူ မသာမယာဖြစ်နေလေသည်။

လုဝမ်းထင်းသည် ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ငေးကြည့်နေ၏။ တင်းစန်းမှာ စားပွဲခုံအား လက်ဖြင့်ခေါက်နေလေသည်။

ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့မှာမူ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ငေးငိုင်လျက်ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲခြင်း၊ ခံပြင်းဒေါသထွက်ခြင်း စသည့် အရိပ်အရောင်များ ထင်ရှားစွာပေါ်လွင်နေလေသည်။ မျက်နှာမပျက်သူ ဟူ၍ ဟုန်ဝေယင်းတစ်ယောက်သာ ရှိသည်။

သူသည် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း လုဝမ်းထင်းရှေ့တွင် ခြေလှမ်းရပ်ကာ ...

"ဒီကိစ္စကို ခင်ဗျား ဘယ်လိုယူဆသလဲ"

လုဝမ်းထင်းက သက်ပြင်းချလိုက်သည်။

သူ၏မျက်လုံးအစုံမှာ ဟုန်ဝေယင်း၏မျက်နှာပေါ်သို့ ရောက်သွား၏။ ထို့နောက် အေးတိအေးစက်ဖြင့် ...

"မင်း ဘာကိုသိချင်တာလဲ"

"စုကွမ်းအင်းနဲ့ ကျုပ်ကို ဘယ်သူ အဆိပ်ခတ်တာလဲ"

"ပင့်ကူ ဖြစ်မှာပေါ့"

ဟုန်ဝေယင်းက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"ဒီလို လွယ်လွယ်နဲ့ပြောလို့ ဘယ်ရမလဲဗျ၊ တခြားလူတစ်ယောက်ယောက်က အဆိပ်ခတ်ပြီး ပင့်ကူအပေါ် လွှဲချရင်ကော ..."

"စုကွမ်းအင်းသေတာ ပင့်ကူရဲ့လက်ချက် မဟုတ်ဘူးလို့ မင်းပြောနိုင်သလား"

ဟုန်ဝေယင်း ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ ကျုပ်လဲ သေသေချာချာ မပြောတတ်ဘူး၊ ကျုပ်ကို



အရက်လာပို့တဲ့ ရှောင်လန်းကို တွေ့အောင်ရှာနိုင်ရင် တရားခံကို မိမှာပဲ"

"ရှောင်လန်း ဆိုတာ ဘယ်သူလဲ"

"စုကွမ်းအင်းရဲ့အိမ်ဖော်လို့ ပြောတာပဲ၊ သူ့ကို သွားရှာတဲ့အခါ မတွေ့ရတော့ဘူး"

သူတို့နှစ်ယောက်၏ အချီအချ ပြောဆိုနေကြသည့် စကားများကို ကြားလိုက်ရသောအခါ တင်းစန်းမှာ မနေနိုင်တော့ပါချေ။

ထိုင်ရာမှထကာ သူတို့အနီးသို့လျှောက်လာပြီး ...

"ခင်ဗျားတို့ ဘာတွေပဲပြောပြော စုကွမ်းအင်း သေရတာ ပင့်ကူလက်ချက်ပဲ ဖြစ်ရမယ်၊ ရှောင်လန်းဟာလည်း ပင့်ကူရဲ့တပည့် ဖြစ်ရမယ်"

တင်းစန်းက အနိုင်အမာပြောလိုက်သည်။ လုဝမ်းထင်းမှာ မျက်မှောင်ကုပ်သွားကာ ...

"ပင့်ကူဟာ တစ်ကိုယ်တည်း သွားလာလှုပ်ရှားတတ်တယ် မဟုတ်လား"

တင်းစန်းက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"လူဆိုတာ ပြောင်းလဲသွားတတ်တယ်မဟုတ်လား၊ ဒါကြောင့် ပင့်ကူဟာလဲ တပည့်မသုံးဘူးလို့ မပြောနိုင်ဘူး"

ထိုသို့ပြောရင်း တင်းစန်းသည် ဟုန်ဝေယင်းဘက်လှည့်ကာ စေ့စေ့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ ညက ရှောင်လန်းအပြင် ဘယ်သူများ တွေ့သေးသလဲ"

ဟုန်ဝေယင်း တစ်ချက်စဉ်းစားလိုက်ပြီး...

"နောက်တစ်ယောက် ရှိသေးတယ်"

နှုတ်မှ လွှတ်ခနဲ ပြောလိုက်သည်။

သူ၏စကားကြောင့် လုဝမ်းထင်းနှင့် တင်းစန်းတို့မှာ စိတ်ဝင်စားသွားကြလေသည်။ သူတို့သည် ဟုန်ဝေယင်းအား အကဲခတ်ကြည့်ရင်း...

"နောက်တစ်ယောက်ဟာ ဘယ်သူလဲဗျ"

ဟုန်ဝေယင်းမှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

အမှန်မှာ ဝမ်းကြီးအား တွေ့ခဲ့ရသည့်အကြောင်း ရည်ညွှန်းပြောလိုက်ခြင်းဖြစ်သည်။

သို့သော် ဝမ်းကြီးနှင့် တွေ့ဆုံခဲ့ရသည့် အကြောင်းများ ပြောပြလိုက်လျှင် ပြဿနာပို၍ ရှုပ်ထွေးလာနိုင်သည်ကို ရုတ်ချည်းဆိုသလို တွေးလိုက်မိ၏။

သို့သော် လုဝမ်းထင်းက မေးလာပြီဖြစ်သဖြင့် ကောင်းဆော်အား လက်ညှိုးညွှန်ကာ...

"သူ့ကို တွေ့ခဲ့လား"

တင်းစန်းနှင့် လုဝမ်းထင်းတို့ အံ့သြသွားကြသည်။

ကောင်းမော်ကိုလည်း ပြိုင်တူလှည့်ကြည့်လိုက်မိကြသည်။



"ပင့်ကူနဲ့ ဘယ်လိုဝတ်သက်ခဲ့တယ်ဆိုတာ သိချင်လို့ စုကွမ်းအင်းကို သွားမေးကြည့်တာပါ"

လုဝမ်းထင်းက မမေးမီ ကောင်းမော်က ဖြေလိုက်ခြင်း ဖြစ်သည်။

သူ၏စကားကြောင့် တင်းစန်းနှင့် လုဝမ်းထင်းတို့မှာ စိတ်သက်သာရာရသွားလေသည်။ လုဝမ်းထင်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး...

"လက်စသတ်တော့ ဒီလိုကိုး"

"ဒါပေမယ့် ဒီကိစ္စကို ပေါ့ပေါ့တန်တန် သဘောထားလို့တော့ မဖြစ်ဘူး"

ဟုန်ဝေယင်းသည် အခွင့်အရေးရနိုက် ချောက်တွန်းသည့်သဘောဖြင့် ဝင်ပြောလိုက်ရာ ကောင်းမော်မှာ မကျေမနပ်ဖြစ်သွားသည်။

"ဒီကိစ္စ ခင်ဗျားနဲ့မဆိုင်ဘူး၊ ကျုပ်လဲ အသတ်ခံရမယ့်လူတစ်ယောက်ပဲ ဘာကြောင့် စုကွမ်းအင်းကို သတ်ရမှာလဲ၊ ကျုပ်အပြင် စုကွမ်းအင်းကို သတ်နိုင်တဲ့လူ ရှိသေးတယ် မဟုတ်လား"

တစ်နည်းအားဖြင့် ဟုန်ဝေယင်းအား လူသတ်တရားခံဟု သွယ်ဝိုက်၍ စွပ်စွဲလိုက်ခြင်းဖြစ်သည်။

ဟုန်ဝေယင်းက ရယ်မောလိုက်ပြီး...

"ကျုပ်က သွားပြီး အကာအကွယ်ပေးတဲ့လူ..."

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမော်က နှာခေါင်းရှုံ့လိုက်ပြီး ...

"ဟင်း ... ဒါလား အကာအကွယ်ပေးတာ"

ဟုန်ဝေယင်းမှာ အနာပေါ်တုတ်ကျသွားသည့်အလား၊ ရှေ့ရှေ့ ရွန်သွား၏။ ကောင်းမော်အား ကြည့်ကာ ဒေါသကြီးစွာဖြင့် ...

"မင်း ... မင်း"

အခြေအနေမှာ တင်းမာလာသဖြင့် လုဝမ်းထင်က အချိန်မီ ဝင်ရောက် ဖြန်ဖြေလိုက်ရလေသည်။

"ကဲ ... ကဲ တော်ကြပါတော့၊ ပင့်ကူဟာ သေမင်းတမန် ကွတ်ပြား မပို့ခင်ကတည်းက အားလုံးကို ကြိုတင်စီစဉ်ထားတာ ဖြစ်လိမ့်မယ်"

တင်းစန်းက မကျေမနပ်ဖြင့် ...

"ဒီလိုဆိုရင် ပင့်ကူလုပ်သမျှ ငြိမ်ခံနေရမှာလားဗျ"

ဟုန်ဝေယင်းက စကားမပြောတော့ဘဲ စားပွဲဝိုင်းအား မျှော် ပတ် လျှောက်သွားသည်။

ထို့နောက် ကျန်းချစ်ချစ်အနီးသို့ ဝင်ရောက်ထိုင်ချဟန် ပြင် လိုက်၏။ သို့သော် တစ်စုံတစ်ခုအားတွေ့လိုက်ရသည့်အလား မျက်လုံး ပြူးကျယ်သွားပြီး ထိုင်ရန်ပင် သတိမေ့လျော့သွားလေသည်။

ထိုစဉ် လုဝမ်းထင်က အက်ပြင်းချကာ ...

"နောက်ထပ် ဘယ်သူ့ကိုများ လုပ်ကြဦးမလဲ မသိဘူး"

"ကျန်းချစ်ချစ်"



အားလုံးမှာ ထိတ်လန့်တုန်လှုပ်သွားကြပြီး အသံထွက်ပေါ်လာ ရာသို့ လှမ်းကြည့်လိုက်ကြသည်။

အသံမှာ ဟုန်ဝေယင်းထံမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဟုန်ဝေယင်းသည် ကျန်းချစ်ချစ်၏နောက်ကျောကို စိုက်ကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

အားလုံး၏အကြည့်မှာ ကျန်းချစ်ချစ်ထံသို့ ရောက်ရှိသွားကြ လေသည်။ ကောင်းမော်မှာ ဒေါသထွက်သွားပြီး ...

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

ဟုန်ဝေယင်းက ကျန်းချစ်ချစ်နောက်သို့ လက်ညှိုးညွှန်ပြလိုက် ပြီး ...

"မင်းကြည့်ရတာ ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်စိမှုန်နေပြီထင် တယ်၊ ဟိုမှာ ပိတ်ဖြူစကပ်ထားတာ မတွေ့ဘူးလား"

ထိုအခါမှ ကျန်းချစ်ချစ်၏ နောက်ကျောတွင် ပိတ်ဖြူစတစ်စ ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ကျန်းချစ်ချစ်၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။ ကောင်း မော်က ချက်ချင်းပင် ကျန်းချစ်ချစ်အနီးသို့ ခုန်လွှားသွားပြီး ပိတ်ဖြူ အား ဆွဲဖြုတ်လိုက်သည်။

ယင်းပိတ်ဖြူစမှာ စုကွမ်းအင်း၏ နောက်ကျောတွင် တွေ့ခဲ့ ရသော ပိတ်ဖြူစနှင့် တစ်ပုံစံတည်း ဖြစ်နေ၏။ ကျန်းချစ်ချစ်သည် ပိတ်ဖြူစအား မြင်လိုက်ရသည်နှင့် မျက်စိမျက်နှာပျက်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို အဲ့ဒီအပေါ်မှာ ဘာတွေရေးထားသလဲ"

"သည်အတိုင်းဆိုရင် ပင့်ကူဟာ ခင်ဗျားရဲ့အိမ်ထဲမှာ ရောနှော ဝင်နေပြီနဲ့ တူတယ်"

သူ၏စကားကြောင့် လှဝမ်းထင်းမှာ ဒေါသထွက်သွားလေသည်။ ကောင်းမော်က လှဝမ်းထင်းနှင့် တင်းစန်းတို့ စကားအချီအချ ပြောနေကြသည်ကို ဂရုမစိုက်တော့ပါချေ။

ကျန်းချစ်ချစ်ကိုသာ စိုက်ကြည့်ရင်း …

"ညီမ ဘာမှမကြောက်နဲ့၊ အစ်ကိုတစ်ယောက်လုံးရှိတယ်။ ညီမကို သတ်ဖို့ ကြိုးစားရင် အစ်ကိုနဲ့ ပထမဦးဆုံးရင်ဆိုင်ရမှာပဲ"

"ကဲ … လာ တို့ သွားကြစို့"

ပြောပြီးသည်နှင့် ကျန်းချစ်ချစ်၏လက်ကိုဆွဲကာ ထွက်ခွာ သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ဟုန်ဝေယင်းက သူတို့အား လှမ်းကြည့်လိုက်ပြီး …

"မင်းတို့ ဘယ်သွားကြမလို့လဲ"

ကောင်းမော်က မကျေမနပ်ဖြင့် …

"ဘယ်သွားသွား မင်းအပူလား"

ဟုန်ဝေယင်းက ပြုံးပြလိုက်ပြီး …

"မင်းတို့ ပင့်ကူနဲ့ တွေ့မှာ မကြောက်ဘူးလား၊ ပင့်ကူက ပြောတဲ့အတိုင်း လုပ်တတ်တယ်နော်"

ကောင်းမော်က လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီး …



"သတ္တိရှိရင် လာပစေ … ကျုပ်နဲ့ အရင်ဆုံးတွေ့မယ်"

ဟုန်ဝေယင်းက ရယ်ကျဲကျဲဖြင့် …

"ဒီလိုဆိုရင် မင်းကို အရင်ဆုံး သတ်ပစ်လိမ့်မယ်ထင်တယ်"

ကောင်းမော်သည် ဟုန်ဝေယင်းအား မကျေမနပ်ဖြစ်သွားသော်လည်း တစ်စုံတစ်ရာ ဆက်လက်ပြောဆိုခြင်းမပြုတော့ဘဲ ကျန်းချစ်ချစ်၏ လက်ကိုဆွဲကာ အပြင်ဘက်သို့ ထွက်သွားလေတော့သည်။

* ○ *

(၁၁)

ကျန်းချစ်ချစ်နှင့် ကောင်းမော်တို့သည် အခန်းတွင်းမှ ထွက်လာခဲ့ပြီးဖြစ်သည်။

ခြံဝင်းထဲသို့ ရောက်ရှိသွားသည်နှင့် ကျန်းချစ်ချစ်က ခြေလှမ်း ရပ်တန့်လိုက်၏။

တစ်ဖန် ကောင်းမော်အား မော့ကြည့်လိုက်ပြီး …

"အစ်ကို ကျွန်မ ဘယ်လိုလုပ်ရမလဲ"

ကောင်းမော်က ရင်ကို ကော့လိုက်ပြီး …

"ဘာမှ မပူနဲ့၊ အစ်ကိုတစ်ယောက်လုံး ရှိနေသားပဲ"

"ဟင့်အင်း … ကျွန်မ စိတ်တွေ သိပ်ပြီး လှုပ်ရှားနေတယ်၊ ပင့်ကူဟာ အခုချက်ချင်းပဲ လာသတ်တော့မလို ခံစားနေရတာ ရှင် …"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမော်က အားပေးသောအပြုံးဖြင့် ပြုံးပြလိုက်သည်။

"စိတ်ချ ... အခုချက်ချင်း သူမလာနိုင်သေးဘူးဆိုတာ ကျုပ်ပြောရဲတယ်"

"အခု အစ်ကို ညီမအနားမှာ ရှိနေတယ် မဟုတ်လား၊ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်သလဲ"

"သူခိုးတစ်ယောက်လို လူစားမျိုးလဲ ရှိနေသေးတယ်လေ"

ကျန်းချစ်ချစ်မှာ အံ့သြသွားကာ ...

"သူခိုးတစ်ယောက် ... ဟုတ်လား"

"ဟုတ်တယ်၊ နိုးကြောင်နိုးဝှက်နဲ့ လူဆိုးဖမ်းဆယ်ဆိုတဲ့ အမည်ကို ယူထားတဲ့လူ"

သူ၏စကားများကို ကျန်းချစ်ချစ်မှာ နားမလည်နိုင်သဖြင့် ငေးငိုင်နေလေသည်။ ထိုစဉ်မှာပင် မနီးမဝေးရှိ သစ်ပင်တစ်ပင်နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရ၏။

ဟုန်ဝေယင်းပင် ဖြစ်ပါသည်။ ဟုန်ဝေယင်း မျက်နှာသည် ဒေါသကြောင့် နီရဲနေ၏။ ကောင်းမော်တို့အနီးသို့ ရောက်လာသည်နှင့် ...

"မင်းပြောတဲ့ သူခိုးဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

ကောင်းမော်က ခပ်တည်တည်ဖြင့် ...



"သူခိုးတွေသာ လူမြင်မခံဝံ့ဘဲ ပုန်းလျှိုးကွယ်လျှိုးနေတတ်တာ မဟုတ်လား"

ကောင်းမော်က သူ့အား သာသာနှင့်နာနာ နှက်လိုက်ခြင်း ဖြစ်ကြောင်း ဟုန်ဝေယင်း နားလည်လိုက်သည်။

သို့သော် ချေပရန် စကားရှာမရသဖြင့် တရှူးရှူး တရှားရှား ဖြစ်ကာ ဒေါသထွက်သွားလေသည်။

ကျန်းချစ်ချစ်မှာ အားတုံ့အားနာဖြစ်သွားပြီး ...

"အစ်ကိုကလဲ အရမ်းမပြောပါနဲ့၊ သူက စေတနာနဲ့ ကူညီနေတာ ကျေးဇူးတင်ဖို့ ကောင်းပါတယ်ရှင်"

ထိုစကားကြားလိုက်ရမှ ဟုန်ဝေယင်းမှာ စိတ်သက်သာရာ ရရှိသွားကာ မျက်နှာထားပြောင်းလဲသွားသည်။

"ဟဲ ... ဟဲ ညီမကမှ ကျုပ်ရဲ့စေတနာကို သဘောပေါက်သေးတယ်"

ကောင်းမော်က နှာခေါင်းရှုံ့လိုက်သည်။

"ဒီအချိန်မှာ စေတနာကောင်းရုံနဲ့ ပြီးမလား၊ စေတနာရှိတာထက် အစွမ်းရှိဖို့လိုတယ်"

ဟုန်ဝေယင်းမှာ မျက်မှောင်ကုပ်သွားကာ ...

"မင်း ဘာကို ဆိုလိုတာလဲ"

"ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်နိုင်မှ အစွမ်းရှိတယ်လို့ ခေါ်တာ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမော်သည် ပြောပြီးသည်နှင့် ကျွန်းချစ်ချစ်၏လက်ကို ဆွဲကာ ထွက်ခွာသွားလေသည်။ ကျွန်းချစ်ချစ်မှာ ဟုန်ဝေယင်းအား အားတုံ့အားနာဖြင့် ကြည့်ရင်း လိုက်ပါသွား၏။

ဟုန်ဝေယင်းမှာမူ ငေး၍ ကျန်ရစ်ခဲ့လေသည်။

ကောင်းမော်၏စကားမှာ စုကွမ်းအင်းအား သူက ကောင်းစွာ အကာအကွယ် မပေးနိုင်ခဲ့သည်ကို ရည်ရွယ်၍ ပြောခြင်းဖြစ်ကြောင်း နားလည်သည်။

အမှန်ပင် စုကွမ်းအင်းအား အကာအကွယ် မပေးနိုင်ခဲ့သည့် အတွက် သူ ယူကြုံးမရဖြစ်ခဲ့မိသည်။ မည်သို့ဆိုစေ ရင်ထဲမှ နာကြည်းချက်များသည် ပင့်ကူအား အမိဖမ်းရန် ခွန်အားများဖြစ်လာနိုင်သည် မဟုတ်ပါလော။

* ◎ *



# ကယ်တင်ရှင်နှင့် လူရှုပ်

## (၁)

နေဝန်းနီသည် အနောက်ဘက်တွင် ငုပ်လျှိုးသွားပြီဖြစ်သည်။

နေရောင်ခြည်များ ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုက အစားထိုး ဝင်ရောက်လာသည်။

မိုးချုပ်သွားပြီဖြစ်သည်။

အိမ်တိုင်းလိုလိုတွင် မီးအိမ်များ ထွန်းညှိထားကြပြီဖြစ်ပါသည်။

ကျွန်းချစ်ချစ်က မီးအိမ်အား မီးထွန်းညှိလိုက်သည်။ သို့သော် သူမသည် အိမ်ထဲ၌ ရှိနေခြင်း မဟုတ်ပါချေ။

ကျင်းတုံ့ရေကန်အရှေ့ဘက်ရှိ ဝါးရုံတောတစ်ခုသို့ ရောက်ရှိနေခြင်းဖြစ်ပါသည်။ ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေသော်လည်း ကျွန်းချစ်ချစ်သည် အဖော်မပါ တစ်ကိုယ်တည်းလာခဲ့၏။

သို့မှလည်း ဝမ်းကြီးဆိုသူက ပင့်ကူ၏အန္တရာယ်မှ သူမအား ကယ်တင်လိမ့်မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကြီး၏စကားမှာ အမှန်ဟုတ်,မဟုတ် မသိရပေသော်လည်း ရေနစ်သူပမာဖြစ်နေသော ကျန်းချစ်ချစ်အတွက် ကောက်ရိုးမျှင်တစ်ခု အလား ရှိနေ၏။

ပင့်ကူ၏အန္တရာယ်မှ ကယ်တင်ကောင်း ကယ်တင်နိုင်လိမ့် မည်ဟူသော ယူဆချက်ဖြင့် ဝမ်းကြီး၏စကားအတိုင်း အကူအညီ တောင်းရန် လာရောက်ခဲ့ခြင်းဖြစ်လေသည်။

မည်သို့ဆိုစေ၊ ကျန်းချစ်ချစ်၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ် နေသည်ကို ကြည့်ရခြင်းဖြင့် ကြောက်ရွံ့ထိတ်လန့်နေကြောင်း သိသာ နိုင်သည်။

ကျန်းချစ်ချစ်သည် မီးအိမ်အား ဝါးတောရှေ့၌ ချထားလိုက် ပြီး ...

"ဝမ်းကြီး ... ကျွန်မကို ကူညီပါရှင်"

ကျန်းချစ်ချစ်က တီးတိုးရေရွတ်လိုက်သည်။

ထိုစဉ် လေတစ်ချက် တိုက်ခတ်လာသဖြင့် ဝါးရွက်များ လှုပ် ရှားသွားပြီး တရှဲရှဲမြည်သံများ ထွက်ပေါ်လာလေသည်။

ကျန်းချစ်ချစ်၏စကားကြောင့် ကူညီပါမည်ဟု ကတိပေးလိုက် သကဲ့သို့ ထင်မှတ်ရလေသည်။

ညသည် တိတ်ဆိတ်နေသည့်အပြင် ဝါးရုံပင်များမှ တရှဲရှဲ မြည်သံ ထွက်ပေါ်လာသောကြောင့် တုန်လှုပ်ချောက်ချားဖွယ်ကောင်း နေ၏။



ကျန်းချစ်ချစ်မှာ ဆက်၍မနေနိုင်တော့ပါချေ။ ဝါးရုံတော ရှေ့မှ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ထိုတစ်ဒင်္ဂအချိန်အတွင်းမှာပင် ဝါးရုံပင်ပေါ်မှ လူရိပ်တစ်ခု ခုန်ဆင်းလာသည်ကို တွေ့လိုက်ရသည်။

အမှတ်တမဲ့ဖြစ်နေသဖြင့် ကျန်းချစ်ချစ်မှာ ထိတ်လန့်တုန်လှုပ် သွားပြီး ...

"အမလေး"

ကျန်းချစ်ချစ်သည် စူးစူးဝါးဝါး အော်ဟစ်ရင်း နောက်သို့ဆုတ် သွား၏။

"ညီမလေး ... မကြောက်ပါနဲ့၊ ကျုပ်ပါ"

ခုန်ဆင်းလာသူက ကမန်းကတန်း လှမ်းပြောလိုက်သည်။

အသံကြားလိုက်ရမှ ကောင်းမော်ဖြစ်နေကြောင်း သိလိုက်ရ၏။ ကျန်းချစ်ချစ်မှာ စိတ်အေးသွားလေသည်။

ခုန်ဆင်းလာသူမှာ ကောင်းမော် ဖြစ်ပါသည်။ ကောင်းမော်က ကျန်းချစ်ချစ်အနီးသို့ လျှောက်သွားပြီး ...

"ညီမလေး သိပ်ကြောက်သွားသလား၊ ကျုပ် မင်းကို တိတ် တဆိတ် စောင့်ရှောက်နေတာပါကွယ်"

ကျန်းချစ်ချစ်မှာ ကောင်းမော်အား ယုံကြည်အားကိုးလာပေ တော့သည်။ ချက်ချင်းပင် ကောင်းမော်၏ရင်ခွင်အတွင်းသို့ တိုးဝင် သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကို တကယ်ပဲ စောင့်ရှောက်နေပါလား"

ကောင်းမော်က တုန်ယင်လိုက်လှဲသော လေသံဖြင့် ...

"တကယ်ပေါ့ ညီမရယ်၊ ကျုပ် မင်းကို မျက်ခြည်မပြတ် စောင့်ရှောက်နေမယ်၊ ဘယ်သူကမှ လက်ဖျားနဲ့ မထိစေရဘူး"

ပြောရင်း ဝါးရုံတောရှိ မြေကွက်လပ်ပေါ်တွင် မိုးအိမ်အား တွေ့မြင်သွား၏။

ထိုကြောင့် သူသည် ကျန်းချစ်ချစ်နှင့် မိုးအိမ်အား တစ်လှည့်စီ အပြန်အလှန် ကြည့်လိုက်ပြီး ...

"ဒီမိုးအိမ်က ..."

ကျန်းချစ်ချစ်က ခေါင်းငုံ့ထားသည်။

ကောင်းမော်က သက်ပြင်းချကာ ...

"ဒီနေရာမှာ မိုးအိမ်လာထားတယ်ဆိုတော့ ဝမ်းကြီးကို အကူအညီ တောင်းတဲ့ သဘောပေါ့"

ကျန်းချစ်ချစ်က သူ့အား မော့ကြည့်လိုက်ပြီး ...

"ကျွန်မ ... ကျွန်မ"

ကောင်းမော်က မသိမသာ ခေါင်းခါယမ်းလိုက်ကာ ...

"ဝမ်းကြီးက တကယ်ကူညီနိုင်မယ်လို့ ညီမ ထင်သလား"

ကျန်းချစ်ချစ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ပင့်ကူရဲ့အန္တရာယ်ကို သူ အကာအကွယ်ပေးနိုင်လိမ့်မယ်လို့ ကျွန်မ ယူဆတယ်"



သူမ၏စကားကြောင့် ကောင်းမော်မှာ ဝမ်းနည်းသွားဟန်ဖြင့် မျက်နှာမသိမသာ ဖြစ်သွားလေသည်။

"ညီမဟာ လူစိမ်းတစ်ယောက်ကို ယုံကြည်မှုရှိပြီး ကျုပ်ကိုတော့ အယုံအကြည်မရှိတာ ဝမ်းနည်းစရာပဲ"

"အို ... ဒီလိုလဲ မဟုတ်ပါဘူးရှင်"

ကျန်းချစ်ချစ်က ကပျာကယာ ပြန်ပြောလိုက်သည်။

ကောင်းမော်က သက်ပြင်းချလိုက်ပြီး ...

"ညီမကို အပြစ်မပြောလိုပါဘူး၊ ဒါပေမယ့် ကျုပ်ဟာ ညီမအတွက် အသက်ကိုတောင် စွန့်ဝံ့တဲ့သူဆိုတာတော့ ယုံကြည်စေချင်တယ်"

"ကျွန် ... ကျွန်မ ယုံပါတယ်ရှင်"

ကျန်းချစ်ချစ်မှာ စိတ်လှုပ်ရှားလာသည့်အလား ကောင်းမော်၏ရင်ခွင်ထဲသို့ ပိုမိုတင်းကြပ်စွာ တိုးဝင်လိုက်လေသည်။ ကောင်းမော်မှာလည်း ပြန်လည်၍ အသာအယာ သိုင်းဖက်ထားလိုက်၏။

သူတို့နှစ်ယောက်သည် အတန်ကြာသည်အထိ ငြိမ်သက်နေကြလေသည်။ တစ်ခဏမျှ ကြာသွားတော့မှ ကောင်းမော်က ...

"တို့ သွားကြပါစို့ကွယ်"

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် လက်ချင်းတွဲကာ ဝါးရုံကလေးရှေ့မှ ထွက်ခွာလာခဲ့ကြ၏။

ကောင်းမော်မှာ မိုးအိမ်ကို ငြိမ်းသတ်ခြင်းမပြုခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပြုလုပ်ခြင်းဖြင့် ဝမ်းကြီးအား အကူအညီတောင်းသည်ကို ခွင့်ပြုသည့်သဘော ဖြစ်နေသည်။

အမှန်မှာ ကောင်းမော်က ကျန်းချစ်ချစ်အပေါ် အမွှာစစ်ဖြင့် ချစ်မြတ်နိုးကြောင်း သက်သေပြလိုက်ခြင်းပင် ဖြစ်သည်။

မီးအိမ်မှာ လင်းနေ၏။

ကျန်းချစ်ချစ်က ဝမ်းကြီးအား အကူအညီတောင်းလိုက်ပြီး ဖြစ်လေသည်။ ဝမ်းကြီးက သူ၏စကားအတိုင်း ကျန်းချစ်ချစ်အား ..င်ကူ၏လက်တွင်းမှ ကယ်တင်နိုင်ပါမည်လော။

＊○＊

(၂)

တစ်နေ့တာအချိန်ကုန်ဆုံးသွားလျှင် တစ်ညတာအချိန် ရောက်ရှိလာမည် ဖြစ်သည်။ တစ်ညတာအချိန် ကုန်ဆုံးသွားလျှင် တစ်နေ့တာအချိန်သို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်လေသည်။ ဤသည်မှာ လောက၏ ဓမ္မတာတရားပင်ဖြစ်သည်။

တစ်ညတာအချိန် ကုန်ဆုံးသွားပြီးနောက် ...

အရှေ့ဘက်မှ နေဝန်းနီမှာ ထွက်ပေါ်လာပြီဖြစ်သည်။

တစ်ညတာအချိန်အား အေးချမ်းစွာ ဖြတ်ကျော်လာနိုင်ခဲ့ပြီ ဖြစ်လေသည်။ မိုးလင်းလာသည်နှင့် ကျန်းချစ်ချစ်က အားဆေးများ ကျိုချက်ကာ တစ်ခွက်ယူ၍ ကျန်းစုရယ်ထံသို့ ထွက်ခွာလာခဲ့၏။



ကျန်းစုရယ်မှာ အိပ်ရာထက်တွင် လဲလျောင်းနေခဲ့ရသည်မှာ ရှစ်နှစ်ရှိပြီ ဖြစ်ပါသည်။

သူမသည် အသက်လေးဆယ်ကျော်ရှိသော်လည်း ဝေဒနာခံစားနေရသဖြင့် အဘွားအိုတစ်ယောက်ပမာ ရှိနေ၏။

သို့သော် တစ်ချိန်တုန်းက လှပချောမောသော မိန်းမသား တစ်ယောက် ဖြစ်ခဲ့သည်ကိုမူ ငြင်းဆန်၍ မရနိုင်ပေ။

ကျန်းချစ်ချစ်သည် ကျန်းစုရယ်အနီးသို့လျှောက်သွားပြီး အသာအယာ ပွေ့ထူကာ ...

"ဒေါ်ဒေါ် သက်သာရဲ့လား"

ကျန်းစုရယ်က ခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်လေသည်။

သူမ၏မျက်ဝန်းအိမ်တွင်မူ မျက်ရည်များ ရစ်ဝိုင်းနေလေသည်။

ကျန်းချစ်ချစ်က မကြည့်ရက်နိုင်တော့သည့်အလား မျက်နှာလွှဲထား၏။

ထိုစဉ် အခန်းတွင်းသို့ အဘွားအိုတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရသည်။ ယင်းအဘွားအိုမှာ ကျန်းမိသားစု၏ အထိန်းတော်ကြီး ဖြစ်သည်။

အထိန်းတော်ကြီးသည် ကျန်းချစ်ချစ်အနီးသို့ လျှောက်လာပြီး ...

"သခင်မကလေး ..."

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချစ်ချစ်က မျက်မှောင်ကုပ်သွားပြီး ...

"ဘာပြောစရာရှိလို့လဲ ဘွားဘွားဝမ်း"

အထိန်းတော်ကြီး၏အမည်မှာ ဘွားဘွားဝမ်း ဖြစ်သည်။

ဘွားဘွားဝမ်းက လက်ထဲတွင် အသင့်ကိုင်လာသော စာတစ်စောင်အား လှမ်းပေးလိုက်ပြီး ...

"ကလေးတစ်ယောက်က သခင်မလေးကို လာပေးသွားပါတယ်"

ကျန်းချစ်ချစ်မှာ အံ့ဩသွားသည်။ စာကိုလှမ်းယူရင်း ...

"ဘယ်က ကလေးလဲ"

"မသိပါဘူး"

"အခု သူဘယ်ရောက်သွားပြီလဲ"

"စာပေးပြီးတာနဲ့ ပြန်ထွက်သွားပါတယ်"

ကျန်းချစ်ချစ်သည် ချက်ချင်းပင် စာကို ဖောက်ဖတ်ကြည့်လိုက်သည်။

စာဖတ်ပြီးသည်နှင့် ကျန်းချစ်ချစ်၏မျက်နှာမှာ ထူးခြားစွာပြောင်းလဲသွားကြောင်း ဘွားဘွားဝမ်းက အကဲခတ်လိုက်မိလေသည်။

ကျန်းချစ်ချစ်က ဘွားဘွားဝမ်းအား စိုက်ကြည့်လိုက်ပြီး ...

"ဘွားဘွားဝမ်း ဒေါ်ဒေါ်ကို ဂရုစိုက်ထားလိုက်ပါ"

ကျန်းချစ်ချစ်သည် ပြောပြီးသည်နှင့် ခြေလှမ်းသုတ်သုတ်ဖြင့် အခန်းတွင်းမှ ထွက်သွားလေသည်။



ဘွားဘွားဝမ်းမှာ ကြောင်အမ်းအမ်းဖြင့် ကျန်းချစ်ချစ်အား လှမ်းကြည့်ရင်း ကျန်ရစ်ခဲ့သည်။

သို့သော် ကျန်းချစ်ချစ် မှာကြားခဲ့သည့်အတိုင်း ဂရုဝံနိုက် ပြုစုစောင့်ရှောက်ရန် ကျန်းစုရယ်အနီးသို့ ချည်းကပ်သွားလေတော့သည်။

✱ ⭘ ✱

(၃)

ကျန်းချစ်ချစ်မှာ အခန်းတွင်းမှ ထွက်လာခဲ့ပြီးဖြစ်သည်။

တစ်ဖန် ...

အိမ်အနောက်ဘက်သို့ လျှောက်သွားပြီး အနောက်ဘက်ခြံဝင်းမလွယ်ပေါက်မှတစ်ဆင့် ခြံဝင်းအပြင်ဘက်သို့ လှမ်းထွက်လိုက်လေ၏။

အပြင်ဘက်သို့ရောက်သွားသောအခါ နောက်ဖေးလမ်းကြားတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

ကျန်းချစ်ချစ်သည် နောက်ဖေးလမ်းကြားအတိုင်း ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားရာ မကြာမီ လမ်းမကြီးတစ်ခုပေါ်သို့ ရောက်ရှိသွားလေတော့၏။

ယင်းလမ်းမကြီးမှာ လူအများဖြင့် စည်ကားနေသော လမ်းမကြီးဖြစ်သည်။ ကျန်းချစ်ချစ်သည် လမ်းမကြီးပေါ်သို့ရောက်ရှိသွား

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် အသင့်တွေ့လိုက်ရသော ဝေါစင်တစ်ခုအား ဗုံးရမ်းလိုက်လေသည်။

ထို့နောက် တီးတိုးအမိန့်ပေးလိုက်သောအခါ ဝေါစင်ထမ်းသူများသည် ကျွန်းချစ်ချစ်အား တင်ဆောင်၍ လျင်မြန်စွာ ထွက်ခွာသွားကြတော့သည်။

ဝေါစင် ထွက်ခွာသွားပြီး မရှေးမနှောင်းမှာပင် နောက်ဖေးလမ်းကြားအတွင်းမှ လူတစ်ယောက် ထွက်လာ၏။

ထိုသူမှာ ကောင်းမော်ပင် ဖြစ်လေသည်။

ကောင်းမော်က ကျေနပ်စွာပြုံးလိုက်ပြီး ဝေါစင်နှင့် မလှမ်းမကမ်းမှ အနည်းငယ်ခွာ၍ ပြေးလွှားလိုက်ပါသွားလေတော့သည်။

ပထမပိုင်းပြီး၏

မိုးကျော်သူ

www.burmeseclassic.com